# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

၁၃၈၅ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၆ ရက် ၂၀၂၃ ခုနှစ်၊ နိုဝင်ဘာ ၄ ရက်၊ စနေနေ့ အတွဲ (၆၃)၊ အမှတ်(၀၃၅)


**ဘုရားဂုဏ်ကို အာရုံပြု၍ ကောင်းစွာနိုးကြား**

နေ့ရောညဥ့်ပါ အမြဲမပြတ် ဘုရားဂုဏ်ကို အာရုံပြု၍ ဖြစ်သော သတိရှိသူ ဂေါတမမြတ်စွာဘုရား၏ တပည့်တို့သည် အခါ ခပ်သိမ်းကောင်းစွာ နိုးကြားသောအားဖြင့် နိုးကြား ရကုန်၏။

ပကိဏ္ဏကဝဂ် (ဓမ္မပဒ - ၂၉၆)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များ အတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း၊ ရေ၊ လေ) မိသားစုများ၏ တေရသမအကြိမ်၊ (၁၃)ကြိမ်မြောက် မဟာဘုံကထိန် အလှူတော်မင်္ဂလာ အခမ်းအနားကျင်းပ

**နေပြည်တော် နိုဝင်ဘာ ၃**

ကာကွယ်ရေး ဦးစီးချုပ်ရုံး (ကြည်း၊ ရေ၊ လေ)မိသားစုများ၏ တေရသမအကြိမ်၊ (၁၃) ကြိမ်မြောက် မဟာဘုံကထိန်အလှူတော် မင်္ဂလာအခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) အနော်ရထာခန်းမ၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့ တက်ရောက်၍ ကထိန်လျာသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့ ဘုန်းတော်ကြီးကျောင်းအသီးသီးသို့ လှူဒါန်းရန် ခင်းကျင်းပြင်ဆင်ထားသည့် လှူဖွယ်ပစ္စည်းများနှင့် ပဒေသာပင်များအား လှည့်လည်ကြည့်ရှုကြစဉ်။

အဆိုပါ အခမ်းအနားသို့ ဥပ္ပါတသန္တိစေတီတော်ဂေါပကအဖွဲ့ ဩဝါဒါစရိယဆရာတော် နေပြည်တော် လယ်ဝေးမြို့ ပေါက်မြိုင်ကျောင်းတိုက် ပဓာနနာယက အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တဇနိန္ဒ၊ ပျဉ်းမနားမြို့ ပါဠိတက္ကသိုလ် မင်္ဂလာဇေယျုံ ကျောင်းတိုက် ပဓာနနာယက၊ အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဓဇ ဘဒ္ဒန္တဝိမလဗုဒ္ဓိ ဆရာတော်ကြီးများ အမှူးပြုသည့် ပင့်ဖိတ်ထားသော ဒေသခံဆရာတော်ကြီး


*စာမျက်နှာ ၃ ကော်လံ ၁ ✻*



**ယနေ့** *ဖတ် စ ရာ*

မြန်မာ - ကိုရီးယား ခေတ်ပေါ်တေးဂီတဖျော်ဖြေပွဲ ကျင်းပ — ပြည်တွင်းသတင်း စာ ၉

မာလီ၌ ငြိမ်းချမ်းရေး ထိန်းသိမ်းရေး ကုလတပ်ဖွဲ့ဝင် ၆၀၀၀ ကို ရုပ်သိမ်းခဲ့ — နိုင်ငံတကာသတင်း စာ ၁၃

အင်ဒိုနီးရှားနိုင်ငံ၏ ဆင်းရဲနွမ်းပါးမှု လျှော့ချရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ချက်များအား လေ့လာခြင်း — ဆောင်းပါး စာ ၁၆

## မူးယစ်ဆေးဝါး တားဆီးတိုက်ဖျက်ရေးတွင် လျှို့ဝှက်သတင်းပေးပို့ခြင်းဖြင့်လည်းပါဝင်

မလေးရှားနိုင်ငံသို့ ပို့ဆောင်မည့် အိုက်စ်မူးယစ်ဆေးဝါး ၂၆၀၀ ကီလိုဂရမ်၊ ကာလတန်ဖိုးငွေကျပ် ၁၀၄ ဘီလီယံခန့်ကို ကော့သောင်းမြို့၏ အနောက်တောင်ဘက် ရေမိုင် ၁၅၇ မိုင်ခန့် အကွာ၌ မြန်မာ့တပ်မတော် (ရေ) က အောက်တိုဘာ ၃၀ ရက်တွင် ဖမ်းဆီးရမိခဲ့သည်။ နိုင်ငံဖြတ်ကျော် မူးယစ်ဂိုဏ်းများက မူးယစ်ဆေးဝါးများကို ပင်လယ်ရေကြောင်း အသုံးပြုသယ်ဆောင်မည်ဖြစ်ကြောင်း ကြိုတင်သတင်းများအရ ပိတ်ဆို့ရှာဖွေ စစ်ဆေးခဲ့ရာမှ ယင်းကဲ့သို့ ပမာဏများပြားစွာ ဖမ်းဆီးရမိခဲ့ခြင်းဖြစ်သည်။

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းမှုများကို အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိရာတွင် ၎င်းတို့ ပုံမှန်သယ်ဆောင်ရာ ကုန်းမြေ နယ်နိမိတ်များနှင့် လမ်းကြောင်းများတစ်လျှောက် ရှာဖွေစစ်ဆေးမှုများ တိုးမြှင့်ပြုလုပ်ခြင်း၊ အိမ်နီးချင်းနိုင်ငံများနှင့် ပူးပေါင်း၍ စစ်ဆင်ရေးများကို တစ်ချိန်တည်း၊ တစ်ပြိုင်တည်းတွင် ဆောင်ရွက်လျက်ရှိခြင်းကဲ့သို့သော အကြောင်းများကြောင့် မူးယစ်ဆေးဝါး သယ်ဆောင်သူများက ရေလမ်းကြောင်းမှ ပြောင်းလဲသယ်ဆောင်မှုများ ပြုလုပ်လာကြခြင်းလည်းဖြစ်သည်။ ပင်လယ်ရေကြောင်းမှ မူးယစ်ဆေးဝါး သယ်ဆောင်ရာတွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး အဖွဲ့အစည်းများအတွက် ကန့်သတ်ချက်များစွာရှိနေပြီး မူးယစ်ဆေးဝါးပမာဏ မြောက်မြားစွာကို သယ်ဆောင်နိုင်ခြင်း၊ နိုင်ငံတကာ ရေပိုင်နက်ကို အသုံးချပြီး နိုင်ငံဖြတ်ကျော် သယ်ဆောင်မှုများ လွယ်ကူစွာ ဆောင်ရွက်နိုင်ခြင်း စသည့် အားသာချက်များရှိနေသည်။ ကုန်းမြေနယ်နိမိတ်ကို ကျော်လွန်၍ ပင်လယ်ပြင်သို့ ရောက်ရှိလာသည့် မူးယစ်ဆေးဝါးများကို ဖမ်းဆီးနိုင်ရန်မှာ တပ်မတော် (ရေ) နှင့် ကမ်းရိုးတန်းစောင့်တပ်ဖွဲ့တို့ကသာ စွမ်းဆောင်နိုင်မည့် ကိစ္စမျိုးဖြစ်သည်။

မိမိတို့နိုင်ငံသည် မူးယစ်ဆေးဝါးတိုက်ဖျက်ရေးကို အမျိုးသားရေးတာဝန်အဖြစ်ခံယူပြီး အစိုးရအဆက်ဆက် ဆောင်ရွက်ကြိုးပမ်းနေခြင်းဖြစ်သည်။ ယခုအခါရှေ့တန်းသို့ ရောက်ရှိလာသော မူးယစ်ဆေးဝါးများမှာ ဓာတုပစ္စည်းများကို အခြေခံ၍ နိုင်ငံ၏ အစွန်အဖျား၊ တရားဥပဒေစိုးမိုးရေးနှင့် အလှမ်းဝေးသော နေရာများတွင် ထုတ်လုပ်နေကြခြင်းဖြစ်သည်။ အဆိုပါ မူးယစ်ဆေးဝါး ထုတ်လုပ်သယ်ဆောင်ရောင်းဝယ်မှုလုပ်ငန်းများတွင် နိုင်ငံဖြတ်ကျော် ရာဇဝတ်ဂိုဏ်းများ၊ နိုင်ငံရပ်ခြားမှ ဓာတုဗေဒကျွမ်းကျင်သူများ၊ လက်နက်ကိုင် အဖွဲ့အစည်းများ ပါဝင်ပတ်သက်နေကြပြီး အကျိုးအမြတ်လွန်စွာကြီးမားကြောင်း သိရသည်။ မူးယစ်ဆေးဝါး ထုတ်လုပ်မှု၏ အဓိကဓာတုပစ္စည်းများကို အိမ်နီးချင်းနိုင်ငံတို့မှ တင်သွင်းကြခြင်းဖြစ်ရာ ၎င်းတို့ကို ထိရောက်စွာ ထိန်းချုပ်နိုင်ရန်လည်း လိုအပ်လျက်ရှိသည်။

ဥပမာအားဖြင့် ဆိုဒီယမ်ဆိုင်ယာနိုက်ကဲ့သို့သော ဓာတုပစ္စည်းသည် သတ္တုများ အရောင်တင်ရာတွင် အသုံးပြုသည့် ပစ္စည်းဖြစ်သကဲ့သို့ မူးယစ်ဆေးပြားများ ထုတ်လုပ်ရာတွင်လည်း အသုံးပြုနိုင်သည်။ အိမ်နီးချင်းနိုင်ငံမှ လုပ်ငန်းရှင်များက ဆိုဒီယမ်ဆိုင်ယာနိုက်ကို အခြားနိုင်ငံမှ တင်သွင်းပြီး ယင်းအနက်မှ အများစုကို မြန်မာနိုင်ငံဘက်သို့ ပို့ဆောင်ရောင်းချခြင်းဖြစ်သည်။ ပြည်တွင်းသို့ တရားမဝင် ဝင်ရောက်လျက်ရှိသော ပရီကာဆာ ဓာတုပစ္စည်းများကို ထိန်းချုပ်နိုင်ရေးအတွက် အထူးစစ်ဆင်ရေး ဆောင်ရွက်ရာတွင်လည်း ဓာတုပစ္စည်း အမြောက်အမြားကို ဖမ်းဆီးရမိခဲ့သည်။ ဓာတုပစ္စည်းများသည် စက်မှုလုပ်ငန်းအတွက် လိုအပ်ချက်မှတစ်ပါး မူးယစ်ဆေးဝါးထုတ်လုပ်မှုဆီသို့ ရောက်ရှိမသွားစေရန် တားဆီးကာကွယ်မှုတွင် ပြည်သူလူထုကလည်း ပါဝင်ကြရန် လိုအပ်သည်။

မူးယစ်ဆေးဝါးသည် လူသားတစ်ရပ်လုံးအတွက် ရန်သူဖြစ်သကဲ့သို့ မိမိတို့နိုင်ငံအဖို့လည်း တစ်မျိုးသားလုံးက တားဆီး တိုက်ဖျက်ကြရမည့်အရာဖြစ်သည်။ မူးယစ်ဆေးဝါး သယ်ဆောင် ရောင်းဝယ်မှုများနှင့် စပ်လျဉ်း၍ သတင်းရရှိပါက သက်ဆိုင်ရာသို့ လျှို့ဝှက်သတင်းပေး တိုင်ကြားခြင်းအားဖြင့် အမျိုးသားရေး အန္တရာယ်ကို ကာကွယ်ရာရောက်သည့် အပြင် လျှို့ဝှက်၍ ချီးမြှင့်ပေးအပ်မည့် ဆုငွေများကိုလည်း ထိုက်တန်စွာ ရရှိကြမည်ဖြစ်ပါကြောင်း။ ။

## ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ လက်ထောက်နိုင်ငံခြားရေးဝန်ကြီးအား လက်ခံတွေ့ဆုံ

**နေပြည်တော် နိုဝင်ဘာ ၃**

ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည် မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု ပူးတွဲဥက္ကဋ္ဌဖြစ်သည့် တရုတ်ကိုယ်စားလှယ်အဖွဲ့ ခေါင်းဆောင် လက်ထောက် နိုင်ငံခြားရေးဝန်ကြီး Mr. Nong Rong အား ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံခဲ့သည်။ **(ယာပုံ)**



ထိုသို့ တွေ့ဆုံစဉ် မြန်မာ-တရုတ် နှစ်နိုင်ငံအကြား တည်ရှိပြီးဖြစ်သည့် ဆွေမျိုးပေါက်ဖော် ချစ်ကြည်ရင်းနှီးမှုကို အခြေခံ၍ ဘက်စုံ မဟာဗျူဟာမြောက် ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်ရေး၊ မဲခေါင် - လန်ချန်း ပူးပေါင်းဆောင်ရွက်မှုအပါအဝင်ဒေသတွင်း နှင့် နိုင်ငံတကာမျက်နှာစာတွင် ပူးပေါင်းဆောင်ရွက်ရေး ကိစ္စရပ်များအပေါ် ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

**သတင်းစဉ်**

## ပညာရေးဝန်ကြီးဌာန ပထမနှစ် နေ့သင်တန်းဝင်ခွင့်ရစာရင်းများ ထုတ်ပြန်မည်

၂၀၂၃ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်သူများအတွက် ၂၀၂၃ - ၂၀၂၄ ပညာသင်နှစ် ပထမနှစ် နေ့သင်တန်း ဝင်ခွင့်ရသူများစာရင်းကို (၇-၁၁-၂၀၂၃) ရက်နေ့မှစတင်၍ သက်ဆိုင်ရာ တက္ကသိုလ်နှင့် ဒီဂရီကောလိပ်အသီးသီးတွင် ကြေညာထားမည်ဖြစ်ပြီး ပညာရေးဝန်ကြီးဌာန website http://www.moe.gov.mm နှင့် အဆင့်မြင့်ပညာဦးစီးဌာန website http://www.dhe.gov.mm တို့တွင်လည်း ကြေညာထားမည် ဖြစ်ပါသည်။

ပညာရေးဝန်ကြီးဌာန

## မြို့နယ်အခွန်ဦးစီးဌာနမှူး လုပ်ငန်းကျွမ်းကျင်မှုသင်တန်း အမှတ်စဉ် (၈၀) သင်တန်းဆင်းပွဲကျင်းပ

**နေပြည်တော် နိုဝင်ဘာ ၃**

မြို့နယ် အခွန်ဦးစီးဌာနမှူး လုပ်ငန်းကျွမ်းကျင်မှု သင်တန်း အမှတ်စဉ် (၈၀) သင်တန်းဆင်းပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်တွင်း အခွန်များဦးစီးဌာန၌ ကျင်းပသည်။ **(အောက်ပုံ)**

သင်တန်းဆင်းပွဲသို့ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်သန်းသန်းလင်း၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ သင်တန်းနည်းပြများနှင့် အရာထမ်း/အမှုထမ်းများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ဒုတိယဝန်ကြီးက ပြည်တွင်းအခွန်များ ဦးစီးဌာနသည် digital taxation စနစ်သို့ အသွင်ကူးပြောင်းနိုင်ရေးကို ကြိုးပမ်းအကောင်အထည် ဖော်လျက်ရှိကြောင်း၊ ဝန်ထမ်းများ အနေဖြင့် ပြောင်းလဲတိုးတက်လာသည့် နည်းပညာများနှင့်အညီ လိုက်ပါ ဆောင်ရွက်နိုင်ရေး ကြိုးပမ်းကြရန်လိုကြောင်း၊ မိမိတို့ တာဝန်ကျရာ နေရာတွင် နိုင်ငံ့ဝန်ထမ်း ဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်း စည်းကမ်းများနှင့်အညီ လိုက်နာ ဆောင်ရွက်ကြရန်လိုကြောင်း ပြောကြားသည်။



ထို့နောက် ဒုတိယဝန်ကြီးက သင်တန်းတွင် ပထမ၊ ဒုတိယနှင့် တတိယဆုရရှိသည့် သင်တန်းသူများကို ဆုများ ချီးမြှင့်ပြီး သင်တန်းဆင်း အောင်လက်မှတ်များ ပေးအပ်သည်။

အဆိုပါသင်တန်းကို နိုင်ငံတော်အတွက် ရသင့်ရထိုက်သည့် အခွန်ငွေများ လျော့နည်းလွတ်ကင်းမှု မရှိဘဲ ဥပဒေနှင့်အညီ အပြည့်အဝ ကောက်ခံရရှိနိုင်ရေးအတွက် အခွန်ဝန်ထမ်းများ၏ လုပ်ငန်းစွမ်းဆောင်ရည် မြှင့်တင်ပေးရန် ရည်ရွယ်ချက်ဖြင့် ဖွင့်လှစ်ခဲ့ခြင်းဖြစ်ပြီး သင်တန်းသား/သင်တန်းသူ စုစုပေါင်း ၈၁ ဦးကို ရက်သတ္တ ရှစ်ပတ်ကြာ သင်ကြားပို့ချခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## လျှပ်စစ်သုံးမော်တော်ယာဉ်များ ရန်ကုန်ဆိပ်ကမ်းရောက်ရှိ

**နေပြည်တော် နိုဝင်ဘာ ၃**

အမျိုးသားအဆင့် လျှပ်စစ်သုံးယာဉ်နှင့် ဆက်စပ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဦးဆောင်ကော်မတီ၏ ခွင့်ပြုချက်ဖြင့် Amazing Auto Co., Ltd. မှ တင်သွင်းလာသော တရုတ်နိုင်ငံထုတ် Dayun Yuehu (VIP Edition) အမျိုးအစား လျှပ်စစ်သုံးမော်တော်ယာဉ်များ၊ N.P.K Motors Co., Ltd. မှ တင်သွင်းလာသော တရုတ်နိုင်ငံထုတ် MG, MG5 အမျိုးအစား လျှပ်စစ်သုံးမော်တော်ယာဉ်များနှင့် Innogen Myanmar Co., Ltd. မှ တင်သွင်းလာသော တရုတ်နိုင်ငံထုတ် GAC Toyota BZ4X အမျိုးအစား လျှပ်စစ်သုံးမော်တော်ယာဉ်များသည် ရန်ကုန်ဆိပ်ကမ်းသို့ ရောက်ရှိလာသဖြင့် ယနေ့တွင် လုပ်ထုံးလုပ်နည်းနှင့်အညီ ထုတ်ယူခွင့်ပြုခဲ့ကြောင်း သိရသည်။



**သတင်းစဉ်**





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၊ ဇနီး ဒေါ်ကြူကြူလှနှင့် ဧည့်ပရိသတ်များ ပေါက်မြိုင်ကျောင်းတိုက် ပဓာနနာယက ဆရာတော်ကြီးထံမှ ကိုးပါးသီလ ခံယူဆောက်တည်ကြစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ ရေဆင်းကန်ဦးကျောင်းတိုက် ပဓာနနာယက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဝိလာသ ထံ ကထိန်လျာသင်္ကန်း ဆက်ကပ်လှူဒါန်းစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ ပေါက်မြိုင်ကျောင်းတိုက် ပဓာနနာယက ဆရာတော်ကြီးထံ ကထိန်သင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။

*** ရှေ့ဖုံးမှ**

၂၇ ပါး ကြွရောက်ချီးမြှင့်တော်မူကြပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ဇနီးတို့နှင့်အတူ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် ဇနီး ဒေါ်သန်းသန်းနွယ်၊ ကာကွယ်ရေး ဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများနှင့်ဇနီးများ၊ တာဝန်ရှိသူများ တက်ရောက်ကြသည်။

### လှည့်လည်ကြည့်ရှု

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ဇနီးနှင့်ဧည့်ပရိသတ်များသည် ဘုန်းတော်ကြီးကျောင်းအသီးသီးသို့ လှူဒါန်းရန် ခင်းကျင်းပြင်ဆင်ထားသည့် ကထိန်လျာသင်္ကန်း၊ လှူဖွယ်ပစ္စည်းများနှင့် ပဒေသာပင်များအား လှည့်လည်ကြည့်ရှုကြသည်။ ထို့နောက် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ

*စာမျက်နှာ ၄ သို့*



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့ ဘုန်းတော်ကြီးကျောင်းအသီးသီးသို့ လှူဒါန်းရန် ခင်းကျင်းပြင်ဆင်ထားသည့် လှူဖွယ်ပစ္စည်းများနှင့် ပဒေသာပင်များအား လှည့်လည်ကြည့်ရှုကြစဉ်။

*စာမျက်နှာ ၃ မှ*
တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်နှင့် ဇနီးတို့သည် အနော်ရထာခန်းမအတွင်းရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်အား ဖူးမြော်ကြည်ညို၍ မြသပိတ်ဆွမ်းတော်နှင့် ပန်း၊ သောက်တော်ရေချမ်း၊ ဆီမီး၊ သစ်သီးတို့ကို ဆက်ကပ်လှူဒါန်းသည်။

ယင်းနောက် အစီအစဉ်အရ မဟာဘုံကထိန်အလှူတော်မင်္ဂလာအခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့ဖွင့်လှစ်ပြီး ပေါက်မြိုင်ကျောင်းတိုက် ပဓာနနာယကဆရာတော်ကြီးထံမှ ကိုးပါးသီလခံယူဆောက်တည်ကြသည်။

ထို့နောက် ဆရာတော်ကြီးများ ရွတ်ပွားချီးမြှင့်တော်မူသည့် မေတ္တာသုတ် ပရိတ်တရားတော်များကို နာယူကြပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်နှင့် ဇနီးတို့က နေပြည်တော် ဇေယျာသီရိမြို့နယ် ရေဆင်းကန်ဦးကျောင်းတိုက် ပဓာနနာယက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဝိလာသထံ ကထိန်လျာသင်္ကန်းကိုလည်းကောင်း၊ ပေါက်မြိုင်ကျောင်းတိုက် ပဓာနနာယက ဆရာတော်ကြီးထံ ကထိန်သင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများကိုလည်းကောင်း ဆက်ကပ်လှူဒါန်းသည်။

**ဆက်ကပ်လှူဒါန်း**

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)နှင့်ဇနီးတို့က ပါဠိဆရာတော်ကြီးထံ ကထိန်သင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းပြီး တက်ရောက်လာကြသည့် တပ်မတော်အရာရှိကြီးများနှင့် ဇနီးများက ဆရာတော်



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ ဆရာတော် သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့်ဇနီး ဒေါ်သန်းသန်းနွယ် ပါဠိတက္ကသိုလ် မင်္ဂလာဇေယျုံကျောင်းတိုက် ဆရာတော်ကြီးထံ ကထိန်သင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။

သံဃာတော်များထံ ကထိန်သင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် ရေဆင်းကန်ဦးကျောင်းတိုက်မှ ဂဏဝါစက စာချဆရာတော်များ ဖြစ်ကြသည့် အရှင် ဝါယမနှင့် အရှင်ဇဝနတို့က ကထိန်အမေးအဖြေများကို ဆောင်ရွက်တော်မူကြသည်။

ထို့နောက် ပါဠိတက္ကသိုလ် မင်္ဂလာဇေယျုံ ကျောင်းတိုက် ပဓာနနာယက ဆရာတော်ကြီးထံမှ ကထိန်အနုမောဒနာ တရားနာယူကြပြီး အနုမောဒနာတရားနာကြား၍ လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းလောင်း အမျှပေးဝေကြသည်။

**နေ့ဆွမ်းဆက်ကပ်**

ဆက်လက်၍ အခမ်းအနားကို "ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု" သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ ရုပ်သိမ်းပြီး မဟာဘုံကထိန်အလှူတော်မင်္ဂလာအခမ်းအနား အောင်မြင်ခြင်းအထိမ်းအမှတ်အဖြစ် ရတနာ ရွှေမိုး၊ ငွေမိုးများ ရွာသွန်းဖြိုးကြသည်။ အခမ်းအနားအပြီးတွင် ဆရာတော် သံဃာတော်များအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌနှင့်ဇနီး၊ ဧည့်ပရိသတ်များက နေ့ဆွမ်းဆက်ကပ် လှူဒါန်းကြသည်။

ကာကွယ်ရေး ဦးစီးချုပ်ရုံး (ကြည်း၊ ရေ၊ လေ) မိသားစုများ၏ တေရသမအကြိမ်၊ (၁၃) ကြိမ်မြောက် မိသားစု မဟာဘုံကထိန်အလှူတော်အဖြစ် လှူဒါန်းထားသည့် ပဒေသာပင်များအား နိုဝင်ဘာ ၁ ရက်တွင် ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) ဝင်းအတွင်းရှိ အနော်ရထာခန်းမမှ ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးသို့ မော်တော်ယဉ်များဖြင့် လှည့်လည်ခဲ့သည်။

ယနေ့ ကျင်းပပြုလုပ်သော ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း၊ ရေ၊ လေ)မိသားစုများ၏ တေရသမအကြိမ်၊ (၁၃)ကြိမ်မြောက် မိသားစု မဟာဘုံကထိန်အလှူတော်မင်္ဂလာအခမ်းအနားတွင် ရုံး၊ ဌာနအသီးသီးမှ ပဒေသာပင် စုစုပေါင်း ၈၆ ပင်၊ တန်ဖိုးငွေကျပ် ၁၇၄၂ သိန်းကျော် ပါဝင်လှူဒါန်းခဲ့ကြပြီး သက်ဆိုင်ရာ ဘုန်းတော်ကြီးကျောင်းအသီးသီးသို့ ရုံး၊ ဌာနများအလိုက် မော်တော်ယာဉ်များဖြင့် ဆက်လက်ပို့ဆောင်လှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## အရှေ့မြောက်တိုင်းစစ်ဌာနချုပ် နယ်မြေအတွင်း နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးကိစ္စများကို စွမ်းစွမ်းတမံ ဆောင်ရွက်နေသော လုံခြုံရေးတပ်ဖွဲ့ဝင်များအား စေတနာရှင်ပြည်သူများက ထောက်ပံ့ငွေပေးအပ်ပွဲ ကျင်းပ

ပဲခူး နိုဝင်ဘာ ၃

ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး တော်ဝင်ဟံသာ အစည်းအဝေးခန်းမ၌ နိုဝင်ဘာ ၃ ရက် မွန်းလွဲပိုင်းက အရှေ့မြောက်တိုင်းစစ်ဌာနချုပ် နယ်မြေအတွင်း နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးကိစ္စများကို စွမ်းစွမ်းတမံဆောင်ရွက်နေသော လုံခြုံရေးတပ်ဖွဲ့ဝင်များအား စေတနာရှင်ပြည်သူများက ကူညီထောက်ပံ့သည့် အလှူငွေပေးအပ်ပွဲအခမ်းအနား ကျင်းပသည်။

ရှေးဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းက မကြာသေးမီက ပဲခူးမြို့တွင် ဖြစ်ပွားခဲ့သည့် ရေကြီးမှုဖြစ်စဉ်တွင် တပ်မတော်သားများ၊ ရဲတပ်ဖွဲ့ဝင်များက နေ့ညမပြတ် ကူညီကယ်ဆယ်ရေးလုပ်ငန်းများတွင် ရှေ့ဆုံးမှပါဝင်ဆောင်ရွက်ခဲ့သလို ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင်လည်း အင်ပြည့်အားပြည့်ဆောင်ရွက်ပေးခဲ့သည်ကို အားလုံးအသိပင်ဖြစ်ကြောင်း၊ နိုင်ငံတော်ကာကွယ်ရေးလုပ်ငန်းများကို ဆောင်ရွက်နေသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များသည် ဒွိတာဝန်အရေးသုံးပါးကို ဦးထိပ်ပန်ဆင်ပြီး မိမိတို့၏ အသက်ကို ပဓာနမထားဘဲ တာဝန်ထမ်းဆောင်နေ



ကြသူများဖြစ်ပြီး ပြည်သူ့အကျိုးပြုလုပ်ငန်းများတွင်လည်း ရှေ့ဆုံးမှ ပါဝင်ဆောင်ရွက်နေသူများပင်ဖြစ်ကြောင်း၊ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် နယ်မြေအတွင်း နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးကိစ္စများကို စွမ်းစွမ်းတမံဆောင်ရွက်နေသော လုံခြုံရေးတပ်ဖွဲ့ဝင်များကို ဂုဏ်ပြုသည့်အနေဖြင့် ဒေသခံပြည်သူများက အပြန်အလှန်ကျေးဇူးတရားနားလည်ပြီး ထောက်ပံ့ငွေများ လာရောက်ပေးအပ်မှုအပေါ် အထူးဝမ်းမြောက်ဝမ်းသာ ကျေးဇူးတင်ရှိပါကြောင်း ပြောကြားသည်။

ထို့နောက် ဌာနဆိုင်ရာများ၏ ထောက်ပံ့ငွေများအား တိုင်းဒေသကြီး ဝန်ကြီးချုပ်ကလည်းကောင်း၊ စေတနာရှင်ပြည်သူများ၏ ထောက်ပံ့ငွေများအား တိုင်းဒေသကြီး လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးကလည်းကောင်း လက်ခံရယူခဲ့ကြောင်း သိရသည်။ ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့က ဦးဆောင်၍ ဌာနဆိုင်ရာများ၊ စေတနာရှင်ပြည်သူများ စုပေါင်း၍ အရှေ့မြောက် တိုင်းစစ်ဌာနချုပ်နယ်မြေအတွင်း နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးကိစ္စများကို စွမ်းစွမ်းတမံဆောင်ရွက်နေသော လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် ထောက်ပံ့ငွေကျပ် ၂၇၆၂ သိန်း ထောက်ပံ့ပေးအပ်နိုင်ခဲ့ကြောင်း သိရသည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းသည် ၂၀၂၃ – ၂၀၂၄ ပညာသင်နှစ် ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်ပညာရေးဘွဲ့ (B.Ed) ငါးနှစ်သင်တန်း အမှတ်စဉ် (၁၁) နှင့် တိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ်(ရန်ကုန်) တက်ရောက်မည့် သင်တန်းသား သင်တန်းသူများနှင့် တွေ့ဆုံဩဝါဒစကား ပြောကြားပြီး ထောက်ပံ့ငွေများ ပေးအပ်သည်။ ယင်းနောက် သင်တန်းသား သင်တန်းသူများကိုယ်စား သင်တန်းသူတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့သည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ ၂၀၂၃ ခုနှစ် ပြည်နယ်နှင့် တိုင်းဒေသကြီး ဘော်လီဘောပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနား တက်ရောက်ကြည့်ရှုအားပေး



**နေပြည်တော် နိုဝင်ဘာ ၃**

၂၀၂၃ ခုနှစ် ပြည်နယ်နှင့် တိုင်းဒေသကြီး(အမျိုးသား/အမျိုးသမီး) ဘော်လီဘောပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိ အားကစားရုံ (C) ၌ ကျင်းပသည်။

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ဒေါ်ခွဲဘူ၊ ပိုးရယ်အောင်သိန်း၊ မန်းငြိမ်းမောင်၊ ဒေါက်တာ မှုထန်၊ ခွန်စံလွင်၊ ဦးရွှေကြိမ်း၊ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးများ၊ နေပြည်တော်ကောင်စီ အဖွဲ့ဝင်၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ဘော်လီဘောအဖွဲ့ချုပ်မှ တာဝန်ရှိသူများ၊ ပြိုင်ပွဲဝင်အသင်းများမှ အုပ်ချုပ်သူ/နည်းပြများ၊ အားကစားသမားများ၊ ဝန်ထမ်းမိသားစုများနှင့် အားကစားဝါသနာရှင်ပြည်သူများ တက်ရောက် ကြည့်ရှုအားပေးကြသည်။

ဦးစွာ ပြည်နယ်နှင့် တိုင်းဒေသကြီး ဘော်လီဘောပြိုင်ပွဲ (အမျိုးသမီး) ဗိုလ်လုပွဲ ပွဲစဉ်အဖြစ် မန္တလေးတိုင်းဒေသကြီး အသင်းနှင့် ကချင်ပြည်နယ်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ မန္တလေးတိုင်းဒေသကြီးအသင်းက ကချင်ပြည်နယ်အသင်းကို သုံးပွဲပြတ်ဖြင့် လည်းကောင်း၊ (အမျိုးသား) ဗိုလ်လုပွဲပွဲစဉ်အဖြစ် ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းနှင့် ရှမ်းပြည်နယ်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ရှမ်းပြည်နယ်အသင်းက ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းကို သုံးပွဲ-တစ်ပွဲဖြင့် လည်းကောင်း အနိုင်ရရှိကြသည်။

ထို့နောက် ဆုချီးမြှင့်ခြင်း အခမ်းအနားကို ဆက်လက် ကျင်းပရာ ဒုတိယဝန်ကြီး ဒေါ်သန်းသန်းလင်းနှင့် ဦးမျိုးလှိုင်၊ နေပြည်တော်ကောင်စီ အဖွဲ့ဝင် ဦးမြင့်စိုးတို့က ပြည်နယ်နှင့် တိုင်းဒေသကြီး ဘော်လီဘော (အမျိုးသမီး)ပြိုင်ပွဲတွင် အကောင်းဆုံးစပေးဘောဆု၊ အကောင်းဆုံး ပင့်ထောင်ဆု၊ အကောင်းဆုံး ရိုက်ခုတ်ဆု၊ အကောင်းဆုံး ပိတ်ဆို့ဆု၊ အကောင်းဆုံးခုခံ ဆယ်မဆု၊ အကောင်းဆုံးဘော်လီဘော အားကစားသမားဆု ရရှိကြသူများကို ဂုဏ်ပြုဆုတံဆိပ်များနှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ကြသည်။

**ပေးအပ်ချီးမြှင့်**

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်း၏၊ ဒုတိယဝန်ကြီး ဦးအောင်ကျော်ထွန်းနှင့် ဦးမောင်မောင်ဝင်းတို့က ပြည်နယ်နှင့် တိုင်းဒေသကြီး ဘော်လီဘော (အမျိုးသား) ပြိုင်ပွဲတွင် အကောင်းဆုံး စပေးဘောဆု၊ အကောင်းဆုံး ပင့်ထောင်ဆု၊ အကောင်းဆုံး ရိုက်ခုတ်ဆု၊ အကောင်းဆုံးပိတ်ဆို့ဆု၊ အကောင်းဆုံး ခုခံဆယ်မဆု၊ အကောင်းဆုံး ဘော်လီဘော အားကစားသမားဆု ရရှိကြသူများကို ဂုဏ်ပြုဆုတံဆိပ်များနှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်းနှင့် ဒေါက်တာ ချာလီသန်းတို့က ပြည်နယ်နှင့် တိုင်းဒေသကြီး ဘော်လီဘော (အမျိုးသမီး)ပြိုင်ပွဲတွင် ပူးတွဲတတိယဆု ရရှိကြသည့် ရန်ကုန်တိုင်းဒေသကြီး အသင်းနှင့် ရှမ်းပြည်နယ်အသင်းတို့ကို တစ်ဦးချင်းဆုတံဆိပ်နှင့် ဂုဏ်ပြုဆုငွေတို့ကို လည်းကောင်း၊ နိုင်ငံတော် စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင် ဦးရွှေကြိမ်းက ဒုတိယဆုရရှိသည့် ကချင်ပြည်နယ်အသင်းကို တစ်ဦးချင်း ဆုတံဆိပ်နှင့် ဂုဏ်ပြုဆုငွေတို့ကို လည်းကောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ဒေါ်ခွဲဘူ (**အပေါ်ပုံ**) နှင့် ဒေါက်တာ မှုထန်တို့က ပထမဆုရရှိသည့် မန္တလေးတိုင်းဒေသကြီးအသင်းကို တစ်ဦးချင်း ဆုတံဆိပ်၊ ဂုဏ်ပြုဆုငွေနှင့် တံခွန်စိုက်ဆုဖလား တို့ကိုလည်းကောင်း ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်နှင့် နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ ဦးသန်းထွန်းဦးတို့က ပြည်နယ်နှင့် တိုင်းဒေသကြီး ဘော်လီဘော (အမျိုးသား)ပြိုင်ပွဲတွင် ပူးတွဲတတိယဆုရရှိကြသည့် မန္တလေး တိုင်းဒေသကြီးအသင်းနှင့် ကရင်ပြည်နယ်အသင်းကို တစ်ဦးချင်း ဆုတံဆိပ်နှင့် ဂုဏ်ပြုဆုငွေတို့ကို လည်းကောင်း၊ နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ခွန်စံလွင်က ဒုတိယဆုရရှိသည့် ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းကို တစ်ဦးချင်းဆုတံဆိပ်နှင့် ဂုဏ်ပြုဆုငွေတို့ကိုလည်းကောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပိုးရယ်အောင်သိန်းနှင့် မန်းငြိမ်းမောင်တို့က ပထမဆုရရှိသည့် ရှမ်းပြည်နယ်အသင်းကို တစ်ဦးချင်းဆုတံဆိပ်၊ ဂုဏ်ပြုဆုငွေနှင့် တံခွန်စိုက်ဆုဖလားတို့ကို လည်းကောင်း ပေးအပ်ချီးမြှင့်ကြသည်။

**ပါဝင်ယှဉ်ပြိုင်**

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ခွန်စံလွင်နှင့် ဦးရွှေကြိမ်းတို့က ပြည်နယ်နှင့် တိုင်းဒေသကြီး ဘော်လီဘော (အမျိုးသား) ပြိုင်ပွဲတွင် ပထမဆုရရှိသည့် ရှမ်းပြည်နယ်အသင်းကို ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ကြသည်။

၂၀၂၃ ခုနှစ် ပြည်နယ်နှင့်တိုင်းဒေသကြီး ဘော်လီဘောပြိုင်ပွဲကို ဘော်လီဘော အားကစားအဆင့်အတန်း ပိုမိုတိုးတက်မြင့်မားလာစေရေး၊ အားကစားသမားအချင်းချင်း ချစ်ကြည်ရင်းနှီးမှု ခိုင်မာလာစေရေး၊ မျိုးဆက်သစ် အားကစားသမားများ ပေါ်ထွက်လာစေရေးနှင့် ဘော်လီဘော အားကစားနည်းကို နိုင်ငံအနှံ့ ကျယ်ကျယ်ပြန့်ပြန့် လှုပ်ရှားကစားကြစေရေးတို့အတွက် ရည်ရွယ်၍ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန၊ အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံ ဘော်လီဘောအဖွဲ့ချုပ်တို့ ပူးပေါင်းကာ အောက်တိုဘာ ၂၅ ရက်မှ နိုဝင်ဘာ ၃ ရက်အထိ ဝဏ္ဏသိဒ္ဓိအားကစားရုံ (C)၌ ကျင်းပခဲ့ခြင်းဖြစ်ပြီး ပြည်နယ်နှင့် တိုင်းဒေသကြီးများမှ ပြိုင်ပွဲဝင် အမျိုးသားအသင်း ၁၅ သင်းနှင့် အမျိုးသမီးအသင်း ၁၃ သင်းတို့မှ အားကစားသမား စုစုပေါင်း ၄၁၈ ဦး ပါဝင်ယှဉ်ပြိုင်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

## မြောင်းမြမြို့တွင် မြို့နယ်ပညာရေးမှူးဖလား ကျောင်းပေါင်းစုံ ပိုက်ကျော်ခြင်းနှင့် ဘော်လီဘောအားကစားပြိုင်ပွဲများ ကျင်းပ



**မြောင်းမြ နိုဝင်ဘာ ၃**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြမြို့တွင် မြို့နယ်ပညာရေးမှူးဖလား ကျောင်းပေါင်းစုံ ပိုက်ကျော်ခြင်းနှင့် ဘော်လီဘောအားကစားပြိုင်ပွဲများကို မြောင်းမြမြို့ အ.ထ.က(၁)ကျောင်း ပညာရတနာခန်းမ၌ ယနေ့နံနက် ၈ နာရီက စတင်ဖွင့်လှစ် ကျင်းပသည်။

အဆိုပါ အားကစားပြိုင်ပွဲဖွင့်ပွဲကို မြောင်းမြမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များ တက်ရောက်ကြပြီး မြောင်းမြမြို့နယ် တာဝန်ခံ ပညာရေးမှူး ဆရာကြီး ဦးဇာနည်ထွန်းက အမှာစကားပြောကြားသည်။ ထို့နောက် ပိုက်ကျော်ခြင်းအားကစားပြိုင်ပွဲ ပွဲစဉ် (၁)အဖြစ် အ.ထ.က (၂) ကျောင်းနှင့် အ.ထ.က (ခွဲ) မဲကျော်ကျောင်းတို့ ဆက်လက်ယှဉ်ပြိုင်ကြရာ အ.ထ.က (ခွဲ) မဲကျော်ကျောင်းက အနိုင်ရရှိခဲ့ကြောင်း သိရသည်။

အဆိုပါ ပိုက်ကျော်ခြင်းပြိုင်ပွဲတွင် မြောင်းမြမြို့နယ်အတွင်းရှိ ကျောင်းပေါင်း ၁၂ ကျောင်းမှ အားကစားသမား စုစုပေါင်း ၆၀ ဝင်ရောက်ယှဉ်ပြိုင်ကြပြီး နိုဝင်ဘာ ၃ ရက်မှ နိုဝင်ဘာ ၄ ရက်အထိ ယှဉ်ပြိုင်ကစားသွားမည် ဖြစ်သည်။ ထို့အပြင် အမျိုးသား ဘော်လီဘောပြိုင်ပွဲကို ကျောင်းပေါင်း ခုနစ် ကျောင်းမှ အားကစားသမား စုစုပေါင်း ၅၆ ဦးနှင့် အမျိုးသမီး ဘော်လီဘောပြိုင်ပွဲ လူရွေးပွဲအတွက် စုစုပေါင်း ၁၅ ဦး တို့သည် မြောင်းမြမြို့ အ.ထ.က (၆) ကျောင်း၌ နိုဝင်ဘာ ၅ ရက်မှ နိုင်ဝင်ဘာ ၆ ရက်အထိ ယှဉ်ကစားသွားကြမည်ဖြစ်ကြောင်း သိရသည်။

**ဇေယျာ(ပြန်/ဆက်)**

## ပုဗ္ဗသီရိမြို့နယ်တွင် အသက် ၁၈ နှစ်အောက် မြို့နယ်အဆင့် ကျောင်းပေါင်းစုံ ကျောင်းသားအားကစားပွဲတော်အတွက် လူရွေးပွဲကျင်းပ

**ပုဗ္ဗသီရိ နိုဝင်ဘာ ၃**

၂၀၂၃ - ၂၀၂၄ ပညာသင်နှစ် ကျောင်းသား အားကစားပွဲတော်တွင် ပါဝင်ယှဉ်ပြိုင်ရန်အတွက် မြို့နယ်အဆင့် ဘောလုံးပြိုင်ပွဲနှင့် စားပွဲတင် တင်းနစ်ပြိုင်ပွဲ လူရွေးပွဲများကို နိုဝင်ဘာ ၃ ရက်က ပုဗ္ဗသီရိမြို့ ကျည်တောင်ကန် အားကစားကွင်းနှင့် ကျည်တောင်ကန်ခန်းမတို့၌ ကျင်းပသည်။

ဘောလုံးပြိုင်ပွဲလူရွေးပွဲကို ပွဲစဉ် ရှစ်ခုဖြင့် ကျောင်းပေါင်း ၁၄ ကျောင်းမှ အမျိုးသားဘောလုံးပြိုင်ပွဲ၊ ကျောင်း နှစ်ကျောင်းမှ အမျိုးသမီး ဘောလုံးပြိုင်ပွဲကို ရွေးချယ်ခံ ယှဉ်ပြိုင်ခဲ့ကြပြီး စားပွဲတင် တင်းနစ်ပြိုင်ပွဲကို အမျိုးသား၂၄ ဦး၊ အမျိုးသမီး နှစ်ဦးတို့ဖြင့် ရွေးချယ်ခံယှဉ်ပြိုင်ခဲ့ကြသည်။

ဆက်လက်၍ အသက် ၁၈ နှစ်အောက် မြို့နယ်အဆင့် ကျောင်းပေါင်းစုံ ကျောင်းသားအားကစားပွဲတော်အတွက် လူရွေးပွဲများကို နိုဝင်ဘာ ၆ ရက်မှ ၈ ရက်အထိ အ.ထ.က (၃) ၌ ကြက်တောင်၊ ပိုက်ကျော်ခြင်း၊ ဘော်လီဘော၊ ဘတ်စကက်ဘော၊ ပြေးခုန်ပစ် အားကစားနည်းများဖြင့် ကျင်းပသွားမည်ဖြစ်ရာ ပုဗ္ဗသီရိမြို့နယ်အတွင်းရှိ အခြေခံပညာအထက်တန်းကျောင်းများ၊ အလယ်တန်းကျောင်းများ၊ ကိုယ်ပိုင်ကျောင်းများနှင့် ဘုန်းတော်ကြီးသင် ပညာရေးကျောင်းများတွင် တက်ရောက်နေသည့် အားကစားဝါသနာရှင်ကျောင်းသားကျောင်းသူများ ဝင်ရောက်ရွေးချယ်ခံ၍ ယှဉ်ပြိုင်သွားမည် ဖြစ်ကြောင်း သိရသည်။

**သန်းသန်းနွယ်(ပုဗ္ဗ)**



# မြန်မာနိုင်ငံ သွားဘက်ဆိုင်ရာ ဆေးပညာညီလာခံ (၂၀၂၃) ဖွင့်ပွဲကျင်းပ

**နေပြည်တော် နိုဝင်ဘာ ၃**

မြန်မာနိုင်ငံ သွားဘက်ဆိုင်ရာ ဆေးပညာညီလာခံ (၂၀၂၃)ဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန-၂ ၌ ကျင်းပသည်။



အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ဒေါက်တာဘရှွေ၊ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ အငြိမ်းစား ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ပညာရေး၊ ကျန်းမာရေးနှင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးကော်မတီဝင်များ၊ ကာကွယ်ရေးဝန်ကြီးဌာန၊ ဆေးဝန်ထမ်း ညွှန်ကြားရေးမှူးရုံးမှ တာဝန်ရှိသူများ၊ သွားနှင့်ခံတွင်း ဆေးပညာရပ်ဆိုင်ရာ ပါမောက္ခချုပ်များနှင့် ပါမောက္ခများ၊ မြန်မာနိုင်ငံ သွားဘက်ဆိုင်ရာ ဆေးကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ သွားနှင့်ခံတွင်း ဆေးပညာနယ်ပယ်မှ ပြည်တွင်းပြည်ပ ပညာရှင်များ၊ ဘွဲ့လွန်ကျောင်းသားကျောင်းသူများ တက်ရောက်ကြသည်။

**စက်ခလုတ်နှိပ်ဖွင့်လှစ်**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါက်တာဘရှွေ၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာ သက်ခိုင်ဝင်း၊ နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ ဆေးဝန်ထမ်း ညွှန်ကြားရေးမှူး ဗိုလ်ချုပ်ကိုကိုလွင်၊ မြန်မာနိုင်ငံ သွားဘက်ဆိုင်ရာဆေးကောင်စီ ဥက္ကဋ္ဌ ပါမောက္ခဒေါက်တာ ပိုင်စိုးတို့က ညီလာခံဖွင့်ပွဲ အထိမ်းအမှတ်မှန်ဦးကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးသည်။

ထို့နောက် အခမ်းအနား ဒုတိယပိုင်းကို Banquet Hall ၌ ဆက်လက်ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်က အဖွင့်အမှာစကား ပြောကြားရာတွင် သွားဘက်ဆိုင်ရာ ကျန်းမာရေး စောင့်ရှောက်မှုပေးနေသူများအချင်းချင်း ချစ်ကြည်ရင်းနှီးမှုရရှိစေရန်၊ သွားဘက်ဆိုင်ရာဆေးပညာရပ် အရည်အသွေး မြင့်မားတိုးတက်မှုကို အထောက်အကူဖြစ်စေရန်၊ ခေတ်နှင့်အညီ နိုင်ငံတကာအဆင့်မီ လေ့လာသင်ကြားနိုင်သည့် အခွင့်အလမ်းများရရှိစေရန်၊ စဉ်ဆက်မပြတ်လေ့လာဆည်းပူးနိုင်စေရန်၊ အငြိမ်းစား သွားဘက်ဆိုင်ရာ ဆရာဝန်ကြီးများက မျိုးဆက်သစ်များအား ပညာအမွေ လက်ဆင့်ကမ်းပေးနိုင်စေရန်၊ တပ်မတော်နှင့် ကျန်းမာရေးဝန်ကြီးဌာနရှိ သွားဘက်ဆိုင်ရာ ဆရာဝန်များ ပူးပေါင်းဆောင်ရွက်နေမှုများ ပိုမိုရင်းနှီး အားကောင်းလာစေရန် စသည့် ရည်ရွယ်ချက်များဖြင့် ယခုညီလာခံကို ကျင်းပပြုလုပ်ခြင်းဖြစ်ကြောင်း။

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က လူ့အသက်ထက် မည်သည့်အရာမှ အရေးမကြီးကြောင်းနှင့် လူ့အသက်ကိုသာ အဓိကထားကယ်တင်ရမည်ဟု လမ်းညွှန်ခဲ့သည့်အတိုင်း ပြည်သူတစ်ရပ်လုံး၏ ကျန်းမာရေးနှင့် ပတ်သက်လာပါက နိုင်ငံတော်က လိုအပ်ချက်များကို အစွမ်းကုန်တိုးမြှင့်ဖြည့်ဆည်းပေးလျက်ရှိကြောင်း၊ ပြည်သူ့ဆေးရုံကြီးများတွင် မွေးရာပါနှုတ်ခမ်းကွဲ၊ အာခေါင်ကွဲလူနာများကို အခမဲ့ခွဲစိတ်ကုသပေးနေပြီး ခံတွင်းကင်ဆာရောဂါများကိုလည်း အထူးကျွမ်းကျင်ပိုင်နိုင်စွာ ကုသပေးနေကြောင်း သိရှိရသည့်အတွက် လူနာများကိုယ်စား အထူးပင် ကျေးဇူးတင်ရှိကြောင်း၊ နိုင်ငံတော်ဘက်မှလည်း တန်ဖိုးအလွန်ကြီးမြင့်သည့် ဓာတ်ရောင်ခြည်ဖြင့် ကုသမှုပေးသည့်စက်များကို တိုးမြှင့်တပ်ဆင်ပေးလျက်ရှိကြောင်း၊ သွားနှင့်ခံတွင်းကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းများကို တိုင်းရင်းသားများရှိရာ ဒေသများသို့ သွားရောက်ဆောင်ရွက်ခဲ့ခြင်းများနှင့်ပတ်သက်၍ ပိုမိုတိုးမြှင့်ဆောင်ရွက်ရန် တိုက်တွန်းပါကြောင်းပြောကြားသည်။ **(အပေါ်ပုံ)**

ဆက်လက်၍ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက သွားနှင့်ခံတွင်း ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများနှင့် စပ်လျဉ်း၍ သွားနှင့်ခံတွင်းဆိုင်ရာ လူ့စွမ်းအား အရင်းအမြစ်များ တိုးမြှင့်ခန့်အပ် တာဝန်ပေးနိုင်ခဲ့မှု၊ ကိုယ်ဝန်ဆောင်မိခင်မှ စတင်၍ ကလေးသူငယ်အရွယ်၊ ကျောင်းနေအရွယ်၊ ပျိုရွယ်သူအရွယ် စသည့် အရွယ်ရောက်ပြီးချိန်မှ စတင်၍ သက်ကြီးရွယ်အို အရွယ်အထိ သွားနှင့်ခံတွင်း ကျန်းမာရေး စောင့်ရှောက်မှုများ ဆောင်ရွက်ပေးနေမှု၊ အနာဂတ်နိုင်ငံတော် တည်ဆောက်ရာတွင် အဓိကအခန်းကဏ္ဍမှ ပါဝင်လာမည့် လူငယ်များအတွက် အသိပညာ၊ အတတ်ပညာ၊ စာရိတ္တနှင့် ဘက်စုံဖွံ့ဖြိုးတိုးတက်စေမည့် ပညာရေးစနစ်ကို ဖော်ဆောင်ရာတွင် ကျန်းမာကြံ့ခိုင်သည့် ကျောင်းသူကျောင်းသားများ ဖြစ်လာစေရန် ငယ်ရွယ်နုနယ်စဉ်မှစ၍ ကျန်းမာရေးအသိပညာများ၊ အလေ့အကျင့်ကောင်းများ ရရှိစေရန်အတွက် သွားနှင့်ခံတွင်း ကျန်းမာရေး စောင့်ရှောက်မှုများ ပါဝင်သည့် ကျောင်းကျန်းမာရေးလုပ်ငန်းများကို အထူးအလေးပေး ဆောင်ရွက်နေမှု၊ သွားနှင့်ခံတွင်း ကျန်းမာရေး စောင့်ရှောက်မှုများ ဆောင်ရွက်ရာတွင်လိုအပ်သည့် ဆေးနှင့်ဆေးပစ္စည်းများ၊ ခေတ်မီစက်ကိရိယာများကို အလုံအလောက် ဝယ်ယူဖြည့်ဆည်းပေးနေမှုနှင့် ကျန်းမာရေးဝန်ကြီးဌာနမှ ကျန်းမာရေး ဝန်ထမ်းများနှင့် ကာကွယ်ရေး ဝန်ကြီးဌာန ဆေးဝန်ထမ်း ညွှန်ကြားရေးမှူး ရုံးလက်အောက်ရှိ ဆေးဝန်ထမ်းများနှင့် ပူးပေါင်း၍ ဝေးလံခက်ခဲဒေသများအထိ ကုန်းကြောင်း၊ ရေကြောင်းများဖြင့် အတူတကွ ကွင်းဆင်းကုသပေးလျက်ရှိသည့် အခြေအနေများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ သွားဘက်ဆိုင်ရာဆေးကောင်စီ ဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာပိုင်စိုးက ညီလာခံနှင့်ပတ်သက်၍ လည်းကောင်း၊ သွားနှင့် ခံတွင်းဆရာဝန်များ၏ ကျင့်ဝတ်သိက္ခာနှင့် ပတ်သက်၍ လည်းကောင်း ရှင်းလင်းတင်ပြပြီး ကျန်းမာရေးဝန်ကြီးဌာန၏ ဆောင်ရွက်ချက်မှတ်တမ်း (Documentary Video Clip)ကို ပြသသည်။



**လှည့်လည်ကြည့်ရှု**

ဖွင့်ပွဲ အခမ်းအနားအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင်၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဧည့်သည်တော်များသည် မြန်မာနိုင်ငံ သွားဘက်ဆိုင်ရာဆေးပညာညီလာခံ(၂၀၂၃)တွင် ခင်းကျင်းပြသထားသည့် သုတေသနစာတမ်းများနှင့် ပြခန်းများကို လှည့်လည်ကြည့်ရှုကြသည်။ **(အပေါ်ပုံ)**

ယခုညီလာခံအကြို လှုပ်ရှားမှုများအနေဖြင့် ပုသိမ်ပြည်သူ့ဆေးရုံကြီးတွင် နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲလူနာများကို အခမဲ့ခွဲစိတ်ကုသပေးခြင်း၊ နေပြည်တော် သွားနှင့်ခံတွင်း အထူးကုဆေးရုံတွင် သက်ကြီးဘိုးဘွားများအား သွားတုအံကပ် အခမဲ့တပ်ဆင်ပေးခြင်းနှင့် နေပြည်တော်ပြည်သူ့ဆေးရုံကြီး(ခုတင်-၁၀၀၀)တွင် ကိုရီးယားသမ္မတနိုင်ငံမှ ခွဲစိတ်ဆရာဝန်ကြီးများနှင့် ပူးပေါင်း၍ မွေးရာပါ နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲ လူနာများကို အခမဲ့ခွဲစိတ်ကုသပေးခဲ့သည်။

ထို့ပြင် ညီလာခံကျင်းပသည့် ကာလအတွင်းတွင် ကျန်းမာရေးဝန်ကြီးဌာနအောက်ရှိ ကုသရေးဦးစီးဌာနနှင့် ကိုရီးယားသမ္မတနိုင်ငံမှ Korea University Medicine တို့သည် နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲ ခွဲစိတ်ကုသခြင်းနှင့် ပတ်သက်၍ လည်းကောင်း၊ ကျန်းမာရေး လူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာနအောက်ရှိ သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ် (ရန်ကုန်)၊ သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်(မန္တလေး)တို့နှင့် ထိုင်းနိုင်ငံရှိ Khon Kaen University တို့သည်လည်း သွားဘက်ဆိုင်ရာ ဆေးပညာရပ်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပတ်သက်၍လည်းကောင်း နားလည်မှု စာချွန်လွှာ (MOU) လက်မှတ်ရေးထိုးကြမည် ဖြစ်သည်။

မြန်မာနိုင်ငံသွားဘက်ဆိုင်ရာ ဆေးပညာညီလာခံကို “အရည်အသွေးပြည့်..သွားကျန်းမာရေး ပြည်သူ့ထံသို့ ဆောင်ကြဉ်းပေး” ဆောင်ပုဒ်ဖြင့် ကျန်းမာရေးဝန်ကြီးဌာနက ကြီးမှူး၍ နိုဝင်ဘာ ၃ရက်မှ ၄ရက်အထိ ကျင်းပပြုလုပ်ခြင်းဖြစ်ပြီး အဆိုပါ ညီလာခံသို့ ထိုင်းနိုင်ငံ၊ ဂျပန်နိုင်ငံ၊ ကိုရီးယားသမ္မတနိုင်ငံနှင့် မလေးရှားနိုင်ငံ အပါအဝင် နိုင်ငံပေါင်း ငါးနိုင်ငံမှ သွားဘက်ဆိုင်ရာ ဆေးပညာရှင်များနှင့် ပြည်တွင်းမှ သွားဘက်ဆိုင်ရာ ဆေးပညာရှင်များက အဆင့်မြင့် အရည်အသွေးမီ ကုသမှု နည်းစနစ်များကို ဟောပြော ပို့ချကြမည်ဖြစ်ပြီး ပညာရပ်ဆိုင်ရာစာတမ်း (ပိုစတာ) ၃၂စောင်နှင့် စာတမ်းဖတ်ပွဲ ၃၀ ပါဝင်ကြောင်း သိရသည်။

မွန်းလွဲပိုင်းတွင် ညီလာခံ ပညာရပ်ဆိုင်ရာ ဆွေးနွေးပွဲ (Academic Session)များ၏ ဖွင့်ပွဲ အခမ်းအနားကို ကျင်းပရာ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ပါမောက္ခ ဒေါက်တာ အေးထွန်း တက်ရောက်အဖွင့်အမှာ စကားပြောကြားသည်။

ယင်းနောက် ပညာရပ်ဆိုင်ရာ ဆွေးနွေးပွဲများကို ဆက်လက်ဆောင်ရွက်ပြီး စာတမ်းရှင်များကို ဒုတိယဝန်ကြီးနှင့် သက်ဆိုင်ရာ ညွှန်ကြားရေးမှူးချုပ်များက ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည် ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ရွှေဘိုမြို့နယ်၌ အယ်လ်နီညိုရာသီဥတုဖြစ်စဉ်နှင့် လိုက်လျောညီထွေဖြစ်စေမည့် စိုက်ပျိုးနည်းပညာသင်တန်းဖွင့်

**ရွှေဘို နိုဝင်ဘာ ၃**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ရှင်ယွန်းစံခန်းမ၌ အယ်လ်နီညိုရာသီဥတုဖြစ်စဉ်နှင့် လိုက်လျောညီထွေဖြစ်စေမည့် စိုက်ပျိုးနည်းပညာပေးသင်တန်းကို နိုဝင်ဘာ ၂ ရက်က ဖွင့်လှစ်သည်။

သင်တန်းတွင် ရွှေဘိုခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးတင်မောင်ဆွေက အမှာစကားပြောကြားပြီး မြို့နယ်ဦးစီးမှူး ဦးဆန်းဦးက အယ်လ်နီညိုရာသီဥတုဖြစ်စဉ်ကြောင့် စိုက်ပျိုးရေးကဏ္ဍတွင် ဖြစ်ပေါ်လာနိုင်သည့် အခက်အခဲများကို ဖြေရှင်းနိုင်ရေးအတွက် သင်တန်းဖွင့်လှစ်ခြင်းဖြစ်ကြောင်း ပြောကြားသည်။ ထို့နောက် ရွှေဘိုခရိုင် စိုက်ပျိုးရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ဇာဇာမင်းက အယ်လ်နီညိုရာသီဥတုဖြစ်စဉ်နှင့် လိုက်လျောညီထွေဖြစ်စေမည့် စိုက်ပျိုးနည်းစနစ်များ အကြောင်းနှင့် ခရိုင်(မြေ၊ မျိုး၊ ပိုး)တာဝန်ခံများက သက်ဆိုင်ရာကဏ္ဍအလိုက် ရှင်းလင်းဆွေးနွေးကြပြီး တောင်သူများက သိရှိလိုသည်များကို မေးမြန်းကာ တာဝန်ရှိသူများက ပြန်လည်ဆွေးနွေးခဲ့ကြသည်။

အဆိုပါသင်တန်းသို့ ရွှေဘိုမြို့နယ်အတွင်းရှိ ကျေးရွာအုပ်စု လေးအုပ်စုမှ တောင်သူ ၃၅ ဦးနှင့် မြို့နယ်ဦးစီးမှူးရုံးမှ စိုက်ပျိုးပညာပေးကွင်းတာဝန်ခံ ၂၇ ဦး တက်ရောက်ခဲ့ကြသည်။ **ခရိုင်(ပြန်/ဆက်)**

# Myanmar Rice Online (MyRO) Website မိတ်ဆက်ပွဲနှင့် ဆန်စပါး သိုလှောင်ရုံများ မှတ်ပုံတင်မှုစနစ် ရှင်းလင်းပွဲကျင်းပ

နေပြည်တော်  နိုဝင်ဘာ ၃

**MyRO တွင် ဆန်စပါးသိုလှောင်ရုံမှတ်ပုံတင်ခြင်း၊ ပို့ကုန်လုပ်ငန်းရှင်မှတ်ပုံတင်ခြင်း၊ ဆန်စက်မှတ်ပုံတင်ခြင်း စသည့်လုပ်ငန်းများကို Digital Platform ပုံစံဖြင့် ဆောင်ရွက်မည်ဖြစ်ပြီး ကုမ္ပဏီမှတ်ပုံတင်စနစ်ကဲ့သို့ လွယ်ကူလျင်မြန်စွာ ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ ယခုအခမ်းအနားသည် ဆန်စပါးကဏ္ဍကို ဒစ်ဂျစ်တယ်အသွင် ကူးပြောင်းရန် ခြေလှမ်းအစဖြစ်သည့်အတွက် ဆက်လက်ဆောင်ရွက်ရမည့် ရှေ့လုပ်ငန်းစဉ်များအပေါ် ကောင်းသည်ထက် ပိုမိုကောင်းမွန်အောင် ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်ကြစေလိုကြောင်း ဒုတိယဝန်ကြီးချုပ်နှင့် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်က ပြောကြားခဲ့သည်။** (ယာပုံ)





ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ သင်္ဂဟဟိုတယ်၌ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်တို့ ပူးပေါင်းကျင်းပသည့် Myanmar Rice Online(MyRO) Websiteမိတ်ဆက်ပွဲအခမ်းအနား(Go-Live Ceremony) နှင့် MyRO တွင် ဆန်စပါးသိုလှောင်ရုံများ မှတ်ပုံတင်ခြင်းနှင့် ပတ်သက်သည့် ရှင်းလင်းဆွေးနွေးပွဲတွင် ပြည်ထောင်စုဝန်ကြီးက ထိုသို့ပြောကြားခဲ့ခြင်း ဖြစ်သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက ယနေ့ကျင်းပသည့် MyRO Website မိတ်ဆက်ပွဲနှင့် MyRO ၌ ဆန်စပါးသိုလှောင်ရုံများ မှတ်ပုံတင်မှုစနစ် ရှင်းလင်းဆွေးနွေးပွဲသည် မြန်မာ့ဆန်စပါးညီလာခံ ၂၀၂၂ တွင် ဖော်ထုတ်ခဲ့သော ဆန်စပါးကဏ္ဍ ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရေးနှင့် တောင်သူများအတွက် သီးနှံအာမခံစနစ်တည်ထောင်ရေး လုပ်ငန်းစဉ်ကို အကောင်အထည်ဖော် ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် မူဝါဒပိုင်းတည်ငြိမ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုတွင် လုပ်သာကိုင်သာရှိသည့် ပတ်ဝန်းကျင်ကောင်းများကို ဖန်တီးဆောင်ရွက်ပေးသွားမည်ဖြစ်ပြီးနိုင်ငံ့စီးပွားရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အစိုးရ-ပုဂ္ဂလိက ဟန်ချက်ညီစွာ ပူးပေါင်းဆောင်ရွက်သွားကြစေလိုကြောင်းပြောကြားခဲ့သည်။

**တောင်သူများ အကျိုးအမြတ်ရရှိရေး ဆောင်ရွက်ပေးလျက်ရှိ**

ထို့နောက် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးထွန်းအုံက မိမိတို့ဝန်ကြီးဌာနအနေဖြင့် တောင်သူလယ်သမားများ အကျိုးအမြတ်ရရှိရေး၊ ဝယ်ယူကြိတ်ခွဲသူများနှင့် ကုန်သည်လုပ်ငန်းရှင်များအတွက် ထိုက်သင့်သည့် အကျိုးအမြတ်ရရှိရေး၊ စားသုံးသူပြည်သူများ ဝန်ထုပ်ဝန်ပိုးမဖြစ်စေရေး၊ ပြည်တွင်းဖူလုံမှုရှိစေရေးနှင့် ပို့ကုန်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အစိုးရ-ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ သိုလှောင်ရုံကုန်အပ်လက်မှတ်ကို အခြေပြုသည့် ငွေကြေးထောက်ပံ့မှုစနစ် အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် အလုပ်ရုံဆွေးနွေးပွဲကျင်းပခဲ့ပြီး ဆက်လက်ဆောင်ရွက်သင့်သည့် လုပ်ငန်းစဉ် ၁၂ ရပ်ကို ဖော်ထုတ်ခဲ့ပါကြောင်း၊ ထို့ပြင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ခွင့်ပြုချက်ဖြင့် သိုလှောင်ရုံကုန်အပ်လက်မှတ်ကို အခြေပြုသည့် ငွေကြေးထောက်ပံ့မှုစနစ် အကောင်အထည်ဖော် ဆောင်ရွက်ရေးလုပ်ငန်းအဖွဲ့ကို ဖွဲ့စည်းပြီး သိုလှောင်ရုံ ကုန်အပ်လက်မှတ်ကို အခြေပြုသည့် ငွေကြေးထောက်ပံ့မှုစနစ် ဆောင်ရွက်မည့် အစီအမံများရေးဆွဲခြင်း၊ မူဝါဒများချမှတ်ခြင်း၊ စံလုပ်ထုံးလုပ်နည်းများ၊ စည်းမျဉ်းစည်းကမ်းများ ထုတ်ပြန်ခြင်း၊ သီးခြားရန်ပုံငွေတစ်ရပ် ထူထောင်ခြင်း၊ အစပျိုးစမ်းသပ်ကာလ (Pilot Project) အဖြစ် စတင်ဆောင်ရွက်ခြင်းနှင့် သိုလှောင်ရုံတည်ဆောက် ရင်းနှီးမြှုပ်နှံလိုသည့် ပြည်တွင်း/ပြည်ပ လုပ်ငန်းရှင်များကို အားပေးကူညီခြင်း စသည့် လုပ်ငန်းစဉ်များကို ထိရောက်အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း။

**မှတ်ပုံတင်လုပ်ငန်းများ အချိန်တိုအတွင်း ဆောင်ရွက်နိုင်မည်**

Pilot Project အနေဖြင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် စီစဉ်လျာထား ဆောင်ရွက်လျက်ရှိပါကြောင်း၊ MyRO တွင် တောင်သူများ၊ ကုန်သည်များ၊ ဆန်စက်လုပ်ငန်းရှင်များ၊ ပြည်ပတင်ပို့သူများ၊ ကျွမ်းကျင်ပညာရှင်များ၊ သုတေသနပညာရှင်များ၊ စားသုံးသူများအပါအဝင် ဆန်စပါးလုပ်ငန်းနှင့် ဆက်စပ်လုပ်ကိုင်နေသူများအတွက် တစ်နေရာတည်းတွင် သတင်းအချက်အလက်များ၊ ဝန်ဆောင်မှုများ၊ မှတ်ပုံတင်သည့် လုပ်ငန်းများကို လွယ်ကူရိုးရှင်းစွာဖြင့် အချိန်တိုအတွင်း ဆောင်ရွက်နိုင်မည် ဖြစ်ကြောင်း ပြောကြားသည်။

အဆိုပါ အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီးများ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်များမှ စီးပွားရေးရာဝန်ကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်နှင့် မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်တို့မှ ဥက္ကဋ္ဌများနှင့် သက်ဆိုင်ရာ အသင်းအဖွဲ့များမှ တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# တပ်ကုန်းမြို့နယ်၌ မြန်မာအီလက်ထရောနစ် မဲပေးစက်နှင့် စပ်လျဉ်းပြီး ရှင်းလင်းပြသခြင်းနှင့် လက်တွေ့သရုပ်ပြ စမ်းသပ်မဲပေးခြင်းများ ဆောင်ရွက်

**နေပြည်တော် နိုဝင်ဘာ ၃**

ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်က မဲဆန္ဒရှင်ပြည်သူများနှင့်တွေ့ဆုံ၍ မြန်မာအီလက်ထရောနစ် မဲပေးစက် (MEVM) နှင့် စပ်လျဉ်းပြီး ရှင်းလင်းပြသခြင်းနှင့် လက်တွေ့သရုပ်ပြစမ်းသပ်မဲပေးခြင်းများကို ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် တပ်ကုန်းမြို့နယ်၌ စတုတ္ထနေ့အဖြစ် မြန်မာအီလက်ထရောနစ် မဲပေးစက် (MEVM)နှင့်စပ်လျဉ်းပြီး ရှင်းလင်းပြသခြင်းနှင့် လက်တွေ့သရုပ်ပြ စမ်းသပ်မဲပေးခြင်းကို အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ ပြည်ထောင်စုနယ်မြေ ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲ ရွေးကောက်ပွဲအရာရှိ ဦးအောင်စိုးဝင်းနှင့် တာဝန်ရှိသူများက ရှင်းလင်းဆွေးနွေးကြပြီး မဲဆန္ဒရှင်ပြည်သူများက လက်တွေ့စမ်းသပ်မဲပေးကြကာ မဲပေးစက်၏ ထိန်းချုပ်စက် (Control Unit) ကို မဲဆန္ဒရှင်များကိုယ်တိုင် ကိုင်တွယ်ဆောင်ရွက်ခြင်း၊ မဲပေးစက်မှ ထုတ်ပေးသည့် မဲရလဒ်စာရွက်နှင့် မဲပုံးအတွင်းရှိ မဲလက်မှတ်များကို တိုက်ဆိုင်စစ်ဆေး၍ မဲရလဒ် မှန်မမှန် စိစစ်ခြင်းတို့ကို ဆောင်ရွက်ကြသည်။



စမ်းသပ်မဲ ပေးခဲ့ကြသည့် မဲဆန္ဒရှင်များအနေဖြင့် အချိန်တိုအတွင်း မဲပေးစက်ကို နည်းစနစ်တကျ ကိုင်တွယ်နိုင်ပြီး မဲပေးရာတွင် လွယ်ကူရှင်းလင်းစွာ မဲပေးနိုင်ခြင်း၊ မဲရလဒ်များ မှန်ကန်တိကျမှုရှိခြင်း၊ ပယ်မဲမရှိတော့ခြင်း၊ မဲမသမာမှုမပြုလုပ်နိုင်ခြင်း၊ ပွင့်လင်းမြင်သာမှု ရှိခြင်းတို့ကို လက်တွေ့ သိရှိရသည့်အတွက် မဲပေးစက်အပေါ် ယုံကြည်သဘောကျ နှစ်ခြိုက်မှုရှိကြသည်။

အဆိုပါ လက်တွေ့စမ်းသပ်မဲပေးခြင်း အခမ်းအနားများသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ကြက်သွန်ခင်း ကျေးရွာအုပ်စု၊ ညောင်လွန့်ကျေးရွာအုပ်စု၊ ဥသျှစ်ကုန်းကျေးရွာအုပ်စု၊ အင်ပင်ကျေးရွာအုပ်စု၊ ကြိုးကြာအင်းကျေးရွာအုပ်စု၊ တဲမြင့်ကျေးရွာအုပ်စု၊ အုန်းပင်ကျေးရွာအုပ်စုနှင့် သစ်ဆိမ့်ပင်ကျေးရွာအုပ်စုတို့မှ အုပ်ချုပ်ရေးမှူးများ၊ အတွင်းရေးမှူးများနှင့် မဲဆန္ဒရှင်ပြည်သူများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

**မလိုအပ်သော မီးများကို ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ**

# ရှမ်းပြည်နယ်အတွင်း တိရစ္ဆာန်ကောင်ရေစာရင်း ကောက်ယူ

**တောင်ကြီး နိုဝင်ဘာ ၃**

ရှမ်းပြည်နယ် တောင်ကြီးမြို့တွင် ရှမ်းပြည်နယ်အတွင်း တိရစ္ဆာန်ကောင်ရေစာရင်း ကောက်ယူခြင်းလုပ်ငန်းစဉ်ဖွင့်လှစ်ခြင်း အခမ်းအနားကို ယမန်နေ့က ရှမ်းပြည်နယ်အစိုးရအဖွဲ့ရုံး၌ ကျင်းပသည်။



အခမ်းအနားတွင် ရှမ်းပြည်နယ် တိရစ္ဆာန်ကောင်ရေစာရင်းကောက်ယူရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးက အမှာစကား ပြောကြားပြီး ပြည်နယ် တိရစ္ဆာန်ကောင်ရေစာရင်းကောက်ယူရေး လုပ်ငန်းကော်မတီ အတွင်းရေးမှူး ဒေါက်တာ ဝင်းဇင်မောင်က လုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် တောင်ကြီးမြို့ ရေအေးကွင်း ရပ်ကွက်အတွင်း တိရစ္ဆာန်ကောင်ရေ စာရင်းကောက်ယူနေမှုများကို ကွင်းဆင်းကြည့်ရှုခဲ့ကြောင်းနှင့် တောင်ကြီးမြို့နယ်အတွင်း မြို့ပေါ်ရပ်ကွက် ၁၀ ရပ်ကွက် ကျေးရွာ ၆၇ ရွာရှိ အိမ်ထောင်စု ၁၆၈၇စုတွင် မွေးမြူထားသော တိရစ္ဆာန်များကို စာရင်းကောက်ယူသွားမည်ဖြစ်ကြောင်း သိရသည်။ **စိုင်းသန်းကျော်**

# ပယ်ကျ-ညောင်ကိုင်း-လိန်တုန်း လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်လျက်ရှိ

**နေပြည်တော်  နိုဝင်ဘာ ၃**

ကံမမြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ ပယ်ကျ - ညောင်ကိုင်း - လိန်တုန်းလမ်း (၂/၂)မိုင် ကျောက်ချောလမ်းခင်းခြင်းလုပ်ငန်းအား သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ အချိန်မီပြီးစီးရေး အရည်အသွေးစစ်ဆေးရေးအဖွဲ့အနေဖြင့် ယနေ့ နံနက်ပိုင်းက ကွင်းဆင်းစစ်ဆေးသည်။

အဆိုပါလမ်းအား ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်အတွင်း သရက်ခရိုင် ကံမမြို့နယ် ကျေးလက်လမ်း ဖွံ့ဖြိုးရေးဦးစီးဌာနမှ ကွပ်ကဲဦးစီး၍ အောင်ဇေကုမ္ပဏီက တိုင်းဒေသကြီး(ငွေလုံးငွေရင်း) ရန်ပုံငွေကျပ် ၂၅၂ ဒသမ ၄၅၁ သန်း တင်ဒါအောင်မြင်ဆောင်ရွက်လျက်ရှိပြီး လမ်းအရှည် ၂ မိုင် ၂ ဖာလုံ၊ အကျယ် ၁၆ ပေ ကျောက်လမ်းခင်းအဖြစ် ဆောင်ရွက်သွားမည်ဖြစ်သည်။

ကံမမြို့နယ်ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ဦးစီးအရာရှိ အေးနန်းထွေးနှင့် သရက်ခရိုင် လုပ်ငန်းအရည်အသွေးစစ်ဆေးရေးတာဝန်ခံ အင်ဂျင်နီယာ ဦးခိုင်မင်းစိုးတို့က လုပ်ငန်းသတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ အချိန်မီပြီးစီးရေး ကွင်းဆင်းစစ်ဆေးကာ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **ဇော်ဘီ**

# “မကွေးတိုင်းဒေသကြီး စီးပွားရေးဖွံ့ဖြိုးမှုအလားအလာအပေါ် လေ့လာတင်ပြခြင်း” ခေါင်းစဉ်ဖြင့် ဆွေးနွေးပွဲကျင်းပ





**နေပြည်တော် နိုဝင်ဘာ ၃**

ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဝန်ကြီးဌာန ဝန်ထမ်းများ၏ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်စေရန်နှင့် ဝန်ထမ်းစွမ်းဆောင်ရည် မြှင့်တင်ရန်ရည်ရွယ်ပြီး Knowledge Sharing Programme (KSP) သောကြာနေ့ စကားဝိုင်း (Friday Talk) ၏ အမှတ်စဉ် (၃၆) ဆွေးနွေးပွဲကို ယနေ့မွန်းလွဲပိုင်းက ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၌ ကျင်းပသည်။

ဆွေးနွေးပွဲတွင် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်က ယနေ့မျှဝေဆွေးနွေးမည့် ခေါင်းစဉ်အရ မကွေးတိုင်းဒေသကြီး၏ ရင်းနှီးမြှုပ်နှံမှု ပမာဏနှင့် ရင်းနှီးမြှုပ်နှံမှုအခွင့်အလမ်းများ၊ အခြေခံ အဆောက်အအုံနှင့် ကုမ္ပဏီများအကြောင်းကို သိရှိနားလည်လာမည်ဖြစ်ကြောင်း၊ ထို့ပြင် လာမည့် အပတ်စဉ်များ၌လည်း တိုင်းဒေသကြီးနှင့် ပြည်နယ် တစ်ခုစီအလိုက် အသိပညာဖလှယ်ဆွေးနွေးသွားမည်ဖြစ်သည့်အတွက် မြန်မာနိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှု မြေပုံကြီးကို ထင်ထင်ရှားရှား ပိုမိုသိမြင်လာနိုင်မည်ဖြစ်ကြောင်း၊ အနာဂတ်နိုင်ငံ စီးပွားဖွံ့ဖြိုးတိုးတက်မှုအတွက် ဒေသ၏အရေးပါသည့် ဦးစားပေးရင်းနှီးမြှုပ်နှံမှုအလားအလာများနှင့်ဖြစ်ပေါ်တိုးတက်မှုအခြေအနေများကိုစနစ်တကျအသိပညာမျှဝေ ဆွေးနွေးပေးစေလိုပါကြောင်း ပြောကြားသည်။ **(အပေါ်ပုံ)**

ထို့နောက် ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန မကွေးတိုင်းဒေသကြီးဦးစီးမှူးရုံး ညွှန်ကြားရေးမှူး ဒေါက်တာ ထိန်လင်းအေးက “မကွေးတိုင်းဒေသကြီး စီးပွားရေးဖွံ့ဖြိုးမှု အလားအလာအပေါ် လေ့လာတင်ပြခြင်း” ခေါင်းစဉ်ဖြင့် ရှင်းလင်းဆွေးနွေးပြောကြားခဲ့ပြီး တက်ရောက်လာကြသူများက ဆွေးနွေးမှုခေါင်းစဉ်နှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို မေးမြန်းဆွေးနွေးခြင်းနှင့် ဖြည့်စွက်ဆွေးနွေးခြင်းများ ပြုလုပ်ကြသည်။

အခမ်းအနားသို့ ဌာနဆိုင်ရာအရာရှိကြီးများ၊ အရာထမ်း/ အမှုထမ်းများ၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန၊ ရုံးချုပ်နှင့် တိုင်းဒေသကြီး/ ပြည်နယ်ဦးစီးမှူးရုံးများ တက်ရောက်ကြသည်။

**သတင်းစဉ်**

# လာမည့်ကာလများတွင် လယ်ယာမြေကို စည်းကမ်းတစ်စုံတစ်ရာဖောက်ဖျက်ကျူးလွန်အသုံးပြုမှုကို စတင်တွေ့ရှိသည်နှင့်တစ်ပြိုင်နက်တည်း တာဝန်ရှိသူများက ဥပဒေပါပြဋ္ဌာန်းချက်များနှင့်အညီ ချက်ချင်းအရေးယူဆောင်ရွက်





**နေပြည်တော် နိုဝင်ဘာ ၃**

လယ်ယာမြေကို အခြားနည်းသုံးစွဲထားမှုများ ဖြေရှင်းဆောင်ရွက်မည့် နည်းလမ်းနှင့် နောင်ထပ်မံမဖြစ်ပွားစေရေးအတွက် ဆောင်ရွက်မည့် နည်းလမ်းများ စံလုပ်ထုံးလုပ်နည်း (Standard Operating Procedure –SOP) ရေးဆွဲပြုစုရေး ဦးစီးကော်မတီ၏ တတိယအကြိမ် လုပ်ငန်း ညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲပိုင်းက စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ SOP ရေးဆွဲပြုစုရေး ဦးစီးကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်နှင့် ဦးစီးကော်မတီဝင်များ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးက **(အပေါ်ယာပုံ)** စံလုပ်ထုံး လုပ်နည်း (SOP)တွင် မြို့/ရွာ နယ်နိမိတ်အတွင်း ကျရောက်ခြင်း၊ မြို့/ရွာ နယ်နိမိတ် အပြင် တည်ရှိခြင်းအား စိစစ်ပိုင်းခြားမည့်အချက်ကို တိတိကျကျ ထည့်သွင်းဖော်ပြရန် လိုအပ်မည်ဖြစ်ကြောင်း၊ နောက်ထပ်မံမဖြစ်ပွားစေရေးအတွက် ယခင်ဖြစ်ပွားခဲ့သော ကျူးလွန်အသုံးပြုမှုများကို ဒဏ်ကြေးပြစ်ဒဏ်ချမှတ်ရာတွင်လည်း ထိရောက်ဟန့်တားလောက်သည့် ဒဏ်ကြေးငွေပမာဏ သတ်မှတ်ရန် လိုအပ်ကြောင်း၊ အလားတူ ချမှတ်သည့် ပြစ်ဒဏ်အမိန့်ကို လိုက်နာဆောင်ရွက်မှုမရှိပါက လယ်ယာမြေအား နိုင်ငံပိုင် သိမ်းဆည်းနိုင်ရေးအတွက် ဆောင်ရွက်သင့်သည့် အချက်များကိုလည်း ထည့်သွင်းဆွေးနွေးပေးကြစေလိုကြောင်း။

လာမည့် ကာလများတွင် လယ်ယာမြေကို စည်းကမ်းတစ်စုံတစ်ရာ ဖောက်ဖျက်ကျူးလွန်အသုံးပြုမှုကို စတင်တွေ့ရှိသည်နှင့်တစ်ပြိုင်နက်တည်း တာဝန်ရှိသူများက လယ်ယာမြေဥပဒေအရ လည်းကောင်း၊ ရပ်ကွက်ကျေးရွာအုပ်စုအုပ်ချုပ်ရေး ဥပဒေအရ လည်းကောင်း၊ အခြားဆက်စပ်ဥပဒေများအရ လည်းကောင်း ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ကြပ်မတ်၍ ချက်ချင်းအရေးယူ ဆောင်ရွက်နိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

လက်ရှိ ကြုံတွေ့နေရသည့် မြေယာကိစ္စများတွင် မှားယွင်းဆောင်ရွက်ခဲ့မှုများ၊ ရောင်းမှားဝယ်မှား ဖြစ်ခဲ့မှုများရှိသကဲ့သို့ ဥပဒေကိုသိလျက် စီးပွားရေးအရ အမြတ်ထုတ်လိုမှုကြောင့် ဆောင်ရွက် ထားမှုများလည်း တွေ့ရှိရကြောင်း၊ ပြည်သူလူထု အနေဖြင့် ဥပဒေ စည်းမျဉ်းစည်းကမ်းများကို လေးစားလိုက်နာကြရန်နှင့် ဌာနဆိုင်ရာ အသီးသီးက တိကျစွာ ကြပ်မတ်ကျင့်သုံးပေးကြရန် လိုကြောင်း ပြောကြားသည်။

ထို့နောက် (SOP) ရေးဆွဲပြုစုရေးဦးစီးကော်မတီ အတွင်းရေးမှူးက စံလုပ်ထုံးလုပ်နည်း(SOP)တွင် ပါဝင်မည့် အချက်အလက်များကိုတင်ပြရာ အစည်းအဝေး တက်ရောက် လာကြသူများက သက်ဆိုင်ရာ ကဏ္ဍများအလိုက် ဆွေးနွေးတင်ပြကြသည်။

လယ်ယာမြေကို အခြားနည်းသုံးစွဲထားမှုများ ဖြေရှင်းဆောင်ရွက်မည့်နည်းလမ်းနှင့် နောင်ထပ်မံ မဖြစ်ပွားစေရေးအတွက် ဆောင်ရွက်မည့် နည်းလမ်းများ လုပ်ထုံးလုပ်နည်းစံနှုန်း (Standard Operating Procedure – SOP) မူကြမ်း ရေးဆွဲပြုစုခြင်းသည် လယ်ယာမြေများအပေါ် ဥပဒေမဲ့ လုပ်ဆောင်နေမှုများအား စီမံခန့်ခွဲခြင်း လုပ်ငန်းများကို တည်ဆဲလယ်ယာမြေ ဥပဒေ၊ ဆက်စပ် ဥပဒေများနှင့်အညီ လွယ်ကူလျင်မြန်စွာ အရေးယူဆောင်ရွက်နိုင်စေရန်နှင့် နောင်ထပ်မံမဖြစ်ပွားစေရေး လုပ်ငန်းများဆောင်ရွက်နိုင်ရန် ရည်ရွယ်ဆောင်ရွက်ခြင်း ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ဖျာပုံမြို့နယ် အခြေခံပညာကျောင်းပေါင်းစုံအမျိုးသမီးပိုက်ကျော်ခြင်းပြိုင်ပွဲနှင့် လူရွေးပွဲကျင်းပ



**ဖျာပုံ နိုဝင်ဘာ ၃**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့နယ် အခြေခံပညာ ကျောင်းပေါင်းစုံ အမျိုးသမီးပိုက်ကျော်ခြင်း ပြိုင်ပွဲနှင့် လူရွေးပွဲကို နိုဝင်ဘာ ၃ ရက် မွန်းလွဲ ၂ နာရီက ဖျာပုံမြို့ ပြည်သူ့အားကစားခန်းမ၌ ကျင်းပသည်။

အဆိုပါ ပြိုင်ပွဲနှင့် လူရွေးပွဲကို ဖျာပုံမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများမှ အသက်(၁၈) နှစ်အောက် ကျောင်းသူများ ပါဝင်ယှဉ်ပြိုင်ကြရာ ဒုတိယမြို့နယ်ပညာရေးမှူး စောအယ်ဝါးနှင့် တာဝန်ရှိသူများက ပြိုင်ပွဲတွင် ထူးချွန်ကြသူများအား ရွေးချယ်ပြီး ခရိုင်အဆင့် ယှဉ်ပြိုင်နိုင်ရေး ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**အောင်ဝင်းနိုင်(ပြန်/ဆက်)**

## နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

**နေပြည်တော် နိုဝင်ဘာ ၃**

မနက်ဖြန်မွန်းတည့်ချိန်အထိခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ် (မြောက်ပိုင်း)၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။ တနင်္သာရီတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်(တောင်ပိုင်းနှင့် အရှေ့ပိုင်း) တို့တွင် နေရာကျဲကျဲနှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။ **မိုး/ဇလ**

❑ ကျောဖုံးမှ

ပါဝင်ခဲ့သည်။ ပွဲအစခြောက်မိနစ်မှာပင် ရှမ်းယူနိုက်တက်အသင်း ဂိုးစတင်ရရှိခဲ့ပြီး နန္ဒကျော်က သွင်းယူခဲ့ခြင်းဖြစ်သည်။ ယင်းနောက်ပိုင်းတွင် နှစ်သင်းစလုံး အပြန်အလှန်တိုက်စစ်ဆင်နိုင်သော်လည်း ဂိုးထပ်မသွင်းနိုင်ဘဲ ၅၃ မိနစ်တွင် ဂျပန်တိုက်စစ်မှူး မိုတိုဟီရိုက ရှမ်းယူနိုက်တက်အသင်းအတွက် ဒုတိယဂိုးထပ်သွင်းခဲ့သည်။ နှစ်ဂိုးပေးလိုက်ရပြီးနောက်ပိုင်းတွင် ရခိုင်ယူနိုက်တက်အသင်း ချေပဂိုးပြန်ရရန် ကြိုးပမ်းခဲ့ပြီး ၈၂ မိနစ်တွင် ကောင်းစည်သူက တစ်ဂိုးပြန်သွင်းသော်လည်း ဂိုးထပ်မသွင်းနိုင်သဖြင့် အရေးနိမ့်ခဲ့ခြင်းဖြစ်သည်။

ယခုပွဲအတွက် အကောင်းဆုံးဆုကို ရှမ်းယူနိုက်တက်တိုက်စစ်မှူး မိုတိုဟီရိုက ရရှိခဲ့သည်။ ယခုပွဲအပြီးတွင် ရှမ်းယူနိုက်တက်အသင်းက ရမှတ် ၅၀၊ ရခိုင်ယူနိုက်တက်အသင်းက ရမှတ် ၂၀ ရရှိထားသည်။

ပွဲစဉ် (၁၉) နောက်ဆုံးနေ့အဖြစ် နိုဝင်ဘာ ၄ ရက် **(ယနေ့)** တွင် သုဝဏ္ဏကွင်း၌ အား/ကာသိပ္ပံအသင်းနှင့် ဒဂုံစတားအသင်း ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**ရဲရင့်လွင်**
**ဓာတ်ပုံ – MNL**

# ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းအား GMS ဝက်ဘ်ဆိုက် ထူထောင်ထားမှုနှင့်စပ်လျဉ်း၍ လာရောက်ရှင်းလင်းဆွေးနွေး

**နေပြည်တော် နိုဝင်ဘာ ၃**

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းအား တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ်အခြေစိုက် The Greater Mekong River (GMS) အဖွဲ့အစည်း၏ Cross border E-commerce Cooperation Platform Enterprise Alliance ဥက္ကဋ္ဌ Mr. Yi Hong နှင့်အဖွဲ့က ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ လာရောက်တွေ့ဆုံပြီး (ဝဲပုံ) GMS ဝက်ဘ်ဆိုက် ထူထောင်ထားမှု၊ ထိုဝက်ဘ်ဆိုက်တွင် စီးပွားရေးဆိုင်ရာသတင်းများအပါအဝင် သတင်းများ လွှင့်တင်ထားမှု၊ နိုင်ငံပေါင်း ၁၃ နိုင်ငံမှ စီးပွားရေးလုပ်ငန်းရှင်များနှင့် တရုတ်ရင်းနှီးမြှုပ်နှံသူများအတွက် သတင်းများ ယုံကြည်စိတ်ချစွာ လေ့လာနိုင်မှု၊ ဘာသာပေါင်း ၁၃ မျိုးဖြင့် သတင်းများ ကြည့်ရှုနိုင်မှု၊ နောင်တွင် ဘာသာပေါင်း ၂၀ အထိ တိုးချဲ့ဆောင်ရွက်ရန်လျာထားမှု၊ တရုတ်နိုင်ငံမှ စီးပွားရေးလုပ်ငန်းများနှင့် ချိတ်ဆက်ဆောင်ရွက်နိုင်မှု၊ အွန်လိုင်းမှ ပစ္စည်းများ ချိတ်ဆက်ဝယ်ယူနိုင်မှုတို့နှင့် စပ်လျဉ်း၍ အသေးစိတ် ရှင်းလင်းဆွေးနွေးတင်ပြသည်။



**ဆွေးနွေးမေးမြန်း**

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် တက်ရောက်လာကြသူများက လိုအပ်သည်များကို ပြန်လည်ဆွေးနွေးမေးမြန်းခဲ့ကြသည်။

တွေ့ဆုံပွဲသို့ ဒုတိယဝန်ကြီး ဦးရဲတင့်၊ အမြဲတမ်းအတွင်းဝန် ဦးမျိုးမြင့်မောင်၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ GMS အဖွဲ့အစည်း၏ မြန်မာနိုင်ငံတာဝန်ခံ ဥက္ကဋ္ဌ ဒေါ်အေးသဉ္ဇာသူနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

သတင်းစဉ်

# (၁၀) ကြိမ်မြောက် မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှုအဆင့်မြင့်အရာရှိကြီးများအစည်းအဝေးကို နေပြည်တော်၌ လက်ခံကျင်းပ

**နေပြည်တော် နိုဝင်ဘာ ၃**

မြန်မာနိုင်ငံက (၁၀) ကြိမ်မြောက် မဲခေါင် - လန်ချန်း ပူးပေါင်းဆောင်ရွက်မှု အဆင့်မြင့်အရာရှိကြီးများအစည်းအဝေးကို ယနေ့ နံနက်ပိုင်းက နေပြည်တော်ရှိ Jasmine Naypyitaw ဟိုတယ်၌ အိမ်ရှင်အဖြစ် လက်ခံကျင်းပခဲ့သည်။

အဆိုပါ အစည်းအဝေးသို့ ပါဝင်တက်ရောက်ရန် မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု ပူးတွဲဥက္ကဋ္ဌဖြစ်သည့် တရုတ်နိုင်ငံနှင့် မဲခေါင် - လန်ချန်း ပူးပေါင်းဆောင်ရွက်မှု အဖွဲ့ဝင်နိုင်ငံများဖြစ်ကြသည့် ကမ္ဘောဒီးယား၊ လာအို၊ ထိုင်း၊ ဗီယက်နမ်နိုင်ငံတို့မှ အဆင့်မြင့်အရာရှိကြီးများသည် ကိုယ်စားလှယ် အဖွဲ့ဝင်များနှင့်အတူ ရန်ကုန်မြို့မှတစ်ဆင့် နေပြည်တော်သို့ နိုဝင်ဘာ ၂ ရက် ညနေပိုင်းက ရောက်ရှိကြပြီး နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလွင်ဦးက ကိုယ်စားလှယ်အဖွဲ့များအား နေပြည်တော်ရှိ Jasmine Naypyitaw ဟိုတယ်၌ ကြိုဆိုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံခဲ့ရာ ညစာစားပွဲတွင် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနမှ အနုပညာရှင်များက ယဉ်ကျေးမှု အကအလှများဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။

(၁၀) ကြိမ်မြောက် မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးကို ယနေ့ နံနက်ပိုင်းတွင် Jasmine Naypyitaw ဟိုတယ် သံလွင်ခန်းမ၌ကျင်းပခဲ့ရာ အစည်းအဝေး၌ နိုင်ငံခြားရေးဝန်ကြီးဌာန အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများနှင့် စီးပွားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါ်မာလာသန်းထိုက်နှင့် တရုတ်နိုင်ငံ နိုင်ငံခြားရေး ဝန်ကြီးဌာနမှ လက်ထောက်နိုင်ငံခြားရေးဝန်ကြီး Mr. Nong Rong တို့က ပူးတွဲဥက္ကဋ္ဌများအဖြစ် ဆောင်ရွက်ခဲ့ကြသည်။

အစည်းအဝေးသို့ကမ္ဘောဒီးယား နိုင်ငံခြားရေးနှင့် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး ဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး Mr. Meas Kim Heng၊ လာအိုနိုင်ငံခြားရေးဝန်ကြီးဌာန၊ စီးပွားရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် Mr. Somboun Sihanath၊ ထိုင်းနိုင်ငံခြားရေးဝန်ကြီးဌာနမှ မဲခေါင် ပူးပေါင်း ဆောင်ရွက်မှုဆိုင်ရာ သံအမတ်ကြီး Ms. Pinsuda Jayanama နှင့် ဗီယက်နမ်နိုင်ငံခြားရေးဝန်ကြီးဌာနမှ ဒုတိယ ညွှန်ကြားရေးမှူးချုပ် Ms. Nguyen Thi Bich Thuy တို့ ပါဝင်တက်ရောက်ကြသည်။




အစည်းအဝေး၌ ပူးတွဲဥက္ကဋ္ဌများဖြစ်ကြသည့် မြန်မာနှင့်တရုတ်နိုင်ငံတို့က အဖွင့်အမှာစကားများ ပြောကြားခဲ့ပြီး ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု အဆင့်မြင့် အရာရှိကြီးများက မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ဖြစ်ပေါ်တိုးတက်မှု အခြေအနေများအပေါ် သုံးသပ်ကာ အနာဂတ် မဲခေါင် - လန်ချန်း ပူးပေါင်းဆောင်ရွက်မှု လုပ်ငန်းစဉ်များအပေါ် အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

ထို့နောက် ပူးတွဲဥက္ကဋ္ဌများဖြစ်ကြသည့် မြန်မာနှင့် တရုတ်ကိုယ်စားလှယ်အဖွဲ့ ခေါင်းဆောင်တို့က နိဂုံးချုပ်စကားများ ပြောကြားကာ အစည်းအဝေး အောင်မြင်စွာ ပြီးဆုံးခဲ့သည်။ အစည်းအဝေးအပြီးတွင်ညွှန်ကြားရေးမှူးချုပ် ဒေါ်မာလာသန်းထိုက်က အစည်းအဝေးသို့ တက်ရောက်လာကြသည့် မဲခေါင် - လန်ချန်း ပူးပေါင်းဆောင်ရွက်မှု အဖွဲ့ဝင်နိုင်ငံများမှ ကိုယ်စားလှယ်အဖွဲ့များအား အဆိုပါဟိုတယ်၌ နေ့လယ်စာဖြင့် တည်ခင်းဧည့်ခံခဲ့သည်။ ကမ္ဘောဒီးယား၊ လာအို၊ ထိုင်းနှင့် ဗီယက်နမ်နိုင်ငံတို့မှ ကိုယ်စားလှယ် အဖွဲ့များသည် ယင်းနေ့ ညနေပိုင်းတွင် နေပြည်တော်မှ ပြန်လည်ထွက်ခွာသွားခဲ့သည်။


မဲခေါင် - လန်ချန်း ပူးပေါင်းဆောင်ရွက်မှုသည် ဒေသတွင်း ငြိမ်းချမ်းရေးနှင့်သာယာဝပြောရေးတို့ကို ဖော်ဆောင်သွားရန်၊ ဖွံ့ဖြိုးတိုးတက်မှု ကွာဟချက်များကို လျှော့ချရန်နှင့် ဒေသတွင်း နိုင်ငံများ၏အလုံးစုံပါဝင်သောစဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုရရှိစေရေး ကြိုးပမ်းမှုများကို အထောက်အကူပြုရန် ရည်ရွယ်၍ ၂၀၁၆ ခုနှစ်တွင် ဖွဲ့စည်းခဲ့ခြင်းဖြစ်သည်။ အဖွဲ့ဝင်နိုင်ငံများအဖြစ် ကမ္ဘောဒီးယား၊ တရုတ်၊ လာအို၊ မြန်မာ၊ ထိုင်းနှင့် ဗီယက်နမ်နိုင်ငံတို့ ပါဝင်သည်။ မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံတို့သည် မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု၏ ပူးတွဲဥက္ကဋ္ဌများအဖြစ် ပူးတွဲထမ်းဆောင်လျက်ရှိသည်။ **သတင်းစဉ်**

# မြန်မာ - ကိုရီးယား ခေတ်ပေါ်တေးဂီတဖျော်ဖြေပွဲ ကျင်းပ

**ရန်ကုန် နိုဝင်ဘာ ၃**

မြန်မာ - ကိုရီးယား ယဉ်ကျေးမှု ဖလှယ်နိုင်ရန်နှင့် Korea K-Pop အနုပညာ နှစ်ခြိုက်သူများ ကြည့်ရှုနားဆင်နိုင်ရန်အတွက် Myanmar-Korea Musical Show ကို မြန်မာ့အသံနှင့် ရုပ်မြင်သံကြားက Friday Night Live Show အဖြစ် Myanmar-Korea Musical Show ခေတ်ပေါ်တေးဂီတ ဖျော်ဖြေပွဲအား ယနေ့ည ၉ နာရီက ရန်ကုန်မြို့ ပြည်လမ်းရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား Studio(A)မှ တိုက်ရိုက်(Live) ရိုက်ကူးထုတ်လွှင့်ခဲ့ရာ ပြည်သူများ တစ်ခဲနက်ကြည့်ရှုအားပေးကြသည်။





ယနေ့ဖျော်ဖြေပွဲသို့ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့မှ ဝန်ကြီးများနှင့်အတူ ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများနှင့် အနုပညာရှင်များ၊ နိုင်ငံခြား ဘာသာတက္ကသိုလ် (ရန်ကုန်)နှင့် အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (ရန်ကုန်)မှ ကျောင်းသား ကျောင်းသူများ တက်ရောက်ကြည့်ရှုအားပေးကြသည်။ **(အောက်ပုံ)**

ရှေးဦးစွာ ကိုရီးယားနိုင်ငံ K-Pop အဖွဲ့မှ အမျိုးသား အနုပညာရှင် Moon Georntaka၊ Haro၊ အမျိုးသမီးရုပ်ရှင်သရုပ်ဆောင် Nam Young Jocx၊ အမျိုးသမီးအနုပညာရှင် Henny၊ Jeong Deul le နှင့် Rejen တို့က နိုင်ငံတကာတွင် ကျော်ကြားသည့် K-Pop Dance အကများ၊ ကိုရီးယား ကျေးလက်တေးဂီတ Trot၊ Ballade ဂန္ထဝင်တေးသီချင်းများနှင့် မြန်မာနိုင်ငံမှအနုပညာရှင်များဖြစ်သည့် မီးနိုနှင့် ယွန်းတို့က တေးသီချင်းနှစ်ပုဒ်စီဖြင့် နောက်ခံအကအဖွဲ့နှင့်အတူ မြူးမြူးကြွကြွ ဖျော်ဖြေတင်ဆက်ကြသည်။

ဆက်လက်၍ မြန်မာ- ကိုရီးယား အနုပညာရှင် ရှစ်ဦးတို့ စုပေါင်း၍ "သကြၤန်မိုး" သီချင်းဖြင့် သီဆိုဖျော်ဖြေကြသည်။

ထို့နောက် သီဆိုဖျော်ဖြေခဲ့ကြသည့် မြန်မာ - ကိုရီးယား အနုပညာရှင်အဖွဲ့အား ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း ကိုယ်စား မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ် ဦးရဲနိုင်က ဂုဏ်ပြုပန်းခြင်း၊ မှတ်တမ်းလွှာနှင့် အမှတ်တရလက်ဆောင်ပစ္စည်းများ ပေးအပ်ချီးမြှင့်ခဲ့ပြီး ကိုရီးယားအဖွဲ့ကလည်း အမှတ်တရလက်ဆောင် ပြန်လည်ပေးအပ်သည်။

မြန်မာ့အသံနှင့် ရုပ်မြင်သံကြားသည် ပြည်သူများအပန်းပြေစေရန်၊ ပျော်ရွှင်စေရန်နှင့် စိတ်ခွန်အားသစ်များ ရရှိနိုင်ရန်အတွက် ဖျော်ဖြေရေးအစီအစဉ်များကို တိုးမြှင့်တင်ဆက်လျက်ရှိ၍ အပတ်စဉ်သောကြာနေ့တိုင်းတွင် Friday Night Live Show တေးဂီတဖျော်ဖြေပွဲအစီအစဉ်ကို ရိုက်ကူး တင်ဆက်လျက်ရှိရာ ယခုသီတင်းပတ်တွင် တင်ဆက်ခဲ့သည့်ဖျော်ဖြေမှုကိုနိုဝင်ဘာ ၅ ရက်၊ (တနင်္ဂနွေနေ့) နံနက် ၁၀ နာရီခွဲတွင်လည်း ပြန်လည်ထုတ်လွှင့်ပြသသွားမည်ဖြစ်ကြောင်း သိရသည်။ **ညိမ်းသူ/မောင်သီဟ**

**(သတင်းစဉ်)**

**ဓာတ်ပုံ - ဇော်မင်းလတ်**

## တရားသောစစ် အောင်ရမည်

☆ ဒို့ပြည်ထောင်စု၊ တည်တံ့မှုကို
လဲပြိုစေသည့်၊
ဒို့တည်ထောင်မှု၊ ခိုင်မာမှုကို
ယိုယွင်းစေသည့်၊
ခြေထိုးနှောင့်ယှက်၊ ကျူးဝင်ဖျက်သော်
**လှေခွက်ချည်း ကျန်၊ မလျှော့မာန်** နှင့်
**အလံ မလှဲ၊ သတ္တိ ဖွဲ** နှင့်
ကျူးလည်း မခံ၊ မာန်လည်း မကြောက်
ခြောက်လည်း မလန့်၊ ဟန့်လည်း မဖယ်
ဆွယ်လည်း မလိုက်၊ တိုက်လည်း မဆုတ်
ကျားကုတ် ကျားခဲ၊ အားကုန် နွဲလျက်
တုံးပဲ တိုက်တိုက်၊ ကျား ကိုက်ကိုက်ဟော့
တိုက်စစ်နီမောင်း၊ ရဲရင့်ကြောင်းကို
ကောင်းမွေ မော်ကွန်း ရေးထိုးလေ့။

☆ **ဒို့မြေ တစ်လက်မ**
**ဒို့ရေ တစ်စက်မျှ**
**ဒို့လေ မစွက်ရ**
နှလုံးလှဖြင့်
မြန်မာ့မြေပုံ၊ ကြန်အင်စုံအောင်
သက်ပုံ နှင်းအပ် ဆောင်ကြဉ်းလတ်လေ့။

☆ **သုံးပါးအရေး**၊ အသက် သွေးမို့
အရေးသုံးပါး ကျူးစော်ကားသည့်
ရန်အားချေဖျက်၊ **ရဲရဲတက်** ဟော့
နှောင့်ယှက်ဆီးတား၊ ရန်စွယ်အားလျှင်
ဖယ်ရှားအစဉ်တစိုက်၊ **ရဲရဲတိုက်** ဟော့
မငိုက်ဦးခေါင်း၊ သွေးသစ်လောင်းလျက်
မပြောင်းမလဲ၊ မျိုးချစ်ဇွဲဖြင့်
**ရဲရဲချေမှုန်း**၊ လက်စတုံးဟော့။

☆ အို ... ပြည်ချစ်ဇာနည်၊ အောင်စစ်သည်ငဲ့
တိုင်းပြည်အတွက်
အသက်ကို ပေး၊ အသွေးကို လှူ
သင့်လို လူအတွက်
ကြည်ဖြူ စိတ်ထား၊ ပြည်သူများက
**တရားသောစစ် အောင်ရမည်**
**မျှတသောစစ် နိုင်ရမည်** ဟု
ခိုင်မာ ယုံကြည် ထားပါသည်။
ဂုဏ်ပြု စောင့်ကြို နေပါသည်။ ။

**မျိုးမြတ်မြတ်မြင့်မောင်**

**(တရားသောစစ်ပွဲ ဆင်နွှဲနေသည့် တပ်မတော်သားများကို လေးစားဂုဏ်ပြုလျက်)**

## ရန်ကုန်ပြည်သူ့ဆေးရုံကြီး အဆင့်မြင့်ခုနစ်ထပ်ဆောင် တည်ဆောက်ရေးလုပ်ငန်းများ ၈၀ ရာခိုင်နှုန်းခန့်ပြီးစီး



**ရန်ကုန် နိုဝင်ဘာ ၃**

ရန်ကုန် ပြည်သူ့ဆေးရုံကြီး အဆင့်မြင့် ခုနစ်ထပ်ဆောင် တည်ဆောက်ရေး လုပ်ငန်းများကို ၂၀၁၈ ခုနှစ် မေ ၂၇ ရက်မှ စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းများ ၈၀ ရာခိုင်နှုန်းကျော် ဆောင်ရွက်ပြီးစီးပြီဖြစ်ပြီး ၂၀၂၄ ခုနှစ်အတွင်း ဖွင့်လှစ်နိုင်မည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ဆေးရုံသစ်ကြီး တည်ဆောက်ရေး လုပ်ငန်းများ အားလုံး ပြီးစီးသွားပါက အနယ်နယ် အရပ်ရပ်မှ ပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို အကုန်အကျသက်သာစွာဖြင့် ဝန်ဆောင်မှုပေးနိုင်မည်ဖြစ်သည်။

အဆောက်အဦ ဦးစီးဌာန အဆောက်အဦ အထူးအဖွဲ့(၁)က တာဝန်ယူ တည်ဆောက်လျက်ရှိသည့် လသာမြို့နယ်ရှိ ရန်ကုန်ပြည်သူ့ဆေးရုံကြီး အဆင့်မြင့် ခုနစ်ထပ်ဆောင် ဆောက်လုပ်ရေး လုပ်ငန်းခွင်သို့ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် အဖွဲ့ဝင်များ နိုဝင်ဘာ ၁ ရက်က သွားရောက်ကြည့်ရှုစစ်ဆေးရာ ဆေးရုံတည်ဆောက်ရေး ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဆေးသုတေသန ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ပါမောက္ခဒေါက်တာ ဇော်သန်းထွန်း၊ ရန်ကုန်ပြည်သူ့ဆေးရုံကြီး ပါမောက္ခချုပ် (ဆေးရုံအုပ်ကြီး) ဒေါက်တာ သီတာလှနှင့် တာဝန်ရှိသူများက မြို့ပြ၊ ရေသန့်၊ လျှပ်စစ် စသည်ဖြင့် အပိုင်းလိုက်လုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု၊ လက်ရှိလုပ်ငန်း ဆောင်ရွက်နေမှုနှင့် ဆက်လက် ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြကြသည်။

တိုင်းဒေသကြီး ဝန်ကြီးချုပ်က တင်ပြချက်များ နှင့်စပ်လျဉ်း၍ ဆေးရုံအဆောက်အအုံဆိုင်ရာများကို နိုင်ငံတကာ စံသတ်မှတ်ချက်များနှင့် ကိုက်ညီအောင် တည်ဆောက်ကြရန်၊ လုပ်ငန်းများ သတ်မှတ်ကာလအတွင်း ပြီးစီးရေး အလေးထားဆောင်ရွက်ကြရန်တို့ကို မှာကြားခဲ့ကြောင်း သိရသည်။

**ဆန်းကျော်ဦး(ပြန်/ဆက်)**

## သမဝါယမဦးစီးဌာနမှ မဲခေါင်-လန်ချန်းပူးပေါင်းဆောင်ရွက်မှု အထူးရန်ပုံငွေများဖြင့် စီမံကိန်းသုံးခုကို အောင်မြင်စွာဆောင်ရွက်နိုင်ခဲ့

နေပြည်တော် နိုဝင်ဘာ ၃

**သမဝါယမဦးစီးဌာနမှ မဲခေါင်-လန်ချန်းပူးပေါင်းဆောင်ရွက်ရေးအထူးရန်ပုံငွေ (၂၀၂၁) ဖြင့် ဆောင်ရွက်သည့် စီမံကိန်းပြီးမြောက်ခြင်းအခမ်းအနားကို နိုဝင်ဘာ ၂ ရက်က နေပြည်တော်ရှိ ဂျက်စမင် နေပြည်တော်ဟိုတယ်၌ ကျင်းပသည်။**



အခမ်းအနားတွင် ဒုတိယဝန်ကြီး ဦးမြင့်စိုးက မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု အထူးရန်ပုံငွေ (၂၀၂၁) ဖြင့် ဆောင်ရွက်သည့် စီမံကိန်းကို ၂၀၂၂ ခုနှစ် ဧပြီလမှ ၂၀၂၃ ခုနှစ် စက်တင်ဘာလအထိ အကောင်အထည်ဖော် ဆောင်ရွက်ပြီးစီးပြီဖြစ်သည့်အတွက် သမဝါယမဦးစီးဌာနအနေဖြင့် မဲခေါင်- လန်ချန်း ပူးပေါင်းဆောင်ရွက်မှု အထူးရန်ပုံငွေများဖြင့် ၂၀၁၈၊ ၂၀၂၀ နှင့် ၂၀၂၁ စီမံကိန်းသုံးခုကို အကောင်အထည်ဖော်ပြီး ဖြစ်ပါကြောင်း။

မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု အထူးရန်ပုံငွေ (၂၀၂၁) ဖြင့် ဆောင်ရွက်သည့် စီမံကိန်းတွင် စုဆောင်းငွေအားပေးမြှင့်တင်ရေး စည်းရုံးလှုံ့ဆော်ခြင်း သင်တန်းများ၊ ငွေစုဆောင်းတတ်သည့် အလေ့အကျင့်ဆိုင်ရာ အသိပညာပေး စည်းရုံး လှုံ့ဆော်ပွဲများ၊ အသေးစား ချေးငွေလုပ်ငန်းများတွင် ငွေစုဆောင်းသည့် အလေ့အကျင့်၏ အခန်းကဏ္ဍ အလုပ်ရုံဆွေးနွေးပွဲများ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ EXIM Bank မှ ချေးယူထားသော အသေးစား ချေးငွေလုပ်ငန်းကို အသေးစား ချေးငွေထုတ်ခြင်း လုပ်ငန်းများတွင် စောင့်ကြည့်လေ့လာခြင်းနှင့် အကဲဖြတ်ခြင်း လုပ်ငန်းများ ဆောင်ရွက်ခြင်း၊ တိုင်းဒေသကြီး/ပြည်နယ်များ အားလုံးတွင် အသေးစားချေးငွေများကို ချေးငွေ ဆန်းစစ်ချက် ဆောင်ရွက်ခြင်း လုပ်ငန်းများ၊ မဲခေါင်ဒေသတွင်း နိုင်ငံများရှိ အောင်မြင်နေသော သမဝါယမ အသင်းများသို့ လေ့လာရေး သွားရောက်ခြင်း စသည့် လုပ်ငန်းစဉ်များကို ဆောင်ရွက်ခဲ့ပါကြောင်း။

အဆိုပါ စီမံကိန်းများ ဆောင်ရွက်ခြင်းကြောင့် ငွေစုဆောင်းတတ်သည့် အလေ့အကျင့်ကောင်းများ၊ အကျိုးကျေးဇူးများကို သိရှိနားလည်လာခြင်း၊ သမဝါယမအပေါ် ယုံကြည်အားကိုးလာခြင်း၊ လူမှုစီးပွားဘဝမြင့်မားရေး အထောက်အကူပြုနိုင်ခြင်းတို့ဖြင့် သမဝါယမကဏ္ဍ ပိုမိုဖွံ့ဖြိုး တိုးတက်စေရေး အထောက်အကူများစွာ ရရှိခဲ့ပါကြောင်း။ ထို့ပြင် မဲခေါင်ဒေသတွင်း နိုင်ငံများဖြစ်သည့် ထိုင်းနိုင်ငံ၊ ဗီယက်နမ်နိုင်ငံနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့ရှိ အောင်မြင်နေသော သမဝါယမအသင်းများကို သွားရောက် လေ့လာစေခဲ့ပါကြောင်း။

သမဝါယမ ကဏ္ဍမှတစ်ဆင့် မဲခေါင်ဒေသတွင်း ပြည်သူများ၏ လူမှုစီးပွားမြှင့်တင်ရေးတွင် ကူညီထောက်ပံ့နိုင်မည်ဟု မျှော်လင့်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံးမှ တာဝန်ရှိသူနှင့် နိုင်ငံခြားရေးဝန်ကြီးဌာနမှ ဒုတိယ ညွှန်ကြားရေးမှူးချုပ်တို့က အမှာစကား ပြောကြားပြီးနောက် သမဝါယမဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က စီမံကိန်းဆိုင်ရာ ဆောင်ရွက်မှုများကို ရှင်းလင်းပြောကြားသည်။ ထို့နောက် ဒုတိယဝန်ကြီးနှင့် တက်ရောက်လာကြသူများက စီမံကိန်း ဆောင်ရွက်မှု မှတ်တမ်းများ ခင်းကျင်းပြသမှုကို ကြည့်ရှုအားပေးခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ၂၀၂၃-၂၀၂၄ ပညာသင်နှစ် ကျောင်းပေါင်းစုံ ကျောင်းသားအားကစားပွဲတော်အတွက် ဒက္ခိဏသီရိမြို့နယ်အဆင့် လူရွေးချယ်

**နေပြည်တော် နိုဝင်ဘာ ၃**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ်၌ ၂၀၂၃-၂၀၂၄ ပညာသင်နှစ် ကျောင်းပေါင်းစုံ ကျောင်းသားအားကစားပွဲတော်အတွက် အရည်အချင်း ပြည့်မီသော ထူးချွန်အားကစားသမားများ စေလွှတ်နိုင်ရေးအတွက် မြို့နယ်အဆင့် ကျောင်းပေါင်းစုံ လူရွေးချယ်ပွဲကို ယနေ့နံနက်ပိုင်းက အမှတ် (၁၈) အခြေခံပညာ အထက်တန်းကျောင်း၌ ကျင်းပသည်။

ကျောင်းပေါင်းစုံမှကျောင်းသားကျောင်းသူများအား ဘောလုံး၊ ပိုက်ကျော်ခြင်း၊ ဘော်လီဘော၊ ကြက်တောင်၊ ဘတ်စကက်ဘော၊ စားပွဲတင်တင်းနစ်နှင့် ပြေးခုန်ပစ်အားကစားပြိုင်ပွဲ လူရွေးချယ်ပွဲများကို နိုဝင်ဘာ ၃ ရက်မှ ၉ ရက်အထိ ကျင်းပမည် ဖြစ်သည်။ ရွေးချယ်ခြင်းခံရသည့် ကျောင်းသား ကျောင်းသူများ ၂၀၂၃-၂၀၂၄ ပညာသင်နှစ် အသက် ၁၈ နှစ်အောက် ကျောင်းပေါင်းစုံ ကျောင်းသားအားကစားပွဲတော်၌ ဝင်ရောက်ယှဉ်ပြိုင်ရမည် ဖြစ်သည်။

**ထွန်းထွန်းဝင်း(ပြန်/ဆက်)**

# Streaming Technology and Content Strategy ဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ ကျင်းပပြီးစီး

**နေပြည်တော် နိုဝင်ဘာ ၃**

ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့်ရုပ်မြင်သံကြားနှင့် အာရှ-ပစိဖိတ် ဒေသတွင်း ရုပ်/သံလွှင့်အဖွဲ့အစည်း (Asia–Pacific Institute for Broadcasting Development – AIBD) တို့ ပူးပေါင်း၍ လက်ရှိမီဒီယာအခင်းအကျင်းတွင် သမားရိုးကျမီဒီယာမှ မီဒီယာအသစ် Streaming Platform သို့ ကူးပြောင်းမှု ပညာရပ်ဆိုင်ရာ နည်းပညာများနှင့် ဗဟုသုတများကို မျှဝေရန် တို့ကို ရည်ရွယ်ကျင်းပခဲ့သည့် Workshop on Streaming Technologies and Content Strategy အလုပ်ရုံဆွေးနွေးပွဲ ပိတ်ပွဲအခမ်းအနားကို ယနေ့ ညနေပိုင်းတွင် နေပြည်တော်ရှိ Horizon Lake View Hotel ၌ ကျင်းပသည်။




ပိတ်ပွဲအခမ်းအနား၌ ဒုတိယဝန်ကြီး ဦးရဲတင့်က အမှာစကားပြောကြားရာတွင် ယခုဆွေးနွေးပွဲသို့ တက်ရောက်ခြင်းဖြင့် Streaming နည်းပညာတိုးတက်ရန် မိမိတို့ Broadcast Industry က လုပ်ဆောင်နေသည့် Streaming နည်းပညာကို ကျယ်ကျယ်ပြန့်ပြန့် နားလည်သဘောပေါက်ပြီး လိုအပ်သောအသိပညာနှင့် ကျွမ်းကျင်မှုများ သိရှိခဲ့ရသည့်အတွက် အလွန်အရေးပါသည့် ဆွေးနွေးပွဲဖြစ်မည်ဟု ယုံကြည်ပါကြောင်း၊ သုံးရက်တာကာလ ဆွေးနွေးပွဲမှ ရရှိလာသည့် ရလဒ်များကို online platform မှ နေ့စဉ်အစီအစဉ် ထုတ်လုပ်ခြင်းနှင့် သတင်းတင်ဆက်ခြင်း စသည့် လုပ်ငန်းခွင်များတွင် ထိထိရောက်ရောက် အသုံးချနိုင်လိမ့်မည် ဟုလည်း ယုံကြည်ပါကြောင်း ပြောကြားသည်။

ဆက်လက်ပြီး AIBD Program Manager, Mr. Syed Nabeel Hassan Tirmazi က အလုပ်ရုံဆွေးနွေးပွဲနှင့် စပ်လျဉ်းပြီး ရှင်းလင်းပြောကြားသည်။

ထို့နောက် ဆွေးနွေးပွဲသို့ တက်ရောက်လာကြသူများကိုယ်စား မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ အင်ဂျင်နီယာမှူး ဦးဘိုဘိုထွန်းက ဆွေးနွေးပွဲနှင့်စပ်လျဉ်း၍ ရရှိခဲ့သည့် အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ဆွေးနွေးပို့ချသူကျွမ်းကျင်ပညာရှင် Mr. Abhilash Nagabhushana က တက်ရောက်လာကြသည့် သင်တန်းသား သင်တန်းသူများကိုယ်စား သင်တန်းသား ကိုယ်စားလှယ်များထံ သင်တန်းတက်ရောက်ပြီးမြောက်ကြောင်း အသိအမှတ်ပြုလွှာ ပေးအပ်သည်။

ထို့နောက် ဒုတိယဝန်ကြီး ဦးရဲတင့်က တက်ရောက်လာကြသူများကိုယ်စား သင်တန်းသားကိုယ်စားလှယ်များထံ အမှတ်တရလက်ဆောင်ပစ္စည်းများ ပေးအပ်ပြီး စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။ **(အပေါ်ဝဲပုံ)**

**သတင်းစဉ်**

---

*○ ကျောက်ဖြူမှ*


ပြည်သူများက မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်နယ်မြေနှင့် အရှေ့မြောက်တိုင်းစစ်ဌာနချုပ်နယ်မြေအတွင်း နိုင်ငံတော်လုံခြုံရေးနှင့် ကာကွယ်ရေးတာဝန်များ ထမ်းဆောင်နေသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် ဒံပေါက်ဘူးများကို ပေးအပ်လှူဒါန်းကြသည်။ အဆိုပါ စေတနာရှင်ပြည်သူများ လှူဒါန်းသည့် ဒံပေါက်ဘူးများကို ရန်ကုန်မြို့မှတစ်ဆင့် မြစ်ကြီးနားမြို့နှင့် လားရှိုးမြို့သို့ တပ်မတော်လေယာဉ်များဖြင့် ပို့ဆောင်ပေးရာ တာဝန်ရှိသူများက လက်ခံရယူကြသည်။


စေတနာရှင် ပြည်သူများ လှူဒါန်းသည့် ဒံပေါက်ဘူးများနှင့်အတူ ရဟန်းသံဃာများနှင့် ပြည်သူများက ရေးသားပေးပို့သည့် "တပ်မတော်သားအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာရွှင်လန်းစေကြောင်း၊ ဘေးအန္တရာယ် ကင်းရှင်းစေကြောင်း၊ တရားသောစစ် အောင်မြင်ပါစေကြောင်း" စသည့် ဆုတောင်းမေတ္တာစာလွှာများပါရှိကြောင်း သိရှိရသည်။ **(အောက်ပုံ)**

အဆိုပါတပ်မတော်လေယာဉ်၊ ရဟတ်ယာဉ်များဖြင့် ရောက်ရှိလာသည့် ဒံပေါက်ဘူးများကို တာဝန်ရှိသူများက လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ လက်ဝယ်အရောက် လိုက်လံပို့ဆောင်ပေးခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**







---

## ရမ်းဗြဲမြို့နယ်၌ တံတားတည်ဆောက်ရေးလုပ်ငန်းအား တာဝန်ရှိသူများ ကြည့်ရှုစစ်ဆေး

**ရမ်းဗြဲ နိုဝင်ဘာ ၃**

ရခိုင်ပြည်နယ် ရမ်းဗြဲမြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေး ဦးစီးဌာန ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်အတွင်း ပြည်ထောင်စု(ငွေလုံးငွေရင်း)ခွင့်ပြုရန်ပုံငွေဖြင့် တံတားတည်ဆောက်ရေး (ရုံးချုပ်)မှ တာဝန်ယူ တည်ဆောက်လျက်ရှိသော တံတားတည်ဆောက်ရေးလုပ်ငန်းခွင်သို့ နိုဝင်ဘာ၂ရက်တွင် တာဝန်ရှိသူများက သွားရောက်ကွင်းဆင်း ကြည့်ရှုစစ်ဆေးသည်။ **(အပေါ်ယာပုံ)**



ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ကျေးလက်လမ်း ဖွံ့ဖြိုးရေးဦးစီးဌာန အင်ဂျင်နီယာချုပ် (မြို့ပြ) ဦးကျော်ကျော်ထွေး၊ ဒုတိယညွှန်ကြားရေးမှူး(မြို့ပြ) ဦးဝင်းမောင်ဆွေ၊ ကျောက်ဖြူခရိုင်ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ) ဦးမောင်မောင်ကျော်၊ ဦးစီးအရာရှိ(မြို့ပြ) ရမ်းဗြဲမြို့နယ်နှင့် တာဝန်ရှိသူများသည် ရပတင် - ပုန်းဆိုးပြင်- ကံ့ကော်-သံဝရကျေးရွာချင်းဆက်လမ်းပေါ်ရှိကံ့ကော်သံကူကွန်ကရစ် တံတားတည်ဆောက်ရေးလုပ်ငန်းခွင်သို့ ကွင်းဆင်းကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

**အောင်တင်ကြည်**
**(ပြန်/ဆက်)**

---

## အမှားများတဲ့အသင်း ပေးဆပ်မှုကြီးမားသွားနိုင်တဲ့ ဖူလ်ဟမ်နဲ့ မန်ယူ

**ယခုတစ်ပတ် ယှဉ်ပြိုင်ကစားမယ့် ပရီမီယာလိဂ်ပွဲစဉ် (၁၁) မှာ ဖူလ်ဟမ်နဲ့ ရှုံးပွဲဆက်နေတဲ့ မန်ယူ၊ အဲဗာတန်နဲ့ ဘရိုက်တန်၊ မန်စီးတီးနဲ့ ဘုန်းမောက်၊ နော်တင်ဟမ်နဲ့ဗီလာ စတဲ့ပွဲစဉ်တွေ ယှဉ်ပြိုင်ကစားသွားမှာဖြစ်တယ်။**

### ဖူလ်ဟမ်နဲ့ မန်ယူ

ဖူလ်ဟမ်နဲ့ မန်ယူတို့ ပွဲကို နိုဝင်ဘာ ၄ ရက် ည ၇ နာရီမှာ ယှဉ်ပြိုင်မှာပါ။ မန်ယူအသင်းက နောက်ဆုံးနှစ်ပွဲဆက် ဂိုးပြတ်ရှုံးနိမ့်ထားတာဖြစ်တဲ့အတွက် ဒီပွဲကို မဖြစ်မနေ နိုင်ပွဲရရှိဖို့ ကြိုးစားလာမှာ သေချာတယ်။ ဖူလ်ဟမ်အသင်းကလည်း တုံ့ပြန်ကစားပုံမာကျောမှုရှိတာကြောင့် အသင်းစွမ်းဆောင်ရည်ပိုင်း ကျဆင်းခဲ့ရင် မန်ယူအသင်း အရေးနိမ့်မယ်။

### အဲဗာတန်နဲ့ဘရိုက်တန်

အဲဗာတန်နဲ့ ဘရိုက်တန်တို့ ပွဲကို နိုဝင်ဘာ ၄ ရက် ည ၉ နာရီခွဲမှာ ယှဉ်ပြိုင်မှာပါ။ နှစ်သင်းကြား ခြေစွမ်းကွာဟမှုမှာ ဘရိုက်တန်အသင်းက အသာရနေတယ်ဆိုပေမယ့် နောက်ဆုံးငါးပွဲမှာ တစ်ပွဲသာ နိုင်ပွဲရရှိထားတဲ့ ဘရိုက်တန်ကို အဲဗာတန် အသင်း အနိုင်ယူ ကျော်ဖြတ်သွားဖွယ်ရှိတယ်။

### မန်စီးတီးနဲ့ဘုန်းမောက်

မန်စီးတီးနဲ့ ဘုန်းမောက်တို့ ပွဲကို နိုဝင်ဘာ ၄ ရက် ည ၉ နာရီခွဲမှာ ယှဉ်ပြိုင်မှာပါ။ အမှတ်ပေးဇယား ဦးဆောင်ခွင့်ရဖို့ အမှားခံမှာ မဟုတ်တဲ့ မန်စီးတီးအသင်းကို ဘုန်းမောက်အသင်းအနေနဲ့ အခက်တွေ့အောင် ကစားနိုင်ဖွယ်ရှိပေမယ့် အနိုင်ရရှိအောင် စွမ်းဆောင်နိုင်ဖွယ် မရှိဘူး။ ကစားသမားအင်အား တောင့်တင်းမှုရှိတဲ့ မန်စီးတီးတို့ နိုင်ပွဲရရှိမယ်။

### နော်တင်ဟမ်နဲ့ဗီလာ

နော်တင်ဟမ်နဲ့ ဗီလာတို့ ပွဲကို နိုဝင်ဘာ ၅ ရက် ည ၈ နာရီမှာ ယှဉ်ပြိုင်မှာပါ။ နော်တင်ဟမ်ရဲ့ ခြေစွမ်းက အားရစရာမရှိဘူး။ ဗီလာအသင်းက နောက်ဆုံး ငါးပွဲမှာ သရေတစ်ပွဲသာကျထားပြီး နိုင်ပွဲလေးပွဲအထိ ရရှိအောင် စွမ်းဆောင်ထားတယ်။ ဒါကြောင့် ဗီလာအသင်း နိုင်ပွဲဖော်ဆောင်သွားနိုင်တယ်။

**မိုးဇက်**

# KIA အဖွဲ့အနေဖြင့် ကချင်ပြည်နယ်အတွင်းရှိ စစ်ရေးနှင့်မသက်ဆိုင်သော ရထားလမ်း၊ ကားလမ်းများနှင့် တံတားများအား မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခြင်း၊နယ်မြေလုံခြုံရေးစခန်းငယ်များအား အလစ်အငိုက်ဝင်ရောက်တိုက်ခိုက်ခြင်းများ ဆောင်ရွက်လာသဖြင့် တပ်မတော်မှ လိုအပ်သည့်တုံ့ပြန်မှုများ ဆောင်ရွက်

**နေပြည်တော် နိုဝင်ဘာ ၃**

KIA အဖွဲ့အနေဖြင့် နိုင်ငံတော်အစိုးရနှင့် တပ်မတော်၏ ထာဝရငြိမ်းချမ်းရေးအတွက် ကြိုးပမ်းဆောင်ရွက်နေမှုအပေါ် လိုက်ပါဆောင်ရွက်ခြင်း မရှိသည့်အပြင် နယ်စပ်ဒေသ ကုန်သွယ်ရေးပျက်စီးစေရန်နှင့် လမ်းပန်းဆက်သွယ်မှု ပြတ်တောက်စေရေးစသည့် နိုင်ငံတော်၏အုပ်ချုပ်မှုယန္တရားကို ထိခိုက်ပျက်စီးစေလိုသော ရည်ရွယ်ချက်များဖြင့် ကချင်ပြည်နယ်အတွင်း စစ်ရေးနှင့် မသက်ဆိုင်သော လမ်း၊ တံတားများအား ဖောက်ခွဲဖျက်ဆီးမှုများ ပြုလုပ်လာခဲ့သည်။

KIA အဖွဲ့၏ ရထားလမ်းများအား မိုင်းထောင်ဖောက်ခွဲမှုအနေဖြင့် မိုးညှင်းမြို့နယ် မော်ဟန်ကျေးရွာ၏ မြောက်ဘက် နှစ်မိုင်ခန့်အကွာရှိ မြစ်ကြီးနား-မန္တလေးသွားမီးရထားလမ်းပေါ်မှ အရှည်ပေ ၁၂၀ ရှိ တံတားအမှတ် (၅၅၅) အား ၂၀၂၂ ခုနှစ် ဧပြီ ၁၇ ရက်တွင် လည်းကောင်း၊ ဟိုပင်မြို့ ကြာကြီးကွင်း ကျေးရွာအုပ်စု ငါးမိုင်ကျေးရွာ၏ မြောက်ဘက် မီတာ ၈၀၀ ခန့်အကွာ တံတားအရှည် ပေ ၃၂၀ ရှိ နန်းခွင်ချောင်း သံဘေလီ ရထားလမ်းကူးတံတားအား ၂၀၂၃ ခုနှစ် အောက်တိုဘာ ၆ ရက်တွင် လည်းကောင်း၊ ဟိုပင်မြို့ မြို့သစ်ကလေးကျေးရွာ၏ အနောက်တောင်ဘက် မီတာ ၂၅၀၀ ခန့်အကွာ တံတားအရှည်ပေ ၈၀ ရှိ ရေပေါက်ကြီး ရထားလမ်းကူးတံတားနှင့် တံတားအရှည်ပေ ၄၀ ရှိ နန်းသာယာ ရထားလမ်းကူး တံတားတို့အား ၂၀၂၃ ခုနှစ် အောက်တိုဘာ ၇ ရက်တို့တွင် လည်းကောင်း ဖောက်ခွဲဖျက်ဆီးမှုများ ပြုလုပ်ခဲ့သည်။

အလားတူ ကားလမ်းတံတားများအား မိုင်းထောင်ဖောက်ခွဲမှုအနေဖြင့် ဟိုပင်မြို့၏ မြောက်ဘက် မီတာ ၄၀၀၀ ခန့်အကွာ မိုးညှင်း-ဟိုပင်-မိုးကောင်း-မြစ်ကြီးနားသွား ကားလမ်းပေါ်ရှိ မိုင်တိုင်အမှတ်၊ ၃၅၆/၃၅၇ နေရာ တံတားအရှည်ပေ ၅၀ ရှိ တဝက်ချောင်းကူး ကွန်ကရစ်တံတား(ကားလမ်း)နှင့် တံတားအရှည်ပေ ၂၀ ရှိ တဝက်ချောင်းကူးတံတား (ရထားလမ်း) တို့အား ၂၀၂၁ ခုနှစ် ဧပြီ ၂၇ ရက်တွင် လည်းကောင်း၊ ရွှေကူမြို့ အမှတ်(၂)ရပ်ကွက်နှင့် အမှတ်(၃) ရပ်ကွက် ဆက်စပ်နေရာ အရှည်ပေ ၅၀ ရှိ ပေါင်းနက်ချောင်းကူးတံတားအား ၂၀၂၁ ခုနှစ် မေ ၄ ရက်တွင်လည်းကောင်း၊ ကသာမြို့နယ် ချောင်းဝကျေးရွာနှင့် ရွှေကူမြို့နယ် မင်းကျောင်းကုန်းကျေးရွာကို ဆက်သွယ်ထားသည့် ကောက်ကွေ့ချောင်းကူး ကွန်ကရစ်တံတားအား ၂၀၂၁ ခုနှစ် မေ ၉ ရက်တွင် လည်းကောင်း၊ မြစ်ကြီးနားမြို့ နန်းကွေ့ကျေးရွာအုပ်စု နောင်းပုံကျေးရွာအနီး မြစ်ကြီးနား- မန္တလေး သွားကားလမ်းပေါ် အရှည်ပေ ၆၀ ရှိ သံပေါင်ဘေလီတံတား အမှတ်၊ (၇၂၂) အား ၂၀၂၁ ခုနှစ် နိုဝင်ဘာ ၃၀ ရက်တွင် လည်းကောင်း ဖောက်ခွဲဖျက်ဆီးခြင်းများ ဆောင်ရွက်ခဲ့သည့်အပြင် လမ်း၊ တံတားများတွင် လုံခြုံရေးတာဝန် ထမ်းဆောင်နေသော လုံခြုံရေးတပ်ဖွဲ့ဝင်များအား ချောင်းမြောင်း ပစ်ခတ်တိုက်ခိုက်ခြင်းများ ဆောင်ရွက်ခဲ့သည်။

ထိုသို့ စစ်ရေးနှင့်မသက်ဆိုင်သော ဒေသခံပြည်သူများနှင့် ခရီးသွားပြည်သူများ အသုံးပြုသွားလာလျက်ရှိသော ရထားလမ်း၊ ကားလမ်းနှင့် တံတားများအား ဖောက်ခွဲဖျက်ဆီးခဲ့မှုကြောင့် တိုင်းရင်းသား ပြည်သူလူထု၏ သွားလာရေးကို အခက်အခဲဖြစ်ပေါ်စေပြီး ဒေသဖွံ့ဖြိုးတိုးတက်ရေးအပေါ် များစွာထိခိုက်ဆုံးရှုံးမှုများ ဖြစ်ပေါ်စေခဲ့သည်။

ထို့အပြင် တပ်မတော်အနေဖြင့် ငြိမ်းချမ်းရေးညှိနှိုင်းဆဲကာလအတွင်း တပ်စခန်းများအား တိုက်ခိုက်ခြင်းများ မပြုလုပ်ရန် အကြိမ်ကြိမ် ဆက်သွယ်အသိပေးပြောကြားခဲ့သော်လည်း KIA အနေဖြင့် တပ်မတော်၏ တပ်စုအဆင့် နယ်မြေလုံခြုံရေးဆောင်ရွက်နေသည့် စခန်းငယ်များကိုလည်း သာလွန်အင်အားအသုံးပြု၍ အလစ်အငိုက်တိုက်ခိုက်ခြင်းများ ဆောင်ရွက်ခဲ့ပြီး အဆိုပါ တပ်စခန်းများသို့ KIO အဖွဲ့မှ ဒုတိယဥက္ကဋ္ဌဖြစ်သူ ဂွမ်မော်ကိုယ်တိုင် သွားရောက်ကြည့်ရှုစစ်ဆေးမှုများ ဆောင်ရွက်ခဲ့သည်ကို တွေ့ရှိရသည်။

၎င်းအပြင် ရှမ်းပြည်နယ် (မြောက်ပိုင်း) အတွင်းရှိ လတ်တလော ဖြစ်ပွားနေသည့် တိုက်ပွဲများတွင်လည်း ပါဝင်ပတ်သက်ခြင်း မပြုလုပ်ရန် အသိပေးအကြောင်းကြားခဲ့သော်လည်း KIA အဖွဲ့အနေဖြင့် တပ်မတော်၏ အသိပေးအကြောင်းကြားထားမှုအပေါ် မသိကျိုးကျွန်ပြုကာ ပါဝင်ဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။

ထို့အပြင် KIA အဖွဲ့အနေဖြင့် မြန်မာ - တရုတ် နှစ်နိုင်ငံနယ်စပ်အနီးတွင် လက်နက်၊ ခဲယမ်းစက်ရုံများအား တည်ဆောက်၍ လက်နက်၊ ခဲယမ်းများ ထုတ်လုပ်ကာ ၎င်းတို့၏ အကြမ်းဖက်လုပ်ရပ်များ လုပ်ဆောင်ရာတွင် အသုံးပြုသကဲ့သို့ ပြည်တွင်းရှိ အကြမ်းဖက် အဖွဲ့များကိုလည်း အဖျက်အမှောင့်နှင့် အကြမ်းဖက်လုပ်ငန်းများ လုပ်ဆောင်နိုင်ရန် နောက်ကွယ်မှ လက်နက်၊ ခဲယမ်းများပံ့ပိုးခြင်း၊ အားပေး အားမြှောက်ပြုခြင်းများ လုပ်ဆောင်လျက်ရှိကြောင်း သိရှိရသည်။

ထို့ကြောင့် တပ်မတော်အနေဖြင့် ယခုကဲ့သို့ အကြမ်းဖက်မှုလုပ်ရပ်များ ထပ်မံကျူးလွန်လာခြင်းများ မရှိစေရန်အတွက် ပြန်လည်တုံ့ပြန်တိုက်ခိုက်ခြင်းများ ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး ထပ်မံ၍ ပြည်သူလူထုနှင့် ပတ်သက်၍ နှောင့်ယှက်ထိပါးစေသော အကြမ်းဖက်လုပ်ရပ်များ ဆောင်ရွက်လာခြင်း၊ လုံခြုံရေးစခန်းများအား တိုက်ခိုက်ခြင်းများ ဆောင်ရွက်လာပါက လိုအပ်သော ပြန်လည်တုံ့ပြန်မှုများကို ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



တပ်စုအဆင့် နယ်မြေလုံခြုံရေးဆောင်ရွက်နေသည့် တပ်မတော်၏ စခန်းငယ်တစ်ခုအား အင်အားအလုံးအရင်းဖြင့် အလစ်အငိုက် ဝင်ရောက်တိုက်ခိုက်ခဲ့ပြီး KIO အဖွဲ့မှ ဒုတိယဥက္ကဋ္ဌဖြစ်သူ ဂွမ်မော်ကိုယ်တိုင် လာရောက်ကြည့်ရှုခဲ့သည့် မှတ်တမ်းဓာတ်ပုံ။



မြစ်ကြီးနား-မန္တလေးသွား မီးရထားလမ်းပေါ်မှ အရှည်ပေ ၁၂၀ ရှိ တံတားအမှတ်(၅၅၅) အား KIA အဖွဲ့က မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခဲ့မှုကြောင့် ပျက်စီးနေသည့် မှတ်တမ်းဓာတ်ပုံ။



တံတားအရှည်ပေ ၃၂၀ ရှိ နန်းခွင်ချောင်း သံဘေလီရထားလမ်းကူးတံတားအား KIA အဖွဲ့က မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခဲ့မှုကြောင့် ပျက်စီးနေသည့် မှတ်တမ်းဓာတ်ပုံ။



KIA အဖွဲ့က မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခဲ့သည့် တံတားအရှည်ပေ ၄၀ ရှိ နန်းသာယာ ရထားလမ်းကူးတံတား မှတ်တမ်းဓာတ်ပုံ။



အရှည်ပေ ၂၀ ရှိ တဝက်ချောင်းကူး ကွန်ကရစ်တံတား(ရထားလမ်း)အား KIA အဖွဲ့က မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခဲ့မှုကြောင့် ပျက်စီးနေသည့် မှတ်တမ်းဓာတ်ပုံ။

## ဂျပန်နိုင်ငံဝန်ကြီးချုပ် ကီရှီဒါ ဖိလစ်ပိုင်နှင့် မလေးရှားသို့ သွားရောက်

တိုကျို နိုဝင်ဘာ ၃

ဂျပန်ဝန်ကြီးချုပ် ဖူမီယို ကီရှီဒါသည် ဖိလစ်ပိုင်နှင့် မလေးရှားနိုင်ငံတို့တွင် ကျင်းပမည့် ထိပ်သီးအစည်းအဝေးများ တက်ရောက်ရန် သုံးရက်ကြာခရီးစဉ်အဖြစ် နိုဝင်ဘာ ၃ ရက် နံနက်က တိုကျိုမြို့ ဟာနီဒါလေဆိပ်မှ ထွက်ခွာသွားပြီဖြစ်သည်။

ခရီးစဉ်တွင် လူ့ဂုဏ်သိက္ခာကို အကာအကွယ်ပေးသည့် အနာဂတ်ကမ္ဘာကို ဖန်တီးပေးမည့် စည်းမျဉ်းများကို အခြေခံသည့် လွတ်လပ်ပြီး ပွင့်လင်းသော နိုင်ငံတကာပူးပေါင်းဆောင်ရွက်ရေး အစီအစဉ်များကို လက်တွဲလုပ်ဆောင်နိုင်မည်ဟု မျှော်လင့်ကြောင်း ဝန်ကြီးချုပ် ကီရှီဒါက ပြောသည်။



ဒီဇင်ဘာလတွင် တိုကျို၌ ကျင်းပမည့် ဂျပန်နှင့် အာဆီယံအဖွဲ့ဝင်နိုင်ငံများ အထူးထိပ်သီးအစည်းအဝေးတွင်လည်း ပူးပေါင်း ဆောင်ရွက်မှုများအတွက် တောင်းဆိုသွားမည်ဖြစ်ကြောင်း ၎င်းကပြောကြားသည်။

ဝန်ကြီးချုပ် ကီရှီဒါသည် ဖိလစ်ပိုင်ကွန်ဂရက် လွှတ်တော်တွင် မိန့်ခွန်းပြောမည်ဖြစ်ပြီး ၎င်းသည် ဖိလစ်ပိုင်ကွန်ဂရက်၌ မိန့်ခွန်းပြောကြားသည့် ပထမဆုံး ဂျပန်ဝန်ကြီးချုပ် ဖြစ်လာမည်ဖြစ်သည်။ **အင်န်အိတ်ချ်ကေ**

## ဂါဇာမြို့ကို မြေပြင်တပ်များဖြင့် ဝိုင်းထားနိုင်ပြီဖြစ်ကြောင်း အစ္စရေးတပ်ဖွဲ့က ပြောကြား

ဂျေရုဆလင် နိုဝင်ဘာ ၃

ဂါဇာကမ်းမြောင်ဒေသရှိ ဟားမားစ်များကို အစ္စရေးဘက်မှ မြေပြင်နှင့် လေကြောင်းထိုးစစ်များ အရှိန်မြှင့်လျက်ရှိပြီး ဂါဇာကမ်းမြောင်ကို လုံးလုံးလျားလျား ဝိုင်းရံထားပြီဟု အစ္စရေးတပ်ဖွဲ့ဘက်က ပြောကြားလိုက်သည်။

အစ္စရေးသည် ဂါဇာမြောက်ပိုင်းကို အပြင်းအထန် ဗုံးကြဲတိုက်ခိုက်မှုနှင့်အတူ ဒုံးကျည်များ မိုးသီးမိုးပေါက်သဖွယ် ပစ်ခတ်နေမှုကြောင့် ညအချိန်ကောင်းကင်ယံတွင် မီးတောက်များလင်းနေသည့် ဗီဒီယိုဖိုင်ကိုလည်း ထုတ်ပြန်ထားသည်။ အောက်တိုဘာ ၇ ရက်က ဟားမားစ်တို့၏ ရုတ်တရက်တိုက်ခိုက်မှုမှ စတင်ခဲ့သောတိုက်ပွဲများကြောင့် ဂါဇာတွင် သေဆုံးသူ ၉၀၆၁ ဦးအထိရှိပြီး အစ္စရေးတွင်လည်း အနည်းဆုံးလူ ၁၄၀၀ သေဆုံးခဲ့သည်။

လက်ဘနွန် စစ်သွေးကြွ ဟစ်ဇ်ဘိုလာအဖွဲ့ကလည်း အစ္စရေးမြောက်ဘက်မှ တိုက်ခိုက်လျက်ရှိကာ နိုဝင်ဘာ ၂ ရက်က အစ္စရေးနိုင်ငံမြောက်ပိုင်း ကီယာယတ် ရှမိုနာမြို့ခံနှစ်ဦး ဒုံးကျည်ထိမှန်ဒဏ်ရာရရှိခဲ့သည်။ အစ္စရေးနိုင်ငံသို့ နိုဝင်ဘာ ၃ ရက်တွင် အမေရိကန်နိုင်ငံခြားရေးဝန်ကြီး အန်တိုနီဘလင်ကန် ရောက်ရှိမည်ဖြစ်ပြီး အရပ်သားများ ထိခိုက်မှုနည်းပါးအောင် လုပ်ဆောင်ရေးနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာအကူအညီများ ပိုမိုပေးအပ်နိုင်စေရေး ဆွေးနွေးသွားဖွယ်ရှိသည်။ **အင်န်အိတ်ချ်ကေ**

## အမေရိကန်၌ ဖို့ဒ်ကားရောင်းချရမှု အောက်တိုဘာလအတွင်း ကျဆင်း

နယူးယောက် နိုဝင်ဘာ ၃

အမေရိကန်ပြည်ထောင်စုတွင် ယခုနှစ် အောက်တိုဘာလအတွင်း ကားအစီးရေ ၁၄၉၉၃၈ စီးရောင်းချခဲ့ရပြီး ၂၀၂၂ ခုနှစ် အောက်တိုဘာလနှင့်နှိုင်းယှဉ်လျှင် ကားရောင်းချရမှု ၅ ဒသမ ၃ ရာခိုင်နှုန်း ကျဆင်းသွားသည်ဟု စက်တင်ဘာ ၂ ရက်တွင် ဖို့ဒ်ကားကုမ္ပဏီက ပြောသည်။

မော်တော်ကားလုပ်သားများသမဂ္ဂ၏သပိတ်မှောက်မှုကြောင့်လည်း ယခုလို ကားရောင်းချရမှု ကျဆင်းသွားရခြင်းဖြစ်ကြောင်း သိရသည်။ ဖို့ဒ်ထရပ်ကားများရောင်းချရမှုမှာ ၁၀ ဒသမ ၅ ရာခိုင်နှုန်းကျဆင်းပြီး ကားရောင်းချရမှုမှာ ၁၀ ဒသမ ၇ ရာခိုင်နှုန်း တိုးတက်လာသည်။ F-150 လျှပ်စစ်ကားရောင်းချရမှုမှာ ၅၀ ရာခိုင်နှုန်းကျော် တိုးလာခဲ့သည်။

ဖို့ဒ်ကုမ္ပဏီသည် မော်တော်ကားလုပ်သားများ သမဂ္ဂနှင့် သဘောတူညီမှုရရှိခဲ့ပြီး ၄၁ ရက်ကြာသပိတ်မှောက်မှုကို အဆုံးသတ်နိုင်ခဲ့သည်။ အဆိုပါသပိတ်မှောက်မှုကြောင့် အမေရိကန်ဒေါ်လာ ၁ ဒသမ ၃ ဘီလီယံ ဆုံးရှုံးနစ်နာခဲ့ရသည်ဟု ကုမ္ပဏီက ပြောသည်။

ဆင်ဟွာ

## သီရိလင်္ကာ နိုင်ငံတကာရာသီဥတုပြောင်းလဲမှုဆိုင်ရာ တက္ကသိုလ်တည်ဆောက်မည့်နေရာ သတ်မှတ်ထုတ်ပြန်

ကိုလံဘို နိုဝင်ဘာ ၃

သီရိလင်္ကာသမ္မတ ရာနီးလ် ဝစ်ကရီမီဆင်ဂေးက အလယ်ပိုင်းကုန်းမြင့်ရှိ ကော့တ်မေး ရေလှောင်ကန် သဘာဝရှုခင်းဒေသကို နိုင်ငံတကာ ရာသီဥတုပြောင်းလဲမှုဆိုင်ရာ တက္ကသိုလ်တည်ထောင်ရန် နေရာအဖြစ် သတ်မှတ်လိုက်ကြောင်း သမ္မတရုံးပြန်ကြားရေးဌာနက နိုဝင်ဘာ ၃ ရက်တွင် သတင်းထုတ်ပြန်သည်။

ကိုလံဘို၌ နိုဝင်ဘာ ၂ ရက်က ကျင်းပသည့် ဖိုရမ်တစ်ခုတွင် ဝစ်ကရီမီဆင်ဂေးက နိုင်ငံတကာ ရာသီဥတု ပြောင်းလဲမှုဆိုင်ရာ တက္ကသိုလ်သည် သီရိလင်္ကာနိုင်ငံ တစ်ခုတည်း၏ အဖွဲ့အစည်း မဟုတ်ဘဲ နိုင်ငံတကာနှင့် သက်ဆိုင်သည့် တက္ကသိုလ်တစ်ခု ဖြစ်မည်ဟု ထုတ်ပြန်ချက်တွင် ပြောကြားသည်။

သီရိလင်္ကာ၏ စီးပွားရေးပုံစံသည် ယှဉ်ပြိုင်နိုင်စွမ်းရှိမှု၊ ဒစ်ဂျစ်တယ်အသွင် ကူးပြောင်းမှု၊ စွမ်းအင်အသွင် အကူးအပြောင်းနှင့် အစိမ်းရောင် စီးပွားရေးအသွင် ကူးပြောင်းရေးတို့ အပေါ်တွင် တည်ဆောက်သွားမည် ဖြစ်ကြောင်း၊ သေးငယ်သည့် နိုင်ငံအရွယ်အစားကြောင့် နေရောင်ခြည်၊ လေစွမ်းအင်နှင့် ဟိုက်ဒရိုဂျင်တို့အပါအဝင် ပိုလျှံနေသော အစိမ်းရောင် စွမ်းအင်ကဏ္ဍများအတွက် အကျိုးရလဒ်ကောင်းများ ရရှိနိုင်မည်ဖြစ်ကာ ၂၀၅၀ ပြည့်နှစ်တွင် ကာဗွန်ထုတ်လွှတ်မှု လုံးဝကင်းစင်ရေးကိုလည်း ရည်မှန်းထားကြောင်း သမ္မတက သုံးသပ်ပြောကြားသည်။

အဆိုပါ အစီအစဉ်ကို အကောင်အထည် ဖော်ရာတွင် ဆယ်စုနှစ် နှစ်ခုအတွင်း ရင်းနှီးမြှုပ်နှံမှု အမေရိကန်ဒေါ်လာ ဘီလီယံ ၁၀၀ ကျော် လိုအပ်မည်ဟု ခန့်မှန်းထားကြောင်း ၎င်းကဆိုသည်။ ဆင်ဟွာ




သီရိလင်္ကာသမ္မတ ဝစ်ကရီမီဆင်ဂေး အပြည်ပြည်ဆိုင်ရာ ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ညီလာခံတွင် မိန့်ခွန်းပြောကြားစဉ်။

## မာလီ၌ ငြိမ်းချမ်းရေးထိန်းသိမ်းရေး ကုလတပ်ဖွဲ့ဝင် ၆၀၀၀ ကို ရုပ်သိမ်းခဲ့

ဂျီနီဗာ နိုဝင်ဘာ ၃

မာလီတွင် ကုလသမဂ္ဂ ငြိမ်းချမ်းရေးထိန်းသိမ်းရေးတပ်ဖွဲ့ဝင် ၁၃၀၀၀ ရှိရာမှ ၆၀၀၀ ကို ကြောက်မက်ဖွယ်စစ်ဆင်ရေးမှ ရုပ်သိမ်းတော့မည်ဟု ကုလသမဂ္ဂပြောရေးဆိုခွင့်ရှိသူက စက်တင်ဘာ ၂ ရက်တွင် ပြောသည်။

မာလီရှိကုလသမဂ္ဂ ဘက်ပေါင်းစုံတည်ငြိမ်ရေးမစ်ရှင်ဟု အမည်ပေးထားသည့် မစ်ရှင်မှ ငြိမ်းချမ်းရေးထိန်းသိမ်းရေးတပ်ဖွဲ့ဝင်များကို ပြန်လည်ခေါ်ယူခြင်းဖြစ်သည်ဟု ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ် အန်တိုနီယိုဂူတာရက်စ်၏ ပြောရေးဆိုခွင့်ရှိသူ စတက်ဖိန်ဒူဂျာရစ်က ပြောသည်။

ကီဒယ်မှ ပြန်လည်ဆုတ်ခွာလာသည့်ယာဉ်တန်းကို တိုက်ခိုက်ခံရပြီးနောက် ငြိမ်းချမ်းရေးထိန်းသိမ်းရေးတပ်ဖွဲ့ဝင် ရှစ်ဦး ဒဏ်ရာရရှိခဲ့သည်။

သီတင်းပတ်အစပိုင်းကလည်း ပြန်လည်ဆုတ်ခွာလာသည့် ယာဉ်တန်း တိုက်ခိုက်ခံရမှုကြောင့် တပ်ဖွဲ့ဝင်နှစ်ဦး ဒဏ်ရာရရှိခဲ့သည်။ ငြိမ်းချမ်းရေးထိန်းသိမ်းရေးတပ်ဖွဲ့ဝင်များ ဒီဇင်ဘာ ၃၁ ရက်တွင် ဆုတ်ခွာကြရန် လုံခြုံရေးကောင်စီက ဇွန် ၃၀ ရက်တွင် အမိန့်ပေးထားသည်။

ဆင်ဟွာ

## ပါကစ္စတန်နိုင်ငံအနောက်မြောက်ပိုင်းတွင် ရဲကားဖြတ်သန်းစဉ် ပေါက်ကွဲမှုကြောင့် ငါးဦးသေဆုံးပြီး ၂၂ ဦးဒဏ်ရာရ

အစ္စလာမ္မာဘတ် နိုဝင်ဘာ ၃

ပါကစ္စတန်နိုင်ငံအနောက်မြောက်ပိုင်း ခိုင်ဘာပတ်ထွန်ခဝါ ပြည်နယ်တွင် အောက်တိုဘာ ၃ ရက်က ရဲကားတစ်စီးအနီး ပေါက်ကွဲမှုဖြစ်ပွားခဲ့ရာ ငါးဦးသေဆုံးပြီး ၂၂ ဦးထက်မနည်း ဒဏ်ရာရရှိခဲ့သည်ဟု ရဲများနှင့် အစိုးရအရာရှိများက ပြောသည်။

ဒီရာအစ္စမေးလ် ခန်းခရိုင် ပွန်ဒါဘဇာဒေသတွင် လူသူရှုပ်ထွေးနေသည့် ဈေးအတွက် နေရာ၌ ရဲကားတစ်စီးဖြတ်သန်းသွားစဉ် ပေါက်ကွဲမှုဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ ဒဏ်ရာရရှိသူများထဲတွင် ရဲနှစ်ဦးထက်မနည်း ပါဝင်ပြီး ရဲအရာရှိများကို ပစ်မှတ်ထားကာ မော်တော်ဆိုင်ကယ်တွင် ပေါက်ကွဲစေတတ်သည့်ပစ္စည်း တပ်ဆင်ထားခြင်းဖြစ်သည်။

အဆိုပါဒေသရှိ မျက်မြင်သက်သေများ၏ ပြောကြားချက်အရ ပေါက်ကွဲမှုအပြီး ကယ်ဆယ်ရေးအဖွဲ့ဝင်များနှင့် ရဲများ အခင်းဖြစ်ပွားရာနေရာသို့ ရောက်မလာမီ သေနတ်ပစ်ခတ်သံကိုကြားမိကြောင်း သိရသည်။

ဒဏ်ရာရရှိသူများကို နီးစပ်ရာဆေးရုံသို့ ပို့ဆောင်ပေးခဲ့ပြီး ၎င်းတို့ထဲမှ အချို့မှာစိုးရိမ်ရသည့်အခြေအနေရှိသည်ဟု ဆေးရုံသတင်းအရင်းအမြစ်များက ပြောသည်။ ခရိုင်အတွင်း ဆေးရုံများတွင်လည်း အရေးပေါ်အခြေအနေအဖြစ် ကြေညာထားသည်။ အဆိုပါ အခင်းဖြစ်ပွားမှု၏ လက်သည်တရားခံကို ရှာဖွေရန် စုံစမ်းစစ်ဆေးမှုများစတင်နေပြီဟု ရဲများက ပြောသည်။ အဆိုပါ ပေါက်ကွဲမှုနှင့်ပတ်သက်၍ မည်သည့်အုပ်စု၏ လက်ချက်ဖြစ်သည်ကို မသိရသေးချေ။ ဆင်ဟွာ



# တပ်မတော်ပင်လယ်သွားဆေးရုံရေယာဉ် (သံလွင်) သည် ရန်ကုန်တိုင်းဒေသကြီး ကိုကိုးကျွန်းမြို့နယ်တွင်လည်းကောင်း၊ တပ်မတော်မြစ်တွင်းသွား ဆေးရုံရေယာဉ် (ရွှေပုဇွန်) နှင့် မြစ်ရေယာဉ်(စကု)တို့သည် ညောင်တုန်းမြို့ မြို့ပေါ်ရပ်ကွက်များနှင့် ပတ်ဝန်းကျင်ကျေးရွာများတွင်လည်းကောင်း ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်



**နေပြည်တော် နိုဝင်ဘာ ၃**

ရန်ကုန်တိုင်းဒေသကြီး ကိုကိုးကျွန်းမြို့နယ်နှင့် ဧရာဝတီတိုင်းဒေသကြီး ဟိုင်းကြီးကျွန်းနှင့် အနီးပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူများနှင့် ရခိုင်ပြည်နယ်အတွင်းရှိ ကမ်းရိုးတန်းဒေသတစ်လျှောက်မှ ဒေသခံပြည်သူများအား ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးရန် ထွက်ခွာလာသည့် တပ်မတော်နှင့် ကျန်းမာရေး ဝန်ကြီးဌာနတို့မှ ပါရဂူများ၊ ဆေးမှူးများနှင့် သူနာပြုများပါဝင်သော နယ်လှည့်အထူးကုဆေးအဖွဲ့များ လိုက်ပါလာသည့်တပ်မတော်ပင်လယ်သွားဆေးရုံရေယာဉ် (သံလွင်) သည် ယနေ့တွင် ကိုကိုးကျွန်းမြို့နယ်ပြည်သူ့ဆေးရုံတွင် အခြေပြု၍ ဒေသခံပြည်သူ ၂၅၈ ဦးအား ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်ပေးသည်။

ထိုသို့ ဆောင်ရွက်ပေးရာတွင် ဆေးကုသမှုဆိုင်ရာရောဂါ ၅၅ ဦး၊ ခွဲစိတ်ရောဂါ ၃၅ ဦး၊ သားဖွား/မီးယပ်ရောဂါ ၁၄ ဦး၊ ကလေးရောဂါ ၂၃ ဦး၊ အရိုးရောဂါ ၃၀၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ ၂၅ ဦး၊ မျက်စိရောဂါ ၄၇ ဦးနှင့် သွားနှင့်ခံတွင်းရောဂါ ၂၉ ဦးတို့ကို လိုအပ်သည့် ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးသည်။ ထို့အပြင် ခွဲစိတ်ကုသရန် လိုအပ်သူ အထွေထွေခွဲစိတ်လူနာ ခြောက်ဦး၊ မျက်စိခွဲစိတ်လူနာ နှစ်ဦး၊ ဓာတ်မှန်ရိုက်လူနာ ခုနစ်ဦး၊ အာထရာဆောင်းဖြင့် စမ်းသပ်စစ်ဆေးလူနာ ၁၆ ဦး၊ ECG စက်ဖြင့် နှလုံးစမ်းသပ်လူနာ ၁၄ ဦးနှင့် ဓာတ်ခွဲစမ်းသပ်လူနာ ၂၆ ဦးတို့ကို ရောဂါရှာဖွေ စမ်းသပ်ကုသပေးခြင်းများ ဆောင်ရွက်ပေးခဲ့သည်။

ထို့အပြင် တာဝန်ရှိသူများက ခွဲစိတ်ကုသမှုခံယူပြီးသော လူနာများအားအာဟာရဖြည့်စားသောက်ဖွယ်ရာများနှင့် လက်ဆောင်ပစ္စည်းများ ထောက်ပံ့ပေးအပ်ပြီး တပ်မတော်ပင်လယ်သွား ဆေးရုံရေယာဉ် (သံလွင်) ၌ ၂၀၁၉ ခုနှစ် မတ် ၁၈ ရက်တွင် မွေးဖွားပေးခဲ့သည့် သားငယ် သံလွင်မောင်အား ထောက်ပံ့ငွေနှင့်လက်ဆောင်ပစ္စည်းများ ပေးအပ်ခဲ့သည်။

ဆက်လက်ပြီး ကိုကိုးကျွန်းမြို့နယ် မူလတန်းကြိုကျောင်းမှ ကလေးငယ်များအား ကလေးအထူးကုပါရဂူက တစ်ကိုယ်ရေသန့်ရှင်းရေးနှင့် ပတ်သက်ပြီး အသိပညာပေး ဟောပြောပေးပြီး တာဝန်ရှိသူများက ကျန်းမာရေးစောင့်ရှောက် ပေးနေမှုများကို လိုက်လံ ကြည့်ရှုအားပေးကာ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

အလားတူ ဧရာဝတီတိုင်းဒေသကြီး ဧရာဝတီမြစ်ကြောင်းတစ်လျှောက်ရှိ မြစ်ဝကျွန်းပေါ်နေမြို့နယ်၊ ရပ်ကွက်များနှင့် ပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးရန် ရောက်ရှိနေသော တပ်မတော်နှင့် ကျန်းမာရေး ဝန်ကြီးဌာနတို့မှ ပါရဂူများ၊ ဆေးမှူးများနှင့် သူနာပြုများပါဝင်သော နယ်လှည့်အထူးကုဆေးအဖွဲ့များ လိုက်ပါလာသည့် တပ်မတော်မြစ်တွင်းသွား ဆေးရုံရေယာဉ် (ရွှေပုဇွန်) နှင့် မြစ်ရေယာဉ် (စကု) တို့သည် ယနေ့ တွင် အဖျောက်မြို့ လောကမာန်အောင်ဘုရားကြီး (မဟာသံတန်ဆောင်းတော်) ၌ အခြေပြု၍ အဖျောက်မြို့ပေါ် ရပ်ကွက်များနှင့် ပတ်ဝန်းကျင် ကျေးရွာများမှ ဒေသခံပြည်သူ ၆၂၆ ဦးအား ကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းများ ဆက်လက်ဆောင်ရွက်ပေးသည်။ **(အပေါ်ပုံ)**

ထိုသို့ ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့က ဆေးကုသမှုဆိုင်ရာ ရောဂါ ၂၂၇ ဦး၊ ခွဲစိတ်ရောဂါ ၇၅ ဦး၊ သားဖွား/ မီးယပ်ရောဂါ ၁၁ ဦး၊ ကလေးရောဂါ ၂၀ ဦး၊ အရိုးရောဂါ ၃၇ ဦး၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ ၃၅ ဦး၊ မျက်စိရောဂါ ၁၈၇ ဦးနှင့် သွားရောဂါ ၃၃ ဦးတို့ကို လိုအပ်သည့် ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးသည်။ ထို့အပြင် ခွဲစိတ်ကုသရန်လိုအပ်သူ အထွေထွေခွဲစိတ်လူနာ သုံးဦး၊ တယ်လီဗေးရှင်း ဓာတ်မှန်ရိုက်လူနာ ၂၄ ဦးနှင့် ဓာတ်ခွဲစမ်းသပ်လူနာ သုံးဦးတို့ကို ရောဂါရှာဖွေစမ်းသပ် ကုသပေးခြင်းများ ဆောင်ရွက်ပေးပြီး ဆေးရုံတက်ရောက် ကုသရန် လိုအပ်သူ နှစ်ဦးတို့ကို နီးစပ်ရာ တပ်မတော်ဆေးရုံသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို သက်ဆိုင်ရာတာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။

တပ်မတော် ပင်လယ်သွားဆေးရုံ ရေယာဉ် (သံလွင်)၊ တပ်မတော်မြစ်တွင်းသွား ဆေးရုံရေယာဉ် (ရွှေပုဇွန်) နှင့် မြစ်ရေယာဉ် (စကု) တို့မှ ကျန်းမာရေးဆောင်ရွက်ပေးမှုအပေါ် ဒေသခံပြည်သူများ၏ စကားသံများကို ယခုလိုကြားသိခဲ့ရသည်-

**ဦးအဂ္ဂဝံသ**
**သာသနာ့မဏ္ဍိုင်ကျောင်း**
**(ကိုကိုးကျွန်း)**

ဘုန်းဘုန်းက နယ်လှည့်ဆေးကုသရေးအဖွဲ့လာလို့ ဒီကိုလာပြီးတော့ ကျောက်ကပ်တို့၊ ဆီးချို



ဦးအဂ္ဂဝံသ

တို့ လာရောက်စစ်ဆေးပြီး ဆေးကုသမှု ခံယူတာပါ။ အခုလို ဆေးကုသမှုခံယူတဲ့အခါမှာ စိတ်ချမ်းသာ ကိုယ်ချမ်းသာနဲ့ အားလုံးဆေးကုသခွင့်ရတဲ့အတွက် အားလုံးကို ကျေးဇူးတင်ပါတယ်။ ပြည်သူပြည်သားတွေကလည်း ဝမ်းပန်းတသာနဲ့ ကြိုဆိုကြပါတယ်။ ဆေးကုသတဲ့ အခါမှာလည်း လိုအပ်တာမှန်သမျှ အားလုံး ပြည့်ပြည့်စုံစုံ ဆေးဝါးကအစ အကူအညီပေးတဲ့အတွက် အထူးဝမ်းသာပီတိဖြစ်မိပါတယ်။ နယ်လှည့်ဆေးကုသရေးအထူးအဖွဲ့က ကိုကိုးကျွန်းမြို့ကို မကြာခဏလာရောက်ဆေးကုသ ပေးစေလိုပါတယ်။ နိုင်ငံတော် အကြီးအကဲနဲ့တကွ နယ်လှည့်ဆေးကုသ အဖွဲ့သားများအားလုံး ဒီနေ့မှစလို့ ကိုယ်စိတ်နှစ်ပါး ကျန်းမာချမ်းသာပြီး စိတ္တသုခ၊ ကာယသုခ သုခနှစ်ဖြာ ပြည့်စုံပြီး လိုအင်ဆန္ဒပြည့်ဝကာ ဘေးအပေါင်း၊ ရန်အပေါင်းမှ ကင်းဝေးပြီး မိမိတို့ လိုအင်ဆန္ဒ ပြည့်ဝစွာဖြင့် တိုင်းပြည်တာဝန်ကို ထမ်းဆောင်နိုင်ကြပါစေလို့ ဆုမွန်ကောင်းတောင်းအပ်ပါတယ်။

**ဦးအရှိတ်**
**အမှတ်(၄)ရပ်ကွက်**
**အဖျောက်မြို့**

ကျွန်တော့်မှာ ဘယ်ဘက်ကပ်ပယ်အိတ်မှာ အဆီအကျိတ် အဖုရှိတဲ့အတွက် လာရောက်ပြီးတော့ ပြသကုသမှု ခံယူတာပါ။ အခုနှစ်ပိုင်းမှာ လျင်မြန်စွာ နည်းနည်း ကြီးထွားလာတဲ့အတွက် လန့်ပါတယ်၊ စိုးရိမ်ပါတယ်။ ဒါပေမယ့် အပြင်မှာ ကျွန်တော် ခွဲစိတ်ကုသဖို့ လိုအပ်တယ်လို့ တိုက်တွန်းကြပေမယ့် ငွေရေးကြေးရေး အခက်အခဲလေး ရှိနေတဲ့အတွက် အခုလောက်ကြန့်ကြာသွားတာပါ။ နယ်လှည့်ဆေးကုသရေး သဘောကြီး လှည့်လည်ကုသနေတဲ့ အနေအထားကို ကျွန်တော်တို့ တီဗွီသတင်းတွေမှာ မကြာမကြာ တွေ့ရပါတယ်။ အင်မတန်လည်း မျှော်လင့် တောင့်တပါတယ်။ ပြည်သူပြည်သားတွေ အနေနဲ့



ဦးအရှိတ်

အင်မတန် မျှော်လင့်အားကိုးနေတဲ့ အနေအထားတစ်ခု ဖြစ်ပါတယ်။ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်ရဲ့ လမ်းညွှန်မှုကို ခံယူပြီးတော့ ပြည်သူတွေအပေါ်မှာ စိတ်စေတနာအပြည့်နဲ့ စွမ်းဆောင်နိုင်သမျှ ဆောင်ရွက်နေတယ်လို့လည်း အစကတည်းကလည်း ယုံကြည်ပါတယ်။ အခုမျက်ဝါး ထင်ထင်လည်း တွေ့ရပါတယ်။ ဒီအတွက်လည်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကြီး နှင့် တကွ တပ်မတော်မိသားစုအားလုံးကို ကျွန်တော်တို့အနေနဲ့ လှိုက်လှဲစွာ ကျေးဇူးတင်ရှိပါတယ်။ ဂါရဝလည်းပြုပါတယ်လို့ ပြောလိုပါတယ်။

**သတင်းစဉ်**

## အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH ၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် နိုဝင်ဘာ ၃**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH ၊ NUG နှင့် ယင်းတို့၏ လက်ဝေခံ အဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူ အနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ် ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့် သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သော ပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေး သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၃ ခုနှစ် နိုဝင်ဘာ ၂ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမှုလုပ်ဆောင်ခဲ့သည့် "Hteehlaing Shin" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ် မြို့သစ်(င) ရပ်ကွက်နေ ဇင်ကိုဦးအား နံနက် ၁၀ နာရီ ၁၀ မိနစ်တွင် ပဲခူးမြို့မရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ် အရေးယူခြင်းများ ဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH ၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်း ပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# အင်ဒိုနီးရှားနိုင်ငံ၏ ဆင်းရဲနွမ်းပါးမှု လျှော့ချရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ချက်များအား လေ့လာခြင်း

— — — ခန့်ဇော် (ကျေးလက်) — — —

**အင်ဒိုနီးရှားနိုင်ငံသည် ကမ္ဘာပေါ်တွင် အကြီးဆုံး ကျွန်းစုနိုင်ငံဖြစ်ပြီး စတုရန်းမိုင်ပေါင်း ၇၃၅၃၅၈ မိုင် (စတုရန်းကီလိုမီတာ ၁၉၀၄၅၆၉) ရှိသောကြောင့် ကုန်းမြေဧရိယာအားဖြင့် ကမ္ဘာပေါ်တွင် ၁၄ ခုမြောက် အကြီးဆုံးနိုင်ငံဖြစ်သည်။ လူဦးရေ ၂၆၁ သန်းခန့် နေထိုင်ကြခြင်းကြောင့် ကမ္ဘာပေါ်တွင် စတုတ္ထမြောက် လူဦးရေအများဆုံးနိုင်ငံလည်းဖြစ်သည်။ အင်ဒိုနီးရှားနိုင်ငံ၏ အဓိကကုန်သွယ်ဖက်နိုင်ငံများမှာ တရုတ်နိုင်ငံ၊ အမေရိကန်ပြည်ထောင်စု၊ ဂျပန်နိုင်ငံ၊ စင်ကာပူနိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့ဖြစ်ကြသည်။**

လွန်ခဲ့သည့် ဆယ်စုနှစ် သုံးခုအတွင်း အင်ဒိုနီးရှားနိုင်ငံ၏ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်မှုသည် စိုက်ပျိုးရေးကဏ္ဍအပေါ် အဓိကမှီခိုအားထားခဲ့သည်ကို တွေ့ရှိရပြီး လယ်ယာကဏ္ဍသည် ဆင်းရဲနွမ်းပါးမှုလျှော့ချရန်နှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးအတွက်ပါ အလွန်အရေးပါလျက်ရှိသည်ကို တွေ့ရှိရသည်။ ထို့ကြောင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးကဏ္ဍတွင် စိုက်ပျိုးရေးကဏ္ဍသည် အဓိကဦးစားပေး ဆောင်ရွက်ရမည့်ကဏ္ဍတစ်ခုဖြစ်လာခဲ့ပြီး ပြည်သူများ၏ လူမှုစီးပွားဘဝမြှင့်တင်ပေးရာတွင် မဟာဗျူဟာကျသော အခန်းကဏ္ဍမှ ပါဝင်လာသည်။

၂၀၁၈ ခုနှစ် ဗဟိုစာရင်းအင်းစစ်တမ်းအရ နိုင်ငံလူဦးရေ၏ ၃၀ ဒသမ ၄၆ ရာခိုင်နှုန်းသည် စိုက်ပျိုးရေး၊ သစ်တောနှင့် ငါးဖမ်းခြင်းလုပ်ငန်းတို့ကို လုပ်ကိုင်သည့်အတွက် သစ်တော၊ စိုက်ခင်းများ၊ ငါးဖမ်းလုပ်ငန်းများနှင့် မွေးမြူရေးလုပ်ငန်းများကို ပေါင်းစပ်ကာ စိုက်ပျိုးရေးမူဝါဒကို ပြုပြင်ပြောင်းလဲခဲ့ပြီး လယ်ယာကဏ္ဍမှတစ်ဆင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ခဲ့သည်။ ကျေးရွာရန်ပုံငွေအစီအစဉ်ကို Ponggok Village, Klaten, Central Java တွင် ၂၀၁၅ ခုနှစ်က အကောင်အထည်ဖော်ခဲ့ပြီး ၂၀၁၇ ခုနှစ်တွင် ချမ်းသာသော ကျေးရွာအဖြစ် အောင်မြင်စွာ ပြောင်းလဲပေးနိုင်ခဲ့ပါသည်။ ၂၀၁၈ ခုနှစ် စစ်တမ်းအရ အင်ဒိုနီးရှားနိုင်ငံတွင် ကျေးရွာပေါင်း ၈၉၃၁ ရွာ ရှိပြီး ၂၅ ရာခိုင်နှုန်းခန့်မှာ မဖွံ့ဖြိုးသေးသော ကျေးရွာများဖြစ်သည်။ ဝေးလံခေါင်ပါးသော ဒေသများတွင် လူဦးရေ ၂၀ ရာခိုင်နှုန်းခန့်သာ နေထိုင်ကြသည်။ ၂၀၁၉ ခုနှစ် မတ်လစာရင်းအရ ပျမ်းမျှဆင်းရဲနွမ်းပါးမှုမျဉ်းကို ဆင်းရဲနွမ်းပါးအိမ်ထောင်စုတစ်စု၏ တစ်လဝင်ငွေ IDR 1990170 (USD 140) သတ်မှတ်ထားသည်ကို တွေ့ရှိရပြီး အာရှဖွံ့ဖြိုးရေးဘဏ် (Asia Development Bank–ADB)၏ ၂၀၂၃ ခုနှစ် ဧပြီလစာရင်း အရ ၂၀၂၂ ခုနှစ်တွင် ဆင်းရဲနွမ်းပါးမှုနှုန်း ၉ ဒသမ ၅ ရာခိုင်နှုန်းခန့်ရှိကြောင်း တွေ့ရှိရသည်။

**အင်ဒိုနီးရှားနိုင်ငံ၏ ကျေးလက်ဒေသဖွံ့ဖြိုးရေး ဆောင်ရွက်မှုအခြေအနေ**

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးတွင် ဘဏ္ဍာရေးဝန်ကြီးဌာန၊ ကျေးရွာများ ဖွံ့ဖြိုးတိုးတက်ရေးနှင့်လူဝင်မှုကြီးကြပ်ရေးဝန်ကြီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာန၊ အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းဝန်ကြီးဌာနနှင့် စိုက်ပျိုးရေးဝန်ကြီးဌာနတို့ ပါဝင်ဆောင်ရွက်လျက်ရှိကြောင်း တွေ့ရှိရပါသည်။

ကျေးလက်ဒေသ ဖွံ့ဖြိုးရေးနှင့် လယ်ယာစိုက်ပျိုးရေးသည် အင်ဒိုနီးရှားနိုင်ငံ၏ အရေးအပါဆုံး ကဏ္ဍနှစ်ခုဖြစ်သည့်အတွက် လယ်ယာစိုက်ပျိုးရေးကဏ္ဍကို အဓိကထား ဆောင်ရွက်သွားမည်ဖြစ်ကြောင်း စိုက်ပျိုးရေးဝန်ကြီးဌာနက ၂၀၁၉ ခုနှစ်တွင် ထုတ်ပြန်ကြေညာခဲ့ပြီး ကုန်ထုတ်စွမ်းအား၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့် ပို့ကုန်တိုးမြှင့်ရေးတို့ကို ဦးတည်နေဆဲဖြစ်ကြောင်း တွေ့ရသည်။

**စိုက်ပျိုးရေးကဏ္ဍဖွံ့ဖြိုးရေးဆောင်ရွက်ချက်များ**

နိုင်ငံတော်အဆင့် စိုက်ပျိုးရေးမူဝါဒအနေဖြင့် ဗဟိုအစိုးရ၏ အစပျိုးမှုအဖြစ် အမျိုးသားရေးဆိုင်ရာ ဖွံ့ဖြိုးရေးအစီအစဉ် ပြဋ္ဌာန်းချက်များ ချမှတ်ဆောင်ရွက်ခဲ့ပြီး ဒေသတစ်ခုစီ၏ ဒေသဆိုင်ရာ




အင်ဒိုနီးရှားနိုင်ငံ၏ စီးပွားရေးအလားအလာနှင့် ပတ်သက်၍ ကမ္ဘာ့ဘဏ်က ယမန်နှစ်ဒီဇင်ဘာလက ထုတ်ဝေသည့်အစီရင်ခံစာ။

အစိုးရများကလည်း ဆောင်ရွက်ချက်များနှင့် စည်းမျဉ်းများကို ထိန်းညှိပိုင်ခွင့်ရှိသည်ကို တွေ့ရသည်။

**ကျေးလက်ဒေသစိုက်ပျိုးစီးပွားဖွံ့ဖြိုးရေး(Rural Agribusiness Development–PUAP)**အစီအစဉ်သည် လုပ်ကွက်ငယ်တောင်သူများအတွက် အရင်းအနှီးထောက်ပံ့ပေးသည့် အစီအစဉ်တစ်ခုဖြစ်ပြီး ရရှိလာသော ရန်ပုံငွေများကို လယ်ယာထွက်ကုန်လုပ်ငန်းများ ရောင်းဝယ်ဖောက်ကားရေးနှင့် အခြားစိုက်ပျိုးရေး အခြေခံ စီးပွားရေးလုပ်ငန်းများအတွက် အချိုးကျခွဲဝေပေးခြင်းဖြစ်သည်။ ယင်းမှတစ်ဆင့် သမဝါယမအသင်းအဖြစ်သို့ အသွင်ကူးပြောင်းဖွဲ့စည်းကာ ဒေသဆိုင်ရာအစိုးရများက ယင်းအစီအစဉ်ကို ယနေ့အချိန်အထိ ဆောင်ရွက်နေဆဲဖြစ်သည်။ မြန်မာနိုင်ငံတွင်လည်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ဦးဆောင်မှုဖြင့် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် မိုး/ နွေစပါး၊ ပဲနှင့် ဆီထွက်သီးနှံများအတွက် လိုအပ်သော သွင်းအားစုများကို သက်သာသောအတိုးနှုန်းဖြင့် ထောက်ပံ့လျက်ရှိပါသည်။

**သီးနှံအာမခံစနစ်**

သီးနှံအာမခံလုပ်ငန်းတွင် သဘာဝဘေးအန္တရာယ်များ၊ အပင်ပိုးကျခြင်းများ၊ တိရစ္ဆာန်ကူးစက်ရောဂါဖြစ်ပွားမှု၊ ရာသီဥတုပြောင်းလဲမှုများကြောင့် ထိခိုက်မှုများနှင့် စည်းမျဉ်းအရ သတ်မှတ်ထားသော အခြားဘေးအန္တရာယ်အမျိုးအစားများ အကျုံးဝင်ပါသည်။ အာမခံပရီမီယံကြေးနှင့် အာမခံလျော်ကြေးသည် ဆန်စပါး ထုတ်လုပ်မှုကုန်ကျစရိတ်အပေါ်တွင် မူတည်သတ်မှတ်ပြီး အာမခံပရီမီယံကြေးကို အစိုးရနှင့် လယ်သမားများက မျှဝေကျခံကြခြင်းဖြစ်သည်။ ဥပမာ– တစ်ဟက်တာလျှင် ဆန်စပါးထုတ်လုပ်မှုကုန်ကျစရိတ် ရူးပီးယား (Rp) ခြောက်သန်း (အမေရိကန်ဒေါ်လာ ၆၀၀) ခန့်ရှိပါက ပရီမီယံကြေးအဖြစ် ရူးပီးယား (Rp )၁၈၀၀၀၀ (သို့) အမေရိကန်ဒေါ်လာ ၁၈ ဒေါ်လာ ပေးဆောင်ရပြီး ရှေ့ပြေးစီမံကိန်းတွင် လယ်သမားများက ပရီမီယံကြေး ၂၀ ရာခိုင်နှုန်းကိုသာ ထည့်ဝင်ရပြီး ကျန်ပရီမီယံကြေး ၈၀ ရာခိုင်နှုန်းကို အစိုးရက ထည့်ဝင်ပေးသည်ကို တွေ့ရသည်။ အာမခံထားရှိသည့် သီးနှံများ ပျက်စီးခြင်းဖြစ်ပေါ်ပါက နောက်စိုက်ပျိုးရာသီတွင် စပါးပြန်လည်စိုက်ပျိုးနိုင်စေရန် စိုက်ပျိုးထုတ်လုပ်မှုကုန်ကျစရိတ်ကို လျော်ကြေးအဖြစ် ပြန်လည်ရရှိမည်ဖြစ်ပါသည်။ မြန်မာနိုင်ငံတွင်လည်း သီးနှံအာမခံစနစ် Pilot ဆောင်ရွက်ရန် စီစဉ်လျက်ရှိကြောင်း သိရှိရပြီး မဖြစ်မနေဆောင်ရွက်သင့်သည့်လုပ်ငန်းဖြစ်ကြောင်း လေ့လာတွေ့ရှိရပါသည်။

**ပြည်သူ့ချမ်းသာကြွယ်ဝမှု၊ ဆင်းရဲနွမ်းပါးမှုဆိုင်ရာ စစ်တမ်းအစီအစဉ်(People's Prosperity Poverty Surgery Program – BEKERJA Program)**ကို ဆောင်ရွက်ခဲ့ပြီးယင်းမှာ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ဦးစားပေးကဏ္ဍများနှင့် ကျေးလက်ဒေသ ဆင်းရဲနွမ်းပါးမှုလျှော့ချရေးကို အထောက်အကူဖြစ်စေကြောင်း တွေ့ရှိရသည်။

စိုက်ပျိုးရေးဝန်ကြီးဌာန၊ စိုက်ပျိုးရေး၊ လူ့စွမ်းအားအရင်းအမြစ်နှင့် ဖွံ့ဖြိုးတိုးတက်ရေးအေဂျင်စီ (Agricultural Human Resources and Development Agency – BPPSDMP)မှတစ်ဆင့် ခေတ်မီလယ်ယာသုံးကိရိယာများကို တောင်သူများအား ထောက်ပံ့ပေးပြီး ကောက်ရိတ်စက်များ၊ လေးဘီးတပ် ထွန်စက်များ၊ မြေတူးစက်များကဲ့သို့သော ခေတ်မီစိုက်ပျိုးရေးကိရိယာများကို အသုံးပြုနိုင်ရန် လယ်သမားများအား နည်းပညာပေးသင်တန်းများ ပို့ချပေးသည်။

၂၀၁၇ ခုနှစ်မှစတင်၍ ဗဟိုအစိုးရသည် စိုက်ပျိုးရေးဝန်ကြီးဌာနနှင့်အတူ ဝေးလံခေါင်ပါးသော ဒေသများတွင် **Cash–For–Labor Village (Padat Karya Tunai Desa: PKTD Program)** ကို စတင် ဆောင်ရွက်ခဲ့ပြီး ကျေးလက်နေပြည်သူများ အထူးသဖြင့် ဆင်းရဲနွမ်းပါးပြီး မသန်စွမ်းသူများအား ဦးစားပေး၍ အပိုလုပ်ခ သို့မဟုတ် ဝင်ငွေတိုးပွားစေရန် ဆောင်ရွက်ပေးခဲ့သည်။ ထို့ပြင် တောင်သူလယ်သမားများ လယ်ယာလုပ်ကိုင်လိုစိတ် လျော့ပါးလာမှုကို ကာကွယ်ရန်အတွက် **စိုက်ပျိုးရေးဆိုင်ရာ လူငယ်စွန့်ဦးတီထွင်သူများ ဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ် (Agricultural Young Entrepreneur Growth Program–PWMP)** ကို ဆောင်ရွက်ခဲ့ပြီး စိုက်ပျိုးရေးတွင် မျိုးဆက်သစ် လူငယ်များ စိတ်ပါဝင်စားမှု ရှိလာစေရန်၊ ကျွမ်းကျင်မှုနှင့် စွန့်ဦးတီထွင်မှုစိတ်ဓာတ်များ တိုးပွားစေရန် ရည်ရွယ်ဆောင်ရွက်ခြင်းဖြစ်သည်။

**ကျေးရွာဖွံ့ဖြိုးရေးရန်ပုံငွေအစီအစဉ်**ကိုလည်း ဆောင်ရွက်ခဲ့ပြီး ရန်ပုံငွေများကို သက်ဆိုင်ရာ ကျေးရွာများ၏ ဖွံ့ဖြိုးရေးလုပ်ငန်းများ ပြုလုပ်နိုင်ရန်အတွက် ကျေးရွာအုပ်ချုပ်ရေးမှူးထံသို့ တိုက်ရိုက်ပေးအပ်သည့်နည်းလမ်းဖြင့် ဆောင်ရွက်သည်။ ကျေးရွာတစ်ရွာချင်းစီ၏ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်း လိုအပ်ချက်များ ကွဲပြားမှုရှိသော်လည်း ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ဗဟိုအစိုးရ၏ လမ်းညွှန်မှုအတိုင်းသာ ဆောင်ရွက်ကြရပြီး ရန်ပုံငွေလျာထားရာတွင် ဗဟိုအစိုးရမှ ၁၀ ရာခိုင်နှုန်းနှင့် ဒေသဆိုင်ရာ အစိုးရမှ ၉၀ ရာခိုင်နှုန်း လျာထားဆောင်ရွက်ကြောင်း သိရသည်။ ကျေးရွာစိုက်ပျိုးရေးအစီအစဉ်ကို အကောင်အထည်ဖော်မည်ဆိုပါကလည်း ဒေသဆိုင်ရာအစိုးရသည် စိုက်ပျိုးရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် ဖွံ့ဖြိုးရေးဆိုင်ရာ စည်းမျဉ်းစည်းကမ်းများကို လိုက်နာကျင့်သုံးရပါသည်။ Ponggok ကျေးရွာ၏ ဖွံ့ဖြိုးရေးအစီအစဉ်ကို လေ့လာရာတွင် ကျေးရွာဖွံ့ဖြိုးရေးအတွက်အဓိကဖြစ်သော အခြေခံအဆောက်အအုံများ ဆောက်လုပ်ခြင်း၊ စိုက်ပျိုးရေး၊ ကျေးရွာတည်ရှိမှုအနေအထားများအရ ဂေဟဗေဒဆိုင်ရာအပန်းဖြေအဆောက်အအုံများနှင့် ဂေဟ/ စိုက်ပျိုးရေး ခရီးသွားလုပ်ငန်းများ ဆောက်ရွက်ခဲ့သည်ကို လေ့လာတွေ့ရှိရပါသည်။

**❖ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် လယ်ယာစိုက်ပျိုးရေးသည် အင်ဒိုနီးရှားနိုင်ငံ၏ အရေးအပါဆုံး ကဏ္ဍနှစ်ခုဖြစ်သည့်အတွက် လယ်ယာစိုက်ပျိုးရေးကဏ္ဍကို အဓိကထား ဆောင်ရွက်သွားမည်ဖြစ်ကြောင်း စိုက်ပျိုးရေးဝန်ကြီးဌာနက ၂၀၁၉ ခုနှစ်တွင် ထုတ်ပြန်ကြေညာခဲ့ပြီး ကုန်ထုတ်စွမ်းအား၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့် ပို့ကုန်တိုးမြှင့်ရေးတို့ကို ဦးတည်နေဆဲဖြစ်ကြောင်း တွေ့ရသည်**

*စာမျက်နှာ ၁၇ သို့*

*စာမျက်နှာ ၁၆ မှ*

မြန်မာနိုင်ငံတွင်လည်း သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေး ဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကျေးရွာ ဖွံ့ဖြိုးရေးစီမံကိန်း(Village Development Project-VDP)ကို ဆောင်ရွက်လျက်ရှိရာ ယနေ့အချိန်အထိ ကျေးရွာပေါင်း ၁၇၄၇၆ရွာ၊ ဖွံ့ဖြိုးရေးလုပ်ငန်းပေါင်း ၁၉၃၀၆ ခု ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း တွေ့ရပါသည်။

**စိန်ခေါ်မှုများ**

အင်ဒိုနီးရှားနိုင်ငံ၌ စိုက်ပျိုးရေးကဏ္ဍကို ဦးစားပေးသည့် ကျေးလက်လူထုပုံစံ/ အလေ့အထ မရှိခြင်းသည် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးအစီအစဉ်များဆောင်ရွက်ရာတွင် အောက်ဖော်ပြပါ အတားအဆီးနှင့် စိန်ခေါ်မှုများ ကြုံတွေ့ရသည်ကို သတိပြုမိရသည်-

- ဈေးကွက်ဝယ်လိုအားနှင့် လိုက်လျောညီထွေရှိသည့် ထုတ်ကုန်များ ထုတ်လုပ်နိုင်မှုနည်းပါးခြင်း၊
- စိုက်ပျိုးရေးကဏ္ဍတွင် ရင်းနှီးမြှုပ်နှံရန် ရင်းနှီးမြှုပ်နှံသူများ၏ စိတ်ပါဝင်စားမှုနည်းခြင်း၊
- မြေမျက်နှာသွင်ပြင်အနေအထားအရ ကျေးလက်ဒေသ အများစုတွင် အခြေခံအဆောက်အအုံ အနည်းငယ်မျှသာ ဆောက်လုပ်နိုင်ခြင်း၊ လမ်းဖောက်လုပ်မှု နည်းပါးခြင်းကြောင့် သွားလာရေးခက်ခဲခြင်း၊
- သဘာဝဘေးအန္တရာယ်များနှင့် လူမှုရေးပဋိပက္ခများ ဖြစ်ပွားနိုင်ခြေရှိခြင်း၊
- ကျေးလက်ဒေသများတွင် လျှပ်စစ်မီး၊ ဆက်သွယ်ရေးနှင့် အင်တာနက်ရရှိမှုနည်းပါးသဖြင့် ဝေးလံခေါင်ပါးသော ကျေးရွာများသည် ပြင်ပအသိုင်းအဝိုင်းများနှင့် ဆက်သွယ်မှု မရှိသလောက် နည်းပါးသည့်အတွက် ၎င်းတို့အား အစိုးရမှ ကူညီထောက်ပံ့ပေးရန် ခက်ခဲခြင်း၊
- ဒေသဆိုင်ရာ ခေါင်းဆောင်မှုနှင့် အခွင့်အာဏာအရ ကျေးလက်နေလူထုသည် ဗဟိုအစိုးရ၏ စည်းမျဉ်းအသစ်များကို လိုက်နာမှု နည်းပါးကြပြီး ၎င်းတို့ကိုယ်တိုင် သတ်မှတ်ထားသော စံသတ်မှတ်ချက်များကိုသာ လိုက်နာကြသည့်အတွက် ဗဟိုအစိုးရ၏ယုံကြည်မှုမရရှိခြင်း၊
- စိုက်ပျိုးမြေဧရိယာ နည်းပါးလာခြင်းကြောင့် စိုက်ပျိုးထုတ်လုပ်မှုကို ကျဆင်းစေခြင်း။

**ဆင်းရဲနွမ်းပါးမှုလျှော့ချရေးအပေါ် ကျေးလက်အခြေခံအဆောက်အအုံဖွံ့ဖြိုးရေး ဆောင်ရွက်ချက်များ၏ အကျိုးသက်ရောက်မှု**

ကျေးလက်ဒေသဖွံ့ဖြိုးရေးအစီအစဉ်များ ဆောင်ရွက်ရာတွင် အခြေခံအဆောက်အအုံ ဖွံ့ဖြိုးရေး ဆောင်ရွက်ပေးနိုင်မှု နည်းပါးခြင်းသည် စိန်ခေါ်မှုတစ်ခုအဖြစ် ပါဝင်နေကြောင်း လေ့လာတွေ့ရှိရသည်။ ကျေးလက်ဒေသ ဆင်းရဲမှုလျှော့ချရေးသည် ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးနှင့် တိုက်ရိုက်ဆက်နွှယ်လျက်ရှိပြီး ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးတွင် အခြေခံအဆောက်အအုံ ဖွံ့ဖြိုးရေးသည် အဓိကကျသောအချက် ဖြစ်ပါသည်။ သို့ရာတွင် ကျေးလက်အခြေခံ အဆောက်အအုံဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အမြန်အကဲဖြတ် လေ့လာမှု တစ်ခုဖြစ်သည့် LP3ES (၂၀၀၇) အရ ကျေးလက်အခြေခံ အဆောက်အအုံ ဖွံ့ဖြိုးရေးအစီအစဉ်သည် ပြည်သူများအား အလုပ်အကိုင် ဖန်တီးပေးနိုင်သည်မှန်သော်လည်း ကျေးလက် ဒေသဆင်းရဲနွမ်းပါးမှု လျှော့ချရေးအပေါ် သိသိသာသာ သက်ရောက်မှုရှိသည်ဟု မဆိုနိုင်သေးကြောင်း လေ့လာတွေ့ရှိရသည်။

ယင်းလေ့လာမှုတွင်၂၀၀၆ ခုနှစ်က ကမ္ဘာ့ဘဏ်၊ Sigma Sarana နှင့် Institute for Economic and Social Research (LPEM FEUI) တို့ ပူးပေါင်း၍ အင်ဒိုနီးရှားနိုင်ငံအတွင်း ခရိုင်ခြောက်ခုတွင် စစ်တမ်းကောက်ယူထားသော အင်ဒိုနီးရှားကျေးလက်ရင်းနှီးမြှုပ်နှံမှု ရာသီဥတု စစ်တမ်းပါအချက်အလက်များကို အသုံးပြုထားကြောင်း လေ့လာသိရှိရပါသည်။ အချက်အလက်ကောက်ယူမှုအပိုင်း(Data Collection) တွင် ခရိုင်ခြောက်ခုဖြစ်သည့် Labuan Batu ၊ Malang ၊ Badung ၊ Sumbawa ၊ Kutai Kartanegara နှင့် Barru တို့ရှိ နမူနာကောက်ကွက် အနေဖြင့် အိမ်ထောင်စု ၂၈၀၀၊ စိုက်ပျိုးရေးလုပ်ငန်း၏ ပြင်ပဖြစ်သော စီးပွားရေးလုပ်ငန်း ၂၅၀၀ နှင့် ရပ်ရွာ အဖွဲ့အစည်းပေါင်း ၁၅၀ ထံမှ ကောက်ယူခဲ့ကြောင်း တွေ့ရှိရသည်။

ကျေးလက်အခြေခံအဆောက်အအုံတွင် ရပ်ပိုင်းဆိုင်ရာအခြေခံ အဆောက်အအုံနှင့် လူ့စွမ်းအားအရင်းအမြစ် အခြေခံအဆောက်အအုံ ဟူ၍နှစ်မျိုးရှိရာ ရေတိုအနေဖြင့် နှစ်မျိုးစလုံးသည် တိုက်ရိုက်ရောသွယ်ဝိုက်၍ပါ အကျိုးသက်ရောက်မှုရှိပြီး ရေရှည်အနေဖြင့် ကွဲပြားမှုများရှိကြောင်း လေ့လာတွေ့ရှိရသည်။ ရေရှည်တွင် ရုပ်ပိုင်းဆိုင်ရာအခြေခံအဆောက်အအုံများဖြစ်သည့် လမ်းပန်းဆက်သွယ်ရေး၊ လျှပ်စစ်မီး၊ ရေရရှိရေး၊ အိမ်ရာ၊ စီးပွားရေးအဆောက်အအုံများသည် စီးပွားရေးဖွံ့ဖြိုးမှုကို အထောက်အကူပြုပြီး လူ့စွမ်းအားအရင်းအမြစ် အခြေခံအဆောက်အအုံသည် ကျေးလက်လုပ်သားအင်အား၏ လုပ်အားတန်ဖိုးကို ပိုမိုမြင့်တက်စေရန် အထောက်အကူပြုလျက်ရှိသည်ကို လေ့လာတွေ့ရှိရသည်။

> **“ကျေးလက်ဒေသဖွံ့ဖြိုးရေးအစီအစဉ်များ ဆောင်ရွက်ရာတွင် အခြေခံအဆောက်အအုံ ဖွံ့ဖြိုးရေးဆောင်ရွက်ပေးနိုင်မှုနည်းပါးခြင်းသည် စိန်ခေါ်မှုတစ်ခုအဖြစ် ပါဝင်နေကြောင်း လေ့လာတွေ့ရှိရသည်။ ကျေးလက်ဒေသ ဆင်းရဲမှုလျှော့ချရေးသည် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးနှင့် တိုက်ရိုက်ဆက်နွှယ်လျက်ရှိပြီး ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးတွင် အခြေခံအဆောက်အအုံ ဖွံ့ဖြိုးရေးသည် အဓိကကျသောအချက် ဖြစ်ပါသည်။ သို့ရာတွင်...”**

ယင်းလေ့လာမှုမှတစ်ဆင့် အင်ဒိုနီးရှား၏ ကျေးလက်အခြေခံ အဆောက်အအုံဖွံ့ဖြိုးရေး မူဝါဒကို အကျဉ်းချုံးသုံးသပ်ရှုမြင်ခွင့် ရရှိပြီး အခြေခံအဆောက်အအုံနှစ်မျိုး၏ ဖွံ့ဖြိုးတိုးတက်မှုကြောင့် ကျေးလက်ဒေသဆင်းရဲနွမ်းပါးမှုကို အတိုင်းအတာတစ်ခုအထိ လျှော့ချနိုင်မှုကို လက်တွေ့ကျကျ သုံးသပ်တင်ပြထားသည်ကို လေ့လာသိရှိရသည်။

**ကျေးလက်အခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်ရေးမူဝါဒ**

သမ္မတဆိုဟာတို(Soeharto)လက်ထက်တွင် ကျေးလက်အခြေခံ အဆောက်အအုံ ဖွံ့ဖြိုးရေးမူဝါဒကို ဦးစားပေးဆောင်ရွက်ခဲ့ပြီး ပြုပြင်ပြောင်းလဲရေးခေတ်အစိုးရများကလည်း ဆက်လက်ဆောင်ရွက်ခဲ့ကြောင်း တွေ့ရှိရသည်။

၂၀၀၁ ခုနှစ်တွင် စီးပွားရေးအရှိန်အဟုန်ဖြင့် ပြန်လည်ဦးမော့လာစေရန် ရည်ရွယ်၍ အခြေခံအဆောက်အအုံဖွံ့ဖြိုးရေးကို အရှိန်အဟုန်မြှင့်ဆောင်ရွက်နိုင်ရန်အတွက် အမျိုးသားအဆင့် ကော်မတီကို ဖွဲ့စည်းခဲ့ပြီး ၂၀၀၅ ခုနှစ်တွင် ကျေးလက်အခြေခံအဆောက်အအုံ ဖွံ့ဖြိုးရေးမူဝါဒကို ပြန်လည်ပြဋ္ဌာန်းခဲ့ကြောင်း လေ့လာရပါသည်။ ယင်းမူဝါဒကို လေ့လာရာတွင် ပြုပြင်ပြောင်းလဲရေးခေတ်မတိုင်မီက ဗဟိုအစိုးရသည် အရေးကြီးသောအခန်းကဏ္ဍမှ ပါဝင်ခဲ့ပြီး ယင်းနောက်တွင်မူ ဗဟိုချုပ်ကိုင်မှုစနစ်မှ ဒေသဆိုင်ရာကိုယ်ပိုင်အုပ်ချုပ်ခွင့်ကို အသားပေးသည့်ပုံစံသို့ ပြောင်းလဲသွားခဲ့သော်လည်း အခြေခံအဆောက်အအုံဖွံ့ဖြိုးရေးကို ယင်းပြောင်းလဲမှုများနှင့်အတူ လိုက်ပါပြောင်းလဲဆောင်ရွက်နိုင်ခြင်း မရှိခဲ့ပေ။ ဥပမာ- ဗဟိုအစိုးရတာဝန်ယူဆောင်ရွက်ခဲ့သည့် ဆည်ရေသောက်စနစ်သည် ဒေသဆိုင်ရာ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရသည့် လက်ထက်တွင် ပြုပြင်ထိန်းသိမ်းမှုများ မလုပ်နိုင်ဘဲ မကြာခဏပျက်စီးလျက်ရှိသည်ကို တွေ့ရှိရသည်။ ကျေးလက်အခြေခံအဆောက်အအုံ ဖွံ့ဖြိုးရေးဆိုင်ရာ အတွေးအခေါ်များကို ပြောင်းလဲရန် ခက်ခဲသည့်အပြင် ဒေသဆိုင်ရာအစိုးရ ရန်ပုံငွေနှင့် ဘတ်ဂျက်အကန့်အသတ်ရှိခြင်းသည်လည်း အခြေခံအကျဆုံး အတားအဆီးဖြစ်လာခဲ့ကြောင်း လေ့လာတွေ့ရှိရပါသည်။

ကျေးလက်ဒေသ ဆင်းရဲနွမ်းပါးမှုသည် ကျေးလက်အခြေခံ အဆောက်အအုံများ မပြည့်စုံခြင်းကြောင့်သာမက လူမှုရေးနှင့် ယဉ်ကျေးမှုအခြေအနေများ၊ မြေမျက်နှာသွင်ပြင်အနေအထား စသည့် တိုးတက်မှုများကို အထောက်အကူမပြုသည့် ကျေးလက်အဖွဲ့အစည်းများကြောင့်လည်းဖြစ်ကြောင်း လေ့လာသိရှိရပါသည်။ သို့ရာတွင် ကျေးလက်အခြေခံအဆောက်အအုံ ဖွံ့ဖြိုးမှုသည် ကျေးလက်ဒေသ စည်ပင်ဝပြောစေရေးအတွက် အခြေခံမူဘောင်တစ်ခုဖြစ်သည်ကို မငြင်းပယ်နိုင်ကြပေ။ စင်စစ်မူ လျှပ်စစ်ဓာတ်အားနှင့် ဆက်သွယ်ရေးလိုင်းများကဲ့သို့ ကြီးမားသည့်ရင်းနှီးမြှုပ်နှံမှုများကို ကျေးလက်နေပြည်သူများအနေဖြင့် ဆောင်ရွက်ရန် မစွမ်းနိုင်သော်လည်း သန့်ရှင်းသောသောက်သုံးရေ၊ မိလ္လာစနစ်နှင့် ကျေးလက်လမ်းကဲ့သို့ အချို့အခြေခံအဆောက်အအုံများကို ကျေးလက်နေပြည်သူများ အင်အားဖြင့် စုပေါင်းဆောင်ရွက်နိုင်သည်ကို တွေ့ရှိရသည်။ အင်ဒိုနီးရှားစာရင်းအင်းသုတေသနဦးစီးဌာန၏ ၂၀၂၃ ခုနှစ် ဇန်နဝါရီလ ၂၈ ရက် ထုတ်ပြန်ချက်အရ ၂၀၂၂ ခုနှစ်တွင် အင်ဒိုနီးရှားအိမ်ထောင်စုများ၏ ၈၀ ဒသမ ၉ ရာခိုင်နှုန်းခန့် သန့်ရှင်းသောသောက်သုံးရေရရှိပြီး ၉၉ ဒသမ ၆၃ ရာခိုင်နှုန်းခန့် လျှပ်စစ်မီးရရှိကြောင်း တွေ့ရှိရသည်။

အစိုးရ၏ ရန်ပုံငွေမှာ အကန့်အသတ်ရှိသည့်အတွက် ဒေသခံပြည်သူများနှင့်ပူးပေါင်း ဆောင်ရွက်သည့်အလေ့အထကို အစပြုပျိုးထောင်ပေးသင့်ကြောင်း လေ့လာသိရှိရပါသည်။ ကျေးလက်နေပြည်သူများအား ကျေးရွာအခြေခံအဆောက်အအုံ စီမံကိန်းများတွင် ပါဝင်လုပ်ကိုင်စေပြီး ဝင်ငွေရရှိစေသည့် နည်းလမ်းမျိုး ကျင့်သုံးသင့်ကြောင်း တင်ပြထားသည်ကိုလည်းတွေ့ရှိရသည်။

ယင်းနည်းလမ်းသည် Direct Cash Assistance (BLT)ခေါ် တိုက်ရိုက် ငွေကြေးထောက်ပံ့သည့်စနစ်ထက် ပိုမိုအကျိုးရှိကြောင်း တွေ့ရှိရသည်။ BLT အစီအစဉ်သည် အစိုးရအပေါ် မှီခိုအားထားမှုကို မြင့်တက်စေသောကြောင့်ဖြစ်ပြီး လုပ်အားပါဝင်ဆောင်ရွက်စေသည့် နည်းလမ်းမှာ ကိုယ့်အားကိုယ်ကိုးသည့် အလေ့အထကောင်းကို ရရှိစေသည့်အပြင် အမှန်တကယ်ဆင်းရဲသူများအတွက် အထောက်အပံ့ကောင်းဖြစ်စေသည့် မှန်ကန်သောနည်းလမ်းဖြစ်သည်ကို တွေ့ရှိရသည်။ အလုပ်လုပ်ချင်စိတ်ရှိသူများအတွက် ဆင်းရဲတွင်းမှ အမှန်တကယ်လွတ်မြောက်နိုင်စေမည်ဖြစ်ပါသည်။

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ကံသာယာရပ်ကွက်၊ အကွက်အမှတ်(ဖ-၂)၊ ဦးပိုင်အမှတ်(၁၀၈)၊ ၅၈ x ၅၉ လမ်းကြား၊ နှင်းဆီလမ်းနှင့် မြတ်လေးလမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဒေါ်သိဂီ ၉/မရမ(နိုင်)၀၅၇၆၇၇ က အမှုတွဲအမှတ် ၅၂၅၉/၂၀၂၃-၂၀၂၄ ဖြင့် သက်တမ်းတိုး လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

# သွာနုတ္တသားသမီးများဖြစ်ကြောင်း ကြေညာခြင်း

မွန်ပြည်နယ်၊ မုဒုံမြို့၊ မြို့မ(၄)ရပ်ကွက်၊ ဝဲဂိုဒေါင်(ပုလဲလမ်း)၊ အမှတ် (A-၅)နေ ဦးအောင်မြကြည် ၁၀/မဒန(နိုင်)၀၅၅၈၇၂ နှင့် ဒေါ်ဝင်းတင် ၁၀/မဒန(နိုင်)၀၅၅၉၀၈ တို့၏ သမီးများဖြစ်ကြသော (၁) မစန်းမြင့် ၁၀/မဒန(နိုင်)၀၅၉၈၅၇၊ (၂) မမြင့်အေး ၁၀/မဒန(နိုင်)၁၀၂၆၇၆ ၊ (၃) မသန်းမြင့်ငွေ ၁၀/မဒန(နိုင်)၁၀၂၆၇၅၊ (၄) မသက်သက်ထွန်း ၁၀/မဒန(နိုင်)၁၆၈၂၂၃ တို့သည် မိဘနှစ်ပါး၏ ဆိုဆုံးမမှုများကို လိုက်နာမှုမရှိခြင်း၊ မိဘနှစ်ပါးအား စိတ်အနှောင့်အယှက်ဖြစ်အောင်၊ စိတ်ဆင်းရဲအောင်အမြဲတစေပြုမူဆောင်ရွက်ခြင်း၊ မိဘနှစ်ပါးအပေါ် ရန်သူကဲ့သို့ ပြုမူဆက်ဆံခြင်း၊ ဆဲဆိုကြိမ်းမောင်းခြင်း၊ သားသမီးများနှင့်မလျော်ညီသောပြုမူမှု၊ ပြောဆိုမှု၊ ဆက်ဆံမှုများကို အကြိမ်ကြိမ်ပြုလုပ်ခဲ့ကြသဖြင့် သမီး(၄)ဦးတို့၏ ပြုလုပ်မှု၊ ပြောဆိုမှု၊ ဆက်ဆံမှုများကြောင့် မိဘနှစ်ပါးတို့ဖြစ်ကြသော ကျွန်တော်၊ ကျွန်မတို့မှာ ပတ်ဝန်းကျင်၌လည်း မျက်နှာမပြဝံ့အောင် အရှက်သိက္ခာရရှိအောင် အကြိမ်ကြိမ်ပြုမူဆောင်ရွက်ပြုလုပ်ခဲ့ကြသော အထက်အမည်ပါ သမီး (၄)ဦးတို့အား သွာနုတ္တသားသမီးများဖြစ်ကြောင်း ကြေညာအပ်ပါသည်။

| | |
|---|---|
| **ဦးအောင်မြကြည်** | **ဒေါ်ဝင်းတင်** |
| **၁၀/မဒန (နိုင်) ၀၅၅၈၇၂** | **၁၀/မဒန (နိုင်) ၀၅၅၉၀၈** |

## သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ရခိုင်ပြည်နယ်၊ ရမ်းဗြဲမြို့နယ်၊ အတွင်းပြင်ကျေးရွာနေ ဦးc/ဇ (ခ) ဦးမောင်ချိုးလောင်နှင့် (ဒေါ်အေးတင်)တို့၏သမီး ဒေါ်ခင်ဆန်းရီ ၁၁/ရဗန(နိုင်) ၀၆၇၈၇၀ သည် မိဘများခွင့်မလွှတ်နိုင်သည့် အပြုအမူကို ပြုလုပ်သွားပါသဖြင့် သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်သည်။

**ဦးမောင်ချိုးလောင်**
**အတွင်းပြင်ကျေးရွာ**
**ရမ်းဗြဲမြို့နယ်၊ ရခိုင်ပြည်နယ်**

## အကြင်လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲပြီးကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ သုခလမ်း၊ အမှတ်-၁၉၂ နေ ကိုအောင်ဟိန်း(ဘ)ဦးကျော်မြင့် ၁၂/လမန(နိုင်)၁၂၅၉၂၃ နှင့် နေပြည်တော်၊ ဥတ္တရသီရိမြို့နယ်၊ ချင်းရွာနေ မနွေဦးခိုင်(ဘ)ဦးဝင်းမြင့် ၉/လဝန(နိုင်)၁၇၁၄၃၉ တို့သည် ၂၄-၂-၂၀၂၁ ရက်၌ နှစ်ဦးသဘောတူကွာရှင်းပြတ်စဲ ပြီးဖြစ်ပါသောကြောင့် တစ်ဦးနှင့်တစ်ဦး မည်သို့မျှ ပတ်သက်ဆက်နွှယ်မှုမရှိတော့ပါကြောင်းနှင့် ကိုအောင်ဟိန်းနှင့်ပတ်သက်သည့် မည်သည့်ကိစ္စအဝဝသည် မနွေဦးခိုင်နှင့် ပတ်သက်/သက်ဆိုင်ခြင်းမရှိပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**မနွေဦးခိုင်၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ချိုဇင်လတ် (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၁၉၂၅)**
**အမှတ်(၄/၂၁၀)၊ လမ်းမတော်လမ်း၊ လယ်ဝေးမြို့။**
**ဖုန်း-၀၉-၇၉၇၄၅၉၉၂၄**

## စေ့စပ်ကြောင်းလမ်းပြီးစီးကြောင်း

Kidderminster မြို့နယ်၊ (UK) နေ
Mr.Paul Antony Timms+Mrs.Sandra Melinda Timms တို့၏ တစ်ဦးတည်းသောသား

**Mr. Antony Paul Timms**

(Worcester မြို့နယ်၊ (UK)

**နှင့်**

က/၉၉၊ ကံ့ကော်လမ်းသွယ်(၂)လမ်း၊ ဘုရင့်နောင်ပွဲရုံတန်း၊
မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးနေ
ဦးအုန်းလွင်-ဒေါ်နွဲ့နွဲ့ရီ(ခ)ဒေါ်ငယ်တို့၏သမီးထွေး

**မယွန်းသဥ္ဇာလွင်**

တို့သည်မိဘများ၏ခွင့်ပြုချက်အရ စေ့စပ်ကြောင်းလမ်းခြင်းအခမ်းအနားကို ၃၀-၁၀-၂၀၂၃ ရက်တွင် ပြီးစီးပြီး ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**နှစ်ဖက်သောမိဘများနှင့်**
**Mr. Antony Paul Timms + မယွန်းသဥ္ဇာလွင်**

## ဒေါ်ဖြူဖြူအောင် ၁၂/မဂဒ(နိုင်)၀၃၄၇၇၆ နှင့် အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ ပေါက်ကုန်းရပ်ကွက်၊ အပိုင်(၃)၊ နှင်းဆီလမ်း၊ အမှတ်(၁-ဂ)နေ ဒေါ်ဖြူဖြူအောင် ၁၂/မဂဒ(နိုင်)၀၃၄၇၇၆ သည် အခြားသူများထံမှ ငွေကြေးများ ချေးငှားခြင်းတို့ပြုလုပ်ထားသည်များကို ကျွန်ုပ်၏မိတ်ဆွေများဖြစ်သော ဒေါ်ချိုဇင်ဦး ၁၂/မဂဒ(နိုင်)၁၃၂၇၃၆ နှင့် ဒေါ်သူဇာမင်း၁၂/မဂဒ(နိုင်)၁၇၀၄၂၀ တို့သည် သားသမီးတို့ဝတ္တရားရှိသည့်အတိုင်း မိခင် အမည်မပျက်စေရန် အကြိမ်ကြိမ်ဖြေရှင်းဆောင်ရွက်ပေးခဲ့ပါသည်။ သို့ဖြစ်ပါ၍ ယခုအချိန်မှစတင်ကာ မိခင်ဖြစ်သူ ဒေါ်ဖြူဖြူအောင်၏ နောက်နောင် ဖြစ်ပေါ်လာမည့် ငွေကြေးကိစ္စအရှုပ်အရှင်းများအား ကျွန်ုပ်၏မိတ်ဆွေများမှ မည်သို့မျှ တာဝန်ယူဖြေရှင်း ဆောင်ရွက်ပေးတော့မည် မဟုတ်ပါကြောင်း ဒေါ်ဖြူဖြူအောင် ၁၂/မဂဒ(နိုင်)၀၃၄၇၇၆ နှင့် အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ချိုဇင်ဦး ၊ ဒေါ်သူဇာမင်းတို့၏ လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဦးဝင်းထက်ဦး( LL.B )** | **ဒေါ်ဝေမိုးသူ ( LL.B )** |
| **အထက်တန်းရှေ့နေ(စဉ်- ၄၀၈၇၄ )** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၃၃၅၂ )** |

**မင်္ဂလာဒုံမြို့နယ်ရှေ့နေများနားနေခန်း၊မင်္ဂလာဒုံမြို့နယ်တရားရုံးဝင်း။**
**ဖုန်း-၀၉-၈၈၂၅၁၁၁၈၈၊ ၀၉-၄၂၁၁၄၉၇၆၈**

## ကန့်ကွက်နိုင်ပါကြောင်း

ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်ခရိုင်၊ ပုသိမ်မြို့နယ်(ရွှေသောင်ယံ မြို့နယ်ခွဲ)၊ ချောင်းသာကျေးရွာအုပ်စု၊ ၁၉၉၀(ပြင်)၊ ချောင်းသာ(ပြင်)၊ ဦးပိုင်အမှတ်-၈၂/၁(ခ)+၁၀၀/၁(ခ)၊ Block No(14)၊ ချောင်းသာရွှေသောင်ယံကားလမ်း၊ ဧရိယာ ၁ ဒသမ ၅၁ ဧကရှိ လ.န(၃၉)ခွင့်ပြုမိန့် ရရှိပြီး ဟိုတယ်မြေအမျိုးအစား မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးသည် ပုသိမ်မြို့နယ် လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာနတွင် ဒေါ်ယဉ်ယဉ်ထွေး ၇/ပခန(နိုင်)၀၃၁၉၀၆ အမည်ပေါက်တည်ရှိပြီး အမည်ပေါက်ကိုယ်တိုင်မှ ပိုင်ဆိုင်မှု အရှုပ်အရှင်းကင်းရှင်း၍ ပြန်လည်လွှဲပြောင်းရောင်းချ ပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုပြောကြားလာသဖြင့် ကျွန်ုပ်တို့၏မိတ်ဆွေမှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေအဖြစ် (ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို) ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောစာချုပ်စာတမ်းမူရင်း အထောက်အထားများဖြင့် ဤကြော်ငြာပါသည့် ရက်မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်တို့ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက ဤအရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဒေါ်မွန်မွန်ချို (LL.B)** | **ဒေါ်စန္ဒာဝင်း(LL.B)** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၂၆၈)** | **အထက်တန်းရှေ့နေ(စဉ်-၂၆၄၀၉)** |

**အမှတ် (၈၂၈/က)၊ ကျွန်းရွှေမြိုင်လမ်း၊ (၁၈/စီ) ရပ်ကွက်၊**
**ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၂၅၀-၆၈၅-၇၁၇၊ ၀၉-၇၉၇-၆၄၀-၆၁၆**

## ပျောက်ဆုံးကြောင်း

ကျွန်မ မဝင်းဝင်းနွယ် ၁၂/ရပသ(နိုင်)၀၅၃၇၇၆၏ နိုင်ငံကူးလက်မှတ်(မမှတ်မိ)မှာ ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၉၇၇၇၉၉၁၈၃**

## Passport ပျောက်ဆုံးကြောင်း

(ဘ) ဦးသန်းလွင်၏ သမီး ကျွန်မ မခိုင်ခိုင်ဝင်း ၈/အလန(နိုင်) ၁၃၇၃၅၃ ကိုင်ဆောင်ထားသော Passport No. 761825 ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန် လေးစားစွာ အသိပေး မေတ္တာရပ်ခံအပ်ပါသည်။

**ဖုန်း-၀၉-၉၇၄၇၂၆၄၇၅**

## ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ ၈ ရပ်ကွက်၊ သီရိမင်္ဂလာလမ်း၊ အမှတ်-၅၆ တွင် နေထိုင်ခဲ့ပြီး ယခုနေရပ်လိပ်စာမသိသူ ဦးတင်ယု(EMGI-၀၉၂၀၆၆)သိစေရန်

ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၆)၊ လူနေရပ်ကွက်အမှတ်(စက်မှု)၊ သရက်လမ်း၊မြေကွက်အမှတ်(၃၆၆) ဟုခေါ်တွင်သော ဧရိယာ ၀ ဒသမ ၀၅၅ ဧက၊ အကျယ်အဝန်းရှိ နှစ်(၆၀)ဂရန် မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိနေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်ကို ဂရန်အမည်ပေါက်ပိုင်ရှင်ဦးတင်ယုထံမှ ၂၇-၆-၂၀၁၁ ရက်တွင် ဦးထိန်လင်းက "နှစ်ဦးသဘောတူ အိမ်ခြံမြေအပြီးအပိုင်လွှဲပြောင်းရောင်းချခြင်းကတိစာချုပ်"ချုပ်ဆို၍ ဝယ်ယူ လက်ရောက်ရရှိခဲ့ပါသည်။ ထို့နောက်ဦးထိန်လင်းက ၅-၅-၂၀၁၈ ရက်တွင် "မြေနှင့်အိမ် အရောင်းအဝယ်သဘောတူကတိစာချုပ်" ချုပ်ဆို၍ ဦးကျော်ထက်လင်းအား ရောင်းချခဲ့၍ ယခုအခါ ဦးကျော်ထက်လင်းဝယ်ယူလက်ရောက်ရရှိနေသော မြေနှင့်အိမ်ဖြစ်ပါသည်။ ဦးကျော်ထက်လင်းမှအိမ်နှင့်မြေအရောင်းအဝယ် တရားဝင် အထမြောက်စေရန် ရန်ကုန်မြို့ စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် မှတ်ပုံတင်စာချုပ်ချုပ်ဆိုလိုပါသဖြင့် ဤကြော်ငြာပါသည့်ရက်မှ(၇)ရက်အတွင်း ကျွန်ုပ်တို့နှင့်ဆက်သွယ်ဆောင်ရွက်ရန် အကြောင်းကြားအပ်ပါသည်။

**ဦးကျော်ထက်လင်း၏ လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဦးကျော်မြင့် (H.G.P, LL.B )** | **ဒေါ်နှင်းမြခိုင် (LL.B, LL.M)** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်-၃၂၂၆)** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၁၃၀၃)** |

**အမှတ်(၁၂၆)ပထမထပ် ၊ ဆိပ်ကမ်းသာလမ်း၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၅၀၈၆၇၀၄ ၊ ၀၉-၄၄၃၀၈၈၃၈၃၊ ၀၉-၇၃၀၈၈၃၈၃**

## အမည်ပြောင်း

ရန်ကုန်မြို့၊ကြည့်မြင်တိုင်မြို့နယ်၊ အိုးဘိုအထက်လမ်း၊အမှတ်(၇၅) နေဦးတင်မောင်ထွန်း(၁၂/ကမတ(နိုင်)၀၁၇၆၁၃)၏သားဖြစ်သူ ဦးဝေဖြိုးစံ(၁၂/ကမတ(နိုင်)၀၆၈၂၈၄)အားယနေ့မှစ၍ဦးဝေဖြိုးဟု အမည်ပြောင်းလဲခေါ်ဆိုပါရန်။ နောင်တွင်ဦးဝေဖြိုးအမည်ဖြင့်သာ အသုံးပြုတော့မည်ဖြစ်ပါကြောင်း သိစေအပ်ပါသည်။

**ဦးဝေဖြိုး**
၁၂/ကမတ(နိုင်)၀၆၈၂၈၄

## ပျောက်ဆုံးကြောင်း

ကျွန်မ မတာရာဝင်း ၁၄/ဟသတ(နိုင်)၁၉၇၄၈၇ ၏ နိုင်ငံကူးလက်မှတ်(မမှတ်မိ) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၇၇၃၀၄၇၉၃၉**

## ဇနီးအဖြစ်မှစွန့်လွှတ်ကြောင်း

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ ဥတ္တရသီရိမြို့၊ တောင်ညို ကျေးရွာနေ ဦးတိုးတိုးဝင်း ၅/ကလတ(နိုင်)၀၅၄၈၈၄ ၏ ဇနီးဖြစ်သူ ဒေါ်တင်သီရိစိုး ၁၄/ပသန(နိုင်)၁၅၃၇၃၃ သည် ခွင့်မလွှတ်နိုင်သည့် ကိစ္စများပြုလုပ်ပြီး နေအိမ်မှ ထွက်ခွာသွားပါသဖြင့် ကျွန်တော်၏ ဇနီးအဖြစ်မှ စွန့်လွှတ်ကြောင်းနှင့်၎င်းနှင့်ပတ်သက်သည့် ကိစ္စအဝဝကို(လုံးဝ) လုံးဝတာဝန်ယူ ဖြေရှင်းပေးမည်မဟုတ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးတိုးတိုးဝင်း**
**၅/ကလတ(နိုင်)၀၅၄၈၈၄**

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 2E/1320 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(ရန်ကုန်အနောက်ပိုင်း)**

## မန္တလေးတိုင်းဒေသကြီး၊ ပျော်ဘွယ်မြို့နယ် မြို့နယ်သမဝါယမအသင်းစု အိတ်ပိတ်လေလံလျှောက်လွှာခေါ်ယူခြင်း

၁။ မန္တလေးတိုင်းဒေသကြီး၊ ပျော်ဘွယ်မြို့နယ်သမဝါယမအသင်းစုပိုင် မြင်းဘက်ရပ်ကွက်၊ ဦးပိုင်အမှတ်(၄)၊ အကွက်အမှတ်(၁၂)၊ မြေဧရိယာ ၀ ဒသမ ၀၉၈ ဧကရှိ မြေကွက်နှင့် ၎င်းမြေပေါ်ရှိ အဆောက်အအုံများအား အိတ်ပိတ်လေလံစနစ်ဖြင့် ရောင်းချမည်ဖြစ်ပါသည်။

၂။ အိတ်ပိတ်လေလံစည်းကမ်းချက်များနှင့် လျှောက်လွှာပုံစံရောင်းချခြင်းလုပ်ငန်းများအား ကြော်ငြာသည့်ရက်မှစ၍ ရုံးချိန်အတွင်း အောက်ပါအတိုင်း ဆောင်ရွက်သွားမည်ဖြစ်ပါသည်-

(က) **အိတ်ပိတ်လေလံလျှောက်လွှာ ရောင်းချမည့်ရက်** - ၉-၁၁-၂၀၂၃ ရက်
(ခ) **အိတ်ပိတ်လေလံလျှောက်လွှာ ပိတ်မည့်ရက်** - ၁၄-၁၁-၂၀၂၃ ရက်၊ ၁၆:၃၀ နာရီ
(ဂ) **အိတ်ပိတ်လေလံဖွင့်လှစ်မည့်ရက်** - ၁၅-၁၁-၂၀၂၃ ရက်၊ ၁၀:၀၀ နာရီ
(ဃ) **အိတ်ပိတ်လေလံလျှောက်လွှာ ရောင်းချမည့်နေရာ** - မြို့နယ်သမဝါယမအသင်းစု၊ ရုံးပေါင်းစုံလမ်း၊ မြင်းဘက်ရပ်၊ ပျော်ဘွယ်မြို့

၃။ အသေးစိတ်အချက်အလက်များအား သိရှိလိုပါက အောက်ပါဖုန်း နံပါတ်များသို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်-

**ဆက်သွယ်ရန်ဖုန်း- ၀၉-၄၀၃၇၁၉၅၃၃၊ ၀၉-၄၃၀၄၅၁၈၁**
**အိတ်ပိတ်လေလံတင်ထုခွဲရောင်းချရေးအဖွဲ့**
**မြို့နယ်သမဝါယမအသင်းစု၊ ပျော်ဘွယ်မြို့**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ တပ်ကုန်းမြို့၊ မြဝတီရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၇/အနော်ရထာ၊ ဦးပိုင်အမှတ် (၂၉)၊ ဧရိယာ ၀ ဒသမ ၁၃၆ ဧကအား ဦးသူရဇော်ဇော်(ဘ)ဦးညွန့်ဆွေ ၉/တကန(နိုင်)၁၁၇၈၃၂ မှ ပိုင်ဆိုင်ကြောင်း ကျမ်းကျိန်လွှာအမှတ် (၂၀၉၂/၂၀၂၃)၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက်၊ တပ်ကုန်းမြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန ထောက်ခံချက်၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ အိမ်ထောင်စုလူဦးရေစာရင်းမူရင်းများတင်ပြပြီး အဆောက်အအုံဆောက်လုပ်မိန့်တင်ပြရန်အတွက် မြေပုံ၊ မြေရာဇဝင်လျှောက်ထားလာရာကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီမြေပုံ၊မြေရာဇဝင်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း

ဇန်းမော်မြို့၊ ညောင်ပင်ရပ်ကွက်၊ အကွက်အမှတ် (၂၄) ညောင်ပင်ရပ်၊ ဦးပိုင်အမှတ် (၁၁၂) ၊ ဧရိယာ ၀ ဒသမ ၀၈၀ ဧကရှိ မြေကွက်အမည်ပေါက်သူ ဒေါ်ခင်မြင့် အမည်မှ ဦးဇော်မင်းဟန် ၁/ဗမန(နိုင်) ၀၄၄၀၄၅ အမည်သို့ အမည်ပြောင်း မြေငှားဂရန်အသစ် လျှောက်ထားမည်ဖြစ်ပါ၍ ကန့်ကွက်လိုသူရှိပါက ဤကြော်ငြာပါသည့်ရက်မှ ၁၄ရက်အတွင်း အထောက်အထားခိုင်လုံစွာဖြင့် ကန့်ကွက်နိုင်ပါကြောင်း။

**ဦးဇော်မင်းဟန်၊ ဇန်းမော်မြို့**

## ကန့်ကွက်နိုင်ပါကြောင်း

ဇန်းမော်မြို့၊ သာစည်ရပ်ကွက်၊ အကွက်အမှတ် (၁၇)၊ ဦးပိုင်အမှတ် (၉၇)၊ ဧရိယာ ၀ ဒသမ ၁၆၄ ဧကရှိ မြေကွက်အမည်ပေါက်သူ ဒေါ်မြမြအေး အမည်မှ ဦးဇော်မင်းဟန် ၁/ဗမန(နိုင်)၀၄၄၀၄၅ အမည်သို့ အမည်ပြောင်း မြေငှားဂရန်အသစ် လျှောက်ထားမည်ဖြစ်ပါ၍ ကန့်ကွက်လိုသူရှိပါက ဤကြော်ငြာပါသည့်ရက်မှ ၁၄ ရက်အတွင်း အထောက်အထား ခိုင်လုံစွာဖြင့် ကန့်ကွက်နိုင်ပါကြောင်း။

**ဦးဇော်မင်းဟန် ၊ ဇန်းမော်မြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၈၂ယ/၁၇၃၃၁ ယာဉ်လက်ဝယ်ရှိသူ ဦးသန်းစိုး ၁၀/မလမ(နိုင်)၂၉၉၆၅၉ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ဦးစီးမှူးရုံး**
**မော်လမြိုင်မြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁၃ယ/၄၀၃၈၅ ယာဉ်လက်ဝယ်ရှိသူ ဦးဇော်မင်းအောင် ၁၀/မလမ(နိုင်)၂၇၃၄၇၈ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ဦးစီးမှူးရုံး**
**မော်လမြိုင်မြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂၁ယ/၉၂၄၈၄ ယာဉ်လက်ဝယ်ရှိသူ ဦးဇော်မင်းအောင် ၁၀/မလမ(နိုင်)၂၇၃၄၇၈ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ဦးစီးမှူးရုံး**
**မော်လမြိုင်မြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 56W/89087 ယာဉ်လက်ဝယ်ရှိသူ ဦးကျော်ဇင်ဝင်း ၉/ကဆန(နိုင်)၂၂၈၁၉၅ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(ကျောက်ဆည်)**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်-၂ရပ်ကွက်၊ အကွက်အမှတ် စ-၄၊ ဦးပိုင်အမှတ်(၁၉)/ ၆၅လမ်း၊ ၁၀၈ x ၁၀၉ လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဦးဇော်ဇော်လပ် ၈/ဂဂန(နိုင်)၀၆၉၃၉၉၊ ဒေါ်ခင်မာကြည် ၈/ဂဂန(နိုင်)၀၆၂၂၄၇ တို့၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ်(၇၉၆၉/၂၀၂၃)ဖြင့် လွှဲအပ်ခြင်းခံရသူ ဒေါ်ကြူကြူ ၉/မဟမ(နိုင်) ၀၄၃၈၀၉က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်-၄ရပ်ကွက်၊ အကွက်အမှတ် ဇ-၁၊ ဦးပိုင်အမှတ်(၉)/ ၁၁၀လမ်း၊ ၆၁ x ၆၂ လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဒေါ်ခင်တာတာ ၁၀/သထန(နိုင်)၀၁၉၂၄၃ ၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ်(၁၀၆၅၈/၂၀၁၈)ဖြင့် လွှဲအပ်ခြင်းခံရသူ ဒေါ်နွဲ့နွဲ့ ၉/မထလ(နိုင်)၀၁၆၈၅၇ က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဆ)ရပ်ကွက်၊ အကွက်အမှတ် (ဒဒ-၄)၊ ဦးပိုင်အမှတ်(၇)/ ၆၁x၆၂လမ်းကြား၊ ၁၂၈ x ၁၂၉ လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ Dr.ချစ်သိန်း ၅/ခတန(နိုင်)၀၀၄၃၅၀ က အမှုတွဲအမှတ် ၅၂၈၁/၂၀၂၃-၂၀၂၄ ဖြင့် သက်တမ်းတိုး လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ခ)ရပ်ကွက်၊ အကွက်အမှတ် (သ-၁၁)၊ ဦးပိုင်အမှတ်(၃၆)/ ၆၂ x ၆၃ လမ်းကြား၊ ၁၁၅ x ၁၁၆ လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဒေါ်သန်းသန်းနု ၁/မကန(နိုင်)၀၂၉၁၅၈ က အမှုတွဲအမှတ် ၅၂၇၀/၂၀၂၃-၂၀၂၄ ဖြင့် သက်တမ်းတိုး လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## သမီးအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

မရမ်းကုန်းမြို့နယ်၊ အမှတ် ၅၄၊ ၃ရပ်ကွက်နေ ဦးဌေးလွင်-ဒေါ်ချောချောတို့၏ သမီးမယွန်းငုံဖူး ၁၂/မရက(နိုင်) ၁၈၉၉၂၅ သည် မိဘစကားကိုဆန့်ကျင်ပြီး သူ၏စိတ်သဘောအလျောက် ပြုမူဆောင်ရွက်သွားပါသဖြင့် သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်းနှင့်၎င်းနှင့် ပတ်သက်သည့်ကိစ္စအဝဝကို လုံးဝတာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်းအသိပေးကြေညာအပ်ပါသည်။

**ဦးဌေးလွင်-ဒေါ်ချောချော**

## ကန့်ကွက်နိုင်ပါကြောင်း ကြော်ငြာခြင်း

မကွေးမြို့၊ အောင်မေတ္တာ(ခ)ရပ်ကွက်၊ ကွင်း/အကွက်အမှတ် (၁၆၅၅-အုတ်ဖိုကွင်း)၊ ဦးပိုင်အမှတ်(၃၆၇)၊ ဧရိယာ ၀ ဒသမ ၀၉၇ ဧကရှိ မြေကွက်အား ဗိုလ်ဇော်မင်းဦးမှ မကွေးမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးနှင့် မကွေးခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးတို့တွင် ခိုင်လုံသောမူရင်း စာရွက်စာတမ်းအထောက်အထားများဖြင့် မြေငှားဂရန်အသစ်လျှောက်ထားလာသဖြင့်ကန့်ကွက်လိုသူများရှိပါကဤသတင်းစာပါသည့်ရက်မှစ၍(၁၅)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း ကြော်ငြာအပ်ပါသည်။ **ဗိုလ်ဇော်မင်းဦး**

**အောင်မေတ္တာ(ခ)ရပ်ကွက်**
**ဖုန်း-၀၉-၉၇၃၉၄၄၈၅၃**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်းတုံးရပ်ကွက်၊ အကွက်အမှတ် (ဇဇ-၂၂)၊ ဦးပိုင်အမှတ် (၂၅)/၅၄လမ်း၊ ၁၀၈.A နှင့် ၁၀၈.Bလမ်းကြားရှိ တသခိုင်အေး အမည်ပေါက် တောဂရန်မြေကွက်အား တရားလို ဒေါ်အေးအေးမာက တရားပြိုင် ဦးခိုင်အေးအပေါ် မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ပေးစေလိုမှုဖြင့် ချမ်းမြသာစည်မြို့နယ်တရားရုံးတော် ၊ တရားမကြီးမှုအမှတ် (၁၂၉/၂၀၂၃)ဖြင့် တရားစွဲဆိုခဲ့ရာ အနိုင်ဒီကရီရရှိသူ ဒေါ်အေးအေးမာ ၉/ခမစ(နိုင်)၀၄၀၆၃၇ တို့က ဂရန်စာချုပ်၊ တရားရုံးအမိန့် တို့တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

# ငြင်းချက်ထုတ်ရန် သမ္မန်စာ

## (တရားမကျင့်ထုံးဥပဒေ အမိန့် ၅၊ နည်းဥပဒေ ၁ နှင့် ၅)

## လှည်းကူးခရိုင်တရားရုံးတော်

## ၂၀၂၃ ခုနှစ်၊ တရားမကြီးမှုအမှတ်-၂၄

| (တရားလိုများ) | | | (တရားပြိုင်များ) | |
|---|---|---|---|---|
| ၁။ ဦးကြည်ဇော်ချို | ၃၅။ ဦးမိုးဦး | နှင့် | ၁။ ဦးစိန်ဝမ်း | ၄၀။ ဒေါ်အေးအေးဝင်း |
| ၂။ ဦးမင်းသူထွန်း | ၃၆။ ဦးကျော်မိုး | | ၂။ ဦးစိုင်းမှုန့် | ၄၁။ ဦးငယ်လေး |
| ၃။ ဦးတင်ထွန်းဇော် | ၃၇။ ဒေါ်မျိုးသူဇာထွန်း | | ၃။ ဦးလှမြင့်ရွှေ | ၄၂။ ဒေါ်စုစုငြိမ်း |
| ၄။ ဦးလှညွန့် | ၃၈။ ဒေါ်ရင်ရင်ချို | | ၄။ ဦးလှဟန် | ၄၃။ ဦးစိုင်နတ် |
| ၅။ ဦးစိုးအောင် | ၃၉။ ဦးစိုးမြင့် | | ၅။ ဦးဖိုးထူး | ၄၄။ ဦးတင်ထွန်း |
| ၆။ ဒေါ်လေးလေးနွယ် | ၄၀။ ဒေါ်ခင်စန်း | | ၆။ ဦးမြင့်ဇော် | ၄၅။ ဦးဝင်း |
| ၇။ ဒေါ်နှင်းသန္တာနွယ် | ၄၁။ ဦးအောင်ထွန်းမြ | | ၇။ ဒေါ်ခင်ဖြူ | ၄၆။ ဦးဗွေစေး |
| ၈။ ဦးဝေယံကျော် | ၄၂။ ဒေါ်စန်းစန်းအေး | | ၈။ ဦးတင်ငွေ | ၄၇။ ဦးအောင်အောင် |
| ၉။ ဦးမြင့်စိုး | ၄၃။ ဒေါ်ငယ်ထွေး | | ၉။ ဦးစောလင်းနိုင် | ၄၈။ ဦးစန်းအောင် |
| ၁၀။ ဦးဇော်ဇော်မျိုး | ၄၄။ ဦးဖိုးစီ | | ၁၀။ ဦးဇော်မင်းနိုင် | ၄၉။ ဦးစိန်ဝေလျှံ |
| ၁၁။ ဒေါ်သဲဇာခြည်အုံး | ၄၅။ ဒေါ်နန်းမှတ် | | ၁၁။ ဦးဇော်လင်းနိုင် | ၅၀။ ဦးသိန်း |
| ၁၂။ ဦးငိုင်လော | ၄၆။ ဦးဝင်းလွင် | | ၁၂။ ဒေါ်စန်းရွှေ | ၅၁။ ဦးပုချို |
| ၁၃။ ဦးဇော်လွင်ဦး | ၄၇။ ဦးလှဝင်း | | ၁၃။ ဦးဇော်သူ | ၅၂။ ဦးသန်းလွင် |
| ၁၄။ ဦးစိုးသိန်း | ၄၈။ ဦးထင်အောင်ကျော် | | ၁၄။ ဦးဝင်းငွေး | ၅၃။ ဦးအောင်မျိုး |
| ၁၅။ ဦးဥက္ကာမင်းမောင် | ၄၉။ ဦးရဲလွင် | | ၁၅။ ဦးအေးငြိမ်း | ၅၄။ ဦးသက်နိုင် |
| ၁၆။ ဦးသန်းဇော် | ၅၀။ ဦးစန်းမြင့် | | ၁၆။ ဦးချစ်ကိုကို | ၅၅။ ဦးလှမင်းထွန်း |
| ၁၇။ ဦးငွေးပိုင် | ၅၁။ ဦးဇော်မိုး | | ၁၇။ ဦးသန်းထိုက်အောင် | ၅၆။ မနိုင်နိုင်မော် |
| ၁၈။ ဦးသန်းငွေး | ၅၂။ ဦးကျော်နိုင် | | ၁၈။ ဒေါ်ခင်စန်း | ၅၇။ မဆုသဇင်မောင် |
| ၁၉။ ဦးအောင်သန်းမြင့် | ၅၃။ ဦးစံဖဲ | | ၁၉။ ဦးလှဝင်းအောင် | ၅၈။ ဦးရဲဖြိုးထွန်း |
| ၂၀။ ဦးထွန်းဝေ | ၅၄။ ဦးသိန်းတင် | | ၂၀။ ဦးဖိုးသား | ၅၉။ မသင်းသင်းထွေး |
| ၂၁။ ဦးညွန့်လွင် | ၅၅။ ဦးရဲထွန်းလင်း | | ၂၁။ ဦးကျော်သူရ | ၆၀။ မစမ်းစမ်းအေး |
| ၂၂။ ဦးမြင့်သန်း | ၅၆။ ဦးရဲလင်းအောင် | | ၂၂။ ဒေါ်ကြည်မြ | ၆၁။ မစန္ဒာဝင်း |
| ၂၃။ ဦးအေးလွင် | ၅၇။ ဦးမြင့်ကြည် | | ၂၃။ ဦးအောင်ရှိန်းဇော် | ၆၂။ ဒေါ်ခင်မြ |
| ၂၄။ ဦးအေးမင်းဇော် | ၅၈။ ဦးနိုင်ဝင်း | | ၂၄။ ဦးဝင်းစိုး | ၆၃။ ဒေါ်စိန်စိန် |
| ၂၅။ ဒေါ်မရစ်ဂျာအောင် | ၅၉။ ဦးသန်းအောင် | | ၂၅။ ဒေါ်ပိတဲ | ၆၄။ ဦးသန်းဘို |
| ၂၆။ ဦးသန်းဝင်း | ၆၀။ ဒေါ်နှင်းနှင်းမော် | | ၂၆။ ဒေါ်လှငွေး | ၆၅။ ဒေါ်ရွှေ |
| ၂၇။ ဒေါ်လှလှမိုး | ၆၁။ ဦးရဲနိုင် | | ၂၇။ ဒေါ်ခင်စောလှ | ၆၆။ ဒေါ်သန်းသန်းအေး |
| ၂၈။ ဦးအောင်ထွေး | ၆၂။ ဦးချမ်းမြေ့အောင် | | ၂၈။ ဦးဇော်မင်းလတ် | ၆၇။ ဦးမျိုးဝင်း |
| ၂၉။ ဒေါ်စန်းစန်းမော် | ၆၃။ ဦးဆန်းဝင်း | | ၂၉။ ဦးဇော်ထွန်း | ၆၈။ ဒေါ်ကေသီ |
| ၃၀။ ဦးမျိုးလွင် | ၆၄။ ဦးသိန်းရွှေ | | ၃၀။ ဦးတင်ရှိန် | ၆၉။ ဒေါ်မြစန်း |
| ၃၁။ ဦးအောင်ဇော်ထိုက် | ၆၅။ ဒေါ်ပြုံး | | ၃၁။ ဦးတင်ငွေးအောင် | ၇၀။ ဦးမောင်ဇော် |
| ၃၂။ ဒေါ်မြဝင်း | ၆၆။ ဦးအုန်းမြင့် | | ၃၂။ ဦးစိုးမင်းစိုး | ၇၁။ ဦးဟန်မြင့်မောင် |
| ၃၃။ ဦးပြုံးချို | ၆၇။ ဒေါ်သီတာထွေး | | ၃၃။ ဦးအောင်သူ | ၇၂။ ဦးဟန်ဝင်းအောင် |
| ၃၄။ ဦးအေးမင်းဝင်း | ၆၈။ ဦးစန်းတင် | | ၃၄။ ဦးထွန်းမင်းလွင် | ၇၃။ ဒေါ်မြသီ |
| | | | ၃၅။ ဒေါ်တင်မိုးရှီး | ၇၄။ ဦးအောင်မင်းသိုက် |
| | | | ၃၆။ ဦးဝင်းမောင် | ၇၅။ ဦးဂျစ်တူး |
| | | | ၃၇။ ဦးမျိုးမင်း | ၇၆။ ဦးပိန် |
| | | | ၃၈။ ဒေါ်စိန်လေးမြ | ၇၇။ ဦးနန္ဒ |
| | | | ၃၉။ ဦးအောင်သန်းဝင်း | ၇၈။ ဒေါ်မြမြစိန်(ခ) ဒေါ်ခင်မြမြစိန် |

ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ်၊ ကျောက္ကဒင်ကျေးရွာအုပ်စု၊ ငွေးကုန်းအုပ်စု၊ မကျီးကန်ကွက်သစ်၊ ကြာကန်လမ်း၊ ကွင်းအမှတ်-၁၀၀၈၊ ဦးပိုင်အမှတ်-၄/၂နေ တရားပြိုင်ဦးစိန်ဝမ်းပါ-၇၈ ဦး (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင်တို့အပေါ်၌ တရားလိုဦးကြည်ဇော်ချိုပါ(၆၈)ဦးက "လှည်းကူး ခရိုင်တရားရုံး၏ တရားမဇာရီမှုအမှတ်-၂၀/၂၀၂၂ ဖြင့် အတည်ပြုဆောင်ရွက်လျက်ရှိသော ၂၇-၈-၂၀၂၀ ရက်စွဲပါ ဒီကရီသည် တရားလိုများနှင့်သက်ဆိုင်ခြင်းမရှိ၊ လိုက်နာရန် တာဝန်ရှိသူများမဟုတ်ကြောင်း မြွက်ဟကြေညာပေးစေလိုမှု" လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးတော်အခွင့်အမိန့်အရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်းသည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦး တစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလ ၁၇ ရက် (၁၃၈၅ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၅ ရက်) မွန်းမတည့်မီ (၁၀:၀၀)နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုများ စွဲဆိုချက်ကိုထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းအပြင် သင်တို့သိစေရမည်မှာ အထက်က ဆိုခဲ့သည့်နေ့ရက်တွင် သင်တို့မလာရောက် ပျက်ကွက်ခဲ့လျှင် သင်တို့ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုများက ကြည့်ရှု့လိုသည့် စာချုပ်စာတမ်းများနှင့် သင်တို့ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်တို့နှင့်အတူယူဆောင် လာရမည်။ သို့တည်းမဟုတ် သင်တို့ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်သွင်းအပ်ပို့လိုက်ရမည်။ သင်တို့က ထုချေလွှာ တင်သွင်းလိုလျှင် အမှုမတိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလ ၁ ရက်တွင် ဤရုံးတံဆိပ်ခတ်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(အောင်နေမျိုး)**
**ခရိုင်တရားသူကြီး**
**လှည်းကူးခရိုင်တရားရုံး**

## အများသိစေရန်အသိပေးကြေညာခြင်း

နေပြည်တော်၊ ပျဉ်းမနားမြို့နယ်၊ ရွာကောက်အုပ်စု၊ မြို့သစ်ရပ်ကွက်ရှိ အလျား(၄၇)ပေ x အနံ (၃၆)ပေ ကျယ်ဝန်းသော မြေပေါ်တွင် ဆောက်လုပ်ထားသည့် နေအိမ်အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်တို့အား ဦးအောင်မြင့်(ဘ)ဦးဘသန်း ၉/ပမန(နိုင်)၀၁၉၅၆၄ မှ ၎င်းသာလျှင် တရားဝင် နေထိုင်ပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချခွင့်ရှိသူဖြစ်သောကြောင့် လွှဲပြောင်းရောင်းချရန် အဆိုပြုကမ်းလှမ်းလာရာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးရန်နိုင်စိုး ၅/ကနန(နိုင်)၀၃၀၂၅၂ မှ ဝယ်ယူလိုပါသောကြောင့် ရောင်းကြေးငွေများ၏ တစ်စိတ်တစ်ဒေသဖြစ်သော ငွေတချို့အား စရန်ငွေအဖြစ်ပေးချေမည်ဖြစ်ပါသည်။ အဆိုပါ နေအိမ်နှင့် ဝိုင်းခြံမြေကွက်အား အရောင်းအဝယ်ပြုလုပ်ခြင်းနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ပိုင်ဆိုင်မှုစာရွက်စာတမ်းအထောက်အထားမူရင်းများနှင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်၊ အကယ်၍ ထိုသတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူ တစ်ဦးတစ်ယောက်မျှမရှိပါက အရောင်းအဝယ် ကိစ္စရပ်များကိုပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ပြုလုပ်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးအောင်နိုင်ဝင်း LL.B,WIPO(Switzerland)၊**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၂၃၉၄/၂၀၁၇)**
**အမှတ်(၈/၈၂)၊ ပန်းခင်း(၁)၊ စံပယ်လမ်း၊ ရွာကောက်ရပ်ကွက်၊ ပျဉ်းမနားမြို့၊ နေပြည်တော်။ ဖုန်း-၀၉-၄၀၁၅၃၄၆၆၈**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်တုံးရပ်ကွက်၊ အကွက်အမှတ် (ဇဇ-၂၂)၊ ဦးပိုင်အမှတ် (၂၄)/၅၄ လမ်း၊ ၁၀၈.A နှင့် ၁၀၈.B လမ်းကြားရှိ တပ်သားလှစိုး အမည်ပေါက် တောဂရန်မြေကွက်အား တရားလို ဦးစိုးမင်းသူ၊ ဒေါ်ဟေမာနေဝင်းက တရားပြိုင် ဦးလှစိုးအပေါ် မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ပေးစေလိုမှုဖြင့် ချမ်းမြသာစည်မြို့နယ်တရားရုံးတော်၊ တရားမကြီးမှုအမှတ်(၁၂၈/၂၀၂၃)ဖြင့် တရားစွဲဆိုခဲ့ရာ အနိုင်ဒီကရီရရှိသူ ဦးစိုးမင်းသူ ၉/မခန(နိုင်)၂၀၉၁၆၀၊ ဒေါ်ဟေမာနေဝင်း ၉/မလန(နိုင်)၁၂၆၂၃၉ တို့က တောဂရန်စာချုပ်၊ တရားရုံးအမိန့်တို့တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါ သည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင် စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဆ)ရပ်ကွက်၊ အကွက်အမှတ်(ဒဒ-၁၃)၊ ဦးပိုင်အမှတ် (၆၆)/၆၃ လမ်းနှင့် ၁၃၀ လမ်းထောင့် မြေကွက်အား ဂရန်အမှုတွဲအမှတ် (၂၄၅၀/၉၀-၉၁) အရ ဦးလှကြိုင် H/RGN-၀၀၂၉၇၁ အမည်ပေါက်သို့ မြေရာဇဝင် ၁-က မှတ်တမ်းတွင် အတည်ပြု မှတ်သားပေးပါရန် ဒေါ်သက်တင် ၉/တသန(နိုင်)၀၉၁၄၆၇ မှ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင် စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဈ)ရပ်ကွက်၊ အကွက်အမှတ် (ပပ-၁၈)၊ ဦးပိုင်အမှတ် (၈၈)/၆၂ x ၆၃ လမ်းကြား၊ ယောမင်းကြီးနှင့်ဖိုးရာဇာ လမ်းကြားရှိဂရန် မြေကွက်အမည်ပေါက်သူ ဦးဇော်မင်း ၉/မနမ(နိုင်)၀၆၁၁၀၊ ဒေါ်စံပယ်သန်း ၉/မနမ(နိုင်)၀၃၂၃၀၄ တို့၏ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် (၃၂၀၄/၂၀၂၁)ဖြင့် လွှဲအပ်ခြင်းခံရသူ ဒေါ်ချယ်ရီမင်း ၉/ခအဇ(နိုင်) ၀၀၈၁၉၄ က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင် စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်တုံးရပ်ကွက်၊ အကွက်အမှတ် ဇဇ-၂၆၊ ဦးပိုင်အမှတ်(၃၅)/ ၅၂ x ၅၃ကြား၊ ခိုင်ရွှေဝါလမ်းနှင့် မနော်ဟရီ လမ်းကြားရှိ တောဂရန်မြေကွက်အမည်ပေါက်သူ တပ်သားဟန်တင့် ၉/မနမ(နိုင်)၀၆၀၅၉၈ က မြေကွက်၏လမ်းဖိုး၊ မြေဖိုးပေးသွင်းထားသော ငွေသွင်းပြေစာမူရင်း (၂)စောင်မှာ လက်ဝယ်တွင်အသိမ်းလွန်၍ ပျောက်ဆုံးသွားကြောင်း ရဲစခန်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်၊ တရားရုံးကျမ်းကျိန်ချက်၊ တောဂရန်တို့တင်ပြ၍ တောမှမြို့ပြောင်း၊ သက်တမ်းတိုး၊ ဦးပိုင်ခွဲ၊ ဂရန်နှစ်ချုပ်ထုတ်ယူခွင့်ပြုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်နှင့် အမှုတွဲဖွင့်လှစ်ခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံး ဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 3W/77788 Yamaha DT-125 ယာဉ်လက်ဝယ်ရှိသူ ဦးအောင်ခိုင်ဝင်း ၉/ခမစ(နိုင်) ၀၁၉၁၄၃ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊**
**ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)၊**
**မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 61W/25620 Thai Anbo 125, M/C ယာဉ်လက်ဝယ်ရှိသူ ဦးမျိုးအောင် ၉/မနမ(နိုင်) ၁၁၆၆၄၉က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊**
**ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)၊**
**မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 74W/74304 Honda Click 125 ယာဉ်လက်ဝယ်ရှိသူ Ap Kyaw Thaung Myanmar Co.,Ltd က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးမြောက်ပိုင်း)မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 70W/78002 Thai Anbo 110 M/C ယာဉ်လက်ဝယ်ရှိသူ ဦးရဲလှိုင်ဝင်း ၉/မတရ(နိုင်) ၁၅၇၇၇၁ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း)မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 57W/89067 Luojia 110 M/Cယာဉ်လက်ဝယ်ရှိသူ Khwar Nyo Trading Co.,Ltd က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း)မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 9L/1834 Nissan Navara D40 Pickup(4x2)R ယာဉ်လက်ဝယ်ရှိသူ ဦးကျော်ကျော်နိုင် ၁၃/လရန(နိုင်)၁၇၂၄၉ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးမြောက်ပိုင်း)မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 68W/83874 Lon xuan 110 M/C ယာဉ်လက်ဝယ်ရှိသူ Su Htar San Co.,Ltd က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း)မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၆၇ယ/၉၃၄၅၃ Honda Click 125 ယာဉ်လက်ဝယ်ရှိသူ Shwe Nyaung Oo Co.,Ltd က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးမြောက်ပိုင်း)မန္တလေးမြို့**

## ကြော်ငြာစာ

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ အနိုပ်တော်ရပ်ကွက်၊ အကွက်အမှတ် ၂၊ ဦးပိုင်အမှတ်(၂၇-ခ)/ ၆၂ B လမ်း၊ ၁၉ x ၂၀ လမ်းကြားရှိ မသိန်းခင် အမည်ပေါက် အခလွတ်ဂရန်မြေကွက်အား အမွေဆက်ခံစာချုပ်အမှတ် (၂၁၂၄/၂၀၂၁)ဖြင့် အမွေဆက်ခံခဲ့သည့် ဒေါ်မြသန်း၊ ဦးထွန်းဝင်းတို့ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ် (၆၄၃/၂၀၂၂)ဖြင့် ဝယ်ယူခဲ့သူ ဒေါ်ခင်အေး ၉/မနတ(နိုင်)၀၇၁၄၂၂ ၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ် (၉၁၂၁/၂၀၂၃)ဖြင့် လွှဲအပ်ခြင်းခံရသူ ဒေါ်မိုးသန္တာဦး ၈/ပခက(နိုင်)၂၅၇၀၃၃ က အမည်ပေါက်မြေပုံတင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံး ဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်-၄ရပ်ကွက်၊ အကွက်အမှတ်(ဃ-၂)၊ ဦးပိုင်အမှတ်(၇၂)/မနော်ဟရီလမ်းနှင့်နှင်းဆီလမ်းကြား၊ ၆၂ x ၆၄ လမ်းကြားရှိ ဦးထွန်းအောင် အမည်ပေါက် တောဂရန်မြေကွက်အား (ဖခင်) ဦးထွန်းအောင်၊ (မိခင်) ဒေါ်ခင်လှကြည်တို့ ကွယ်လွန်၍ ကျန်ရစ်သည့်သမီး ဒေါ်ကြူကြူထွန်းအောင် ၉/ခမစ(နိုင်)၀၀၉၂၆၉၊ ဒေါ်ရွှေဇင်ထွန်းအောင် ၉/ခမစ (နိုင်)၀၀၉၄၆၉၊ ဒေါ်မေသူထွန်းအောင် ၉/ခမစ(နိုင်)၀၂၅၂၃၄ တို့က ဂရန်စာချုပ်၊ သေစာရင်း၊ တရားရုံးကျမ်းကျိန်ချက် ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး ထောက်ခံချက်များတင်ပြ၍ အမွေဆက်ခံစာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံး ဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်(၁)ရပ်ကွက်၊ အကွက်အမှတ် (ဏ-၈)၊ ဦးပိုင်အမှတ်(၃၃-က)/ ၆၂လမ်း၊ ၁၀၆ x ၁၀၇ လမ်းကြားရှိဂရန်မြေကွက်အမည်ပေါက်သူအာရှစွမ်းအင်ရောင်းဝယ်ရေး ကုမ္ပဏီ၏ကိုယ်စားလှယ်အဖြစ် ဒါရိုက်တာအဖွဲ့အစည်းအဝေးဆုံးဖြတ်ချက်အရ ဒေါ်မြမြဝေ ၁/မကတ(ညွှေ့)၀၀၀၆၈၀ က အမှုတွဲအမှတ် ၅၆၂/၂၀၂၃-၂၀၂၄ ဖြင့် သက်တမ်းတိုး လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဒေါ်သိန်းတင်
### အသက် (၇၈)နှစ်

ဆေးတက္ကသိုလ်(၁)ရန်ကုန်၊ ပါမောက္ခချုပ် ဒေါက်တာကျော်ရွှေ-ဒေါ်ခင်နွဲ့အေးတို့၏ချစ်လှစွာသော မိခင်ကြီးဒေါ်သိန်းတင် အသက်(၇၈)နှစ်သည် (၃၁-၁၀-၂၀၂၃)ရက် နံနက်၇:၃၀နာရီတွင် ကွယ်လွန်သွားကြောင်း ကြားသိရ၍ ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ပါမောက္ခချုပ်၊ ဆရာ/ဆရာမများနှင့်ဝန်ထမ်းများ
သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်-ရန်ကုန်

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဒေါ်သိန်းတင်
### အသက် (၇၈)နှစ်

ဆေးတက္ကသိုလ်(၁)ရန်ကုန်၊ ပါမောက္ခချုပ် ဒေါက်တာကျော်ရွှေ-ဒေါ်ခင်နွဲ့အေးတို့၏ချစ်လှစွာသော မိခင်ကြီးဒေါ်သိန်းတင် အသက်(၇၈)နှစ်သည် (၃၁-၁၀-၂၀၂၃)ရက် နံနက်၇:၃၀နာရီတွင် ကွယ်လွန်သွားကြောင်း ကြားသိရ၍ ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ပါမောက္ခချုပ်၊ ဆရာ/ဆရာမများနှင့်ဝန်ထမ်းများ
သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်-မန္တလေး

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဒေါ်သိန်းတင်
### အသက် (၇၈)နှစ်

ဆေးတက္ကသိုလ်(၁)၊ ရန်ကုန် ပါမောက္ခချုပ် ဒေါက်တာကျော်ရွှေ-ဒေါ်ခင်နွဲ့အေး တို့၏ချစ်လှစွာသောမိခင်ကြီး ဒေါ်သိန်းတင် အသက် (၇၈)နှစ်သည် ၃၁-၁၀-၂၀၂၃ရက် (အင်္ဂါနေ့) နံနက် ၇:၃၀နာရီတွင် ကွယ်လွန် သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ အထူးဝမ်းနည်း ကြေကွဲရပါသည်။

ပါမောက္ခ/ဌာနမှူး
ပါမောက္ခနှင့်ဆရာ/ဆရာမများ
မျက်စိရောဂါပညာဌာန
ဆေးတက္ကသိုလ် (၁) ရန်ကုန်

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
## ဦးမြင့်ဝေ(ခ)ဦးမြင့်ဟန်(ခ)ဦးကြီးရှောင်
### အသက်(၈၉)နှစ်

ပဲခူးတိုင်းဒေသကြီး၊ သနပ်ပင်မြို့နေ (ဦးကျင်မောင်-ဒေါ်ကျင်မေ)တို့၏ သားကြီး၊ ပဲခူးမြို့နေ ဒေါ်အုန်းမြင့် ၏ခင်ပွန်း၊ (ဒေါ်မြင့်မြင့်စိန်)၊ (ဦးသိန်းအောင်-ဒေါ်စန်းမြင့်)၊ ဒေါက်တာ ဦးအောင်မြတ် - ဒေါက်တာ ဒေါ်မြင့်မြင့်အေး၊ ဦးအုန်းမြင့် -ဒေါ်ကြင်စန်း၊ (ဦးဆွေလွင်)-ဒေါ်ကြင်ဝင်း၊ ဦးခင်မောင်စန်း-ဒေါ်လှလှမြင့်၊ ဦးစိုးမြင့်၊ ဦးကျော်စိုး - (ဒေါ်မြင့်မြင့်မော်)၊ ဦးရွှေဘော် - ဒေါ်တင်တင်ယု၊ ဦးတင့်နိုင် -ဒေါ်ဆွေဆွေမွန်တို့၏ အစ်ကိုကြီး၊ ဒေါ်သီတာဦး၊ ဒေါက်တာ ဦးအေးလှိုင်- ဒေါက်တာ ဒေါ်ဝါဝါဟန်၊ ဦးကျော်ကျော်- ဒေါ်ခင်စန္ဒာခိုင်၊ (ဦးထွန်းထွန်း)-ဒေါ်သီသီဝင်း၊ ဦးမောင်မောင်မျိုးမြတ်-ဒေါ်ကြူကြူသင်း တို့၏ မွေးသဖခင်၊ မသက်ဆုမွန်၊ ကိုဥက္ကာကျော်-မကေခိုင်ကျော်၊ ကိုဇော်မျိုးသီဟ-မအိရွှေဇင်ဝင်း၊ မပန်းဝတ်ရည်ရွှန်းလက်၊ ကိုခန့်ဇော် ရှိန်း၊ ကိုသန့်ဇော်ဟိန်းတို့၏ အဘိုး၊ မမရိယဇော်၏ အဘိုးဖြစ်သူသည် ၂-၁၁-၂၀၂၃ရက်(ကြာသပတေးနေ့) ညနေ ၆:၅၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၆-၁၁-၂၀၂၃ရက်(တနင်္လာနေ့) နံနက် ၁၁နာရီတွင် ရန်ကုန်မြို့ ရေဝေးဖူကျန့်တရုတ်သုသာန်၌ သင်္ဂြိုဟ်မည်ဖြစ်ပါသည်။ တိုက်(၁) အခန်း(၁) အာနန္ဒာဘုရားလမ်း၊ ဆ/ခ ရပ်ကွက်၊ သဃ်န်းကျွန်းနှင့် T-12 မေခအိမ်ရာ၊ သဃ်န်းကျွန်းနေအိမ်များမှ နံနက် ၈နာရီတွင် ကားများထွက်ပါမည်။

ကွယ်လွန်သူအားရည်စူး၍ ၈-၁၁-၂၀၂၃ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၇နာရီမှ ၉နာရီထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ကန့်ကွက်နိုင်ကြောင်း အများသိရှိနိုင်စေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ (၁)ရပ်ကွက်၊ သုမိတ္တာ(၁)လမ်း၊ အမှတ်(၁၀/ခ) ဟုခေါ်တွင်သော ပြည်ထောင်စုမြန်မာနိုင်ငံတော်၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊မြို့ပြစီမံကိန်းနှင့် မြေစီမံ ခန့်ခွဲမှုဌာနမှ ချပေးထားသည့် ဒေါ်သီနှင့် ဦးကျော်ဝင်းဦးအမည်ပေါက် ဂရန်မိတ္တူမြေခြမ်းအကျယ်အဝန်း (၂၅x၅၀)ပေအနက်မှ တရားဝင်မခွဲစိတ်ရသေးသော အလျား(၁၂ခွဲ)ပေx အနံပေ(၅၀)နှင့် ယင်း မြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အားလုံးတို့ကို နောက်ဆုံးဝယ်ယူပိုင်ဆိုင်ထားသည့် ဦးစိုးမောင် ၂/ကမတ(နိုင်)၀၅၅၆၈၃နှင့် ဒေါ်စမ်းစမ်းလှ ၁၂/မရက(နိုင်)၀၇၄၁၁၇ တို့မှ လက်ဝယ်ရှိပိုင်ဆိုင်ရောင်းချပိုင်ခွင့်ရှိကြောင်း၊ အရှုပ်အရှင်းကင်းရှင်းကြောင်း ဖွင့်ဟဝန်ခံရောင်းချသဖြင့် ဝန်ခံကတိပြုထံမှ ကျွန်ုပ်မိတ်ဆွေဖြစ်သူ ဦးကျော်မင်းထွဋ် ၇/ကထခ(နိုင်)၀၇၂၁၃၆က အပြီးအပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်ထံစာရွက်စာတမ်းအထောက်အထားမူရင်းများနှင့် ယနေ့မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်သူဇာထွန်း (LL.B) အထက်တန်းရှေ့နေ(စဉ်- ၄၇၈၀၅)
၂၉-၇-၂၀၁၆
အမှတ်(၄၈၃)၊ မြရတနာ(၁)လမ်း၊ မြောက်ဥက္ကလာပမြို့နယ်

## ဦးဝင်းထိန်
## တွဲဖက်ပါမောက္ခ(ငြိမ်း)
## ဒဿနိကဗေဒဌာန
## အဝေးသင်တက္ကသိုလ်(ရန်ကုန်)
### အသက်(၉၂)နှစ်

ပဲခူးမြို့နေ (ဦးစိန်ကြည်-ဒေါ်စန်းခင်)တို့၏သား၊ ပဲခူးမြို့နေ (ဦးစိုး)-ဒေါ်မြင့်၊ (ဦးညွန့်မောင်-ဒေါ်ခင်မာဝင်း)၊ (ဦးဝင်းကြည်-ဒေါ်သန်းငွေ)၊ ဦးသိန်းဝင်းအောင်-ဒေါ်ခင်မြလွင်၊ (ဦးသန်းစိုး)-ဒေါ်ဝင်းဝင်းမော်တို့၏မောင်၊ အစ်ကိုကြီး၊ ဦးမြသန်းထွန်း-ဒေါ်စန္ဒာဝင်းတို့၏ ဘဘကြီး၊ မောင်ဘုန်းမော်စိုး-မခင်ပြည့်ဖြိုးမော်၊ မသွန်းနန္ဒာစိုးတို့၏ ဘိုးဘိုးကြီး ဦးဝင်းထိန်၊ တွဲဖက်ပါမောက္ခ(ငြိမ်း)၊ ဒဿနိကဗေဒ၊အဝေးသင်တက္ကသိုလ်(ရန်ကုန်)မြို့သည် ၃-၁၁-၂၀၂၃ရက် နံနက်(၁၂:၂၅)နာရီတွင် Grandhantha ဆေးရုံ၌ ကွယ်လွန်သွားပြီးဖြစ်ပါသဖြင့် ကြွင်းကျန်ရစ်သော ရုပ်ကလာပ်အား ၅-၁၁-၂၀၂၃ရက် မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီး ဆွေမျိုးမိတ်သင်္ဂဟများ၊ တပည့်များအား အသိပေးအကြောင်းကြားအပ်ပါသည်။ တိုက်(၈)၊ အခန်း(၄)၊ ဆောင်းဟေမာန်အိမ်ရာ၊ ဘုရင့်နောင်လမ်း၊ (၃၀)ရပ်ကွက်၊ ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ် နေအိမ်မှကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ခွာပါမည်။ ကျန်ရစ်သူမိသားစု

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဦးစိန်ဝင်း
## (ဦးဆောင်ညွှန်ကြားရေးမှူး-ငြိမ်း)၊ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း)
### အသက်(၈၅)နှစ်

မန္တလေးမြို့၊ လမ်း ၈၀၊ ၄၂လမ်း၊ အကွက်အမှတ်(၈၃၈)နေ ဒေါ်ခင်ဦး ၏ ခင်ပွန်း၊ ဦးစိန်ဝင်း (ဦးဆောင်ညွှန်ကြားရေးမှူး-ငြိမ်း၊ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း)သည် ၂-၁၁-၂၀၂၃ရက် ည ၉နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူ မိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

ဒေါက်တာ ရဲတင့်ထွန်း(ညွှန်ကြားရေးမှူးချုပ်) ဇနီး ဒေါက်တာ ဌေးဌေးစိုး နှင့် စိုက်ပျိုးရေးဦးစီးဌာန ဝန်ထမ်းမိသားစု

## ဝမ်းနည်းကြေကွဲခြင်း
## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယိကာမကြီး
## ဆရာမကြီးဒေါ်မြင့်မြင့်
### အသက်(၈၅)နှစ်

စက်မှုဝန်ကြီးဌာန၊ အမှတ်(၁)အကြီးစားစက်မှုလုပ်ငန်းမှ ဦးဆောင်ညွှန်ကြားရေးမှူး ဦးမင်းသူ- ဒေါ်ရီရီကျော်(အထွေထွေမန်နေဂျာ၊ အမှတ်(၂)အကြီးစားစက်မှုလုပ်ငန်း)တို့၏ မိခင်ဖြစ်သူ ဆရာမ ကြီးဒေါ်မြင့်မြင့်သည် ၂-၁၁-၂၀၂၃ရက်(ကြာသပတေးနေ့) မွန်းလွဲ ၁၂:၂၀နာရီတွင် ကွယ်လွန်သွားကြောင်းသိရှိရသဖြင့် ကျန်ရစ်သူ မိသားစုနှင့်အတူ ထပ်တူဝမ်းနည်းကြေကွဲရပါသည်။

အမှတ်(၁)အကြီးစားစက်မှုလုပ်ငန်း
ဝန်ထမ်းမိသားစုများ

## ဦးမောင်မောင်ညွန့်
## သ/မ ဦးစီး(ငြိမ်း) (ဟင်္သာတ)
### အသက်(၈၀)နှစ်

ဟင်္သာတမြို့၊ မြဝတီရပ်၊ သီရိအောင်မြေ ၂လမ်း၊ အမှတ် ၄၈၂နေ ဒေါ်ရီရီမြင့်(မြို့နယ်စစ်/ရှိ၊ ငြိမ်း)၏ခင်ပွန်း၊ ဒေါ်လွင်မာမြင့်၊ ဦးနိုင်ဝင်း၊ ဦးနိုင်ထွန်း၊ ဦးနိုင်လင်းတို့၏ဖခင် ဦးမောင်မောင်ညွန့်သည် ၂-၁၁-၂၀၂၃ ရက်(ကြာသပတေးနေ့)ညနေ ၄:၁၅နာရီတွင် ဟင်္သာတမြို့၊ မြင့်မြတ်ဆေးရုံ၌ (၉၆)ပါးသောရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ၄-၁၁-၂၀၂၃ ရက်(စနေနေ့)မွန်းတည့် ၁၂နာရီတွင် မီးသင်္ဂြိုဟ်စက်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အသိပေးအကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

## ဖောင်းကြွနံပါတ်ပြားပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 1S/8482 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

ကညန၊ခရိုင်ရုံး(သာယာဝတီ)

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ တာမွေကြီးက+ဂရပ်ကွက်၊ ၁၅၇-လမ်း၊ အမှတ် (၅)၊ မြေညီထပ်၊ ပထမထပ်(ခေါင်းရင်းခန်း)၊ အကျယ်အဝန်း (၁၂ ၁/၂'x၅၀') ဟုခေါ်တွင်သော တိုက်ခန်း (၂)ခန်းအပါအဝင် ၎င်းနှင့်ပတ်သက်ဆက်နွှယ်သော အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိကြောင်း အဆိုပြုသူ ဒေါ်လှလှစော ၁၂/တမန(နိုင်)၀၄၂၆၂၀ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ခိုင်လုံသော စာချုပ်စာတမ်းမူရင်းများဖြင့် ယနေ့ မှစ၍ (၁၄)ရက်အတွင်း လူကိုယ်တိုင်ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခြင်းမပြုပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကိစ္စပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်ငြိမ်းချမ်းစုရည် (LL.B., D.B.L., D.I.L., D.M.L)
တရားလွှတ်တော်ရှေ့နေ
အမှတ်-၅၈၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့

## သင့်သွေးဖြင့် အသက်ကယ်ပါ

## ဦးသေးရယ်
## မြန်မာ့အသံ၊ ကယားအစီအစဉ်(ငြိမ်း)
### အသက် (၈၅)နှစ်

ကယားပြည်နယ်၊ ကြယ်ဖိုးကြီးကျေးရွာနေ (ဦးဗျားရယ်-ဒေါ်တီမိုး)တို့၏ သားကြီး၊ ကယားပြည်နယ်နေ (ဒေါ်ကေးမြာ)၊ ဒေါ်သိုးမိုး၊ ဦးမြာရယ်တို့၏အစ်ကိုကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်မြောက်ပိုင်း (၃၅)ရပ်ကွက်၊ ဖိုးရာဇာ လမ်း၊ အိမ်အမှတ် (၆၈/A)နေ ဒေါ်နော်ရီးမြာ၏ ခင်ပွန်း၊ စောဝင့်နိုင်ဦး၊ နော်ဘူးမြာဖြူ၊ စောဝင့်နိုင်ဖြိုးတို့၏ ကျေးဇူးရှင်ဖခင်ကြီး မြေးနှစ်ယောက်၏အဘိုး ဦးသေးရယ် အသက် (၈၅)နှစ်သည် ၂-၁၁-၂၀၂၃ရက် နံနက် ၂:၁၅နာရီတွင် ၉၆ ပါးရောဂါဖြင့် ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ၄-၁၁-၂၀၂၃ရက် (စနေနေ့) နံနက် ၉နာရီတွင် ခရစ်ယာန်ရေဝေးသုသာန်၌ ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါသည်။

နေအိမ်မှကားများ နံနက် ၈နာရီတွင် ထွက်ခွာပါမည်။

ကျန်ရစ်သူမိသားစု

## ဦးအောင်ကြည်
### အသက်(၆၄)နှစ်

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ (၆)ရပ်ကွက်၊၁၃လမ်း၊ အမှတ်(၇၉)နေ (ဦးကြည်ဝင်း-ဒေါ်တင်ရီ)တို့၏သား၊ (ဦးသိန်း-ဒေါ်သန်းစိန်)၊(ဒေါ်မြကြည်)တို့၏တူ၊ ဒေါ်နုနုယဉ်၊ ဒေါ်ယဉ်မေသိန်း တို့၏မောင် အငယ်ဆုံး၊ ဦးနေထွန်း၊ မချစ်စုရည်၊ ဦးဆက်ဖြိုးဝေ၊ မဝတီကျော်ဇောတို့၏ ဦးလေး၊ မဟန်သူအောင်၊ မနှင်းပွင့်အောင်(ခေတ္တ-UK)၊ မဆုလာဘ်ပိုင်(ခေတ္တ-UK)တို့၏ မွေးသဖခင်သည် ၂-၁၁-၂၀၂၃ရက်(ကြာသပတေးနေ့) နံနက် ၁၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၄-၁၁-၂၀၂၃ရက်(စနေနေ့) နံနက် ၁၁ နာရီတွင် ရေဝေးအေးအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၉:၃၀နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၈-၁၁-၂၀၂၃ရက်(ဗုဒ္ဓဟူးနေ့) နံနက် ၇နာရီမှ ၁၁ နာရီအထိ နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဆွေမျိုး မိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

## ဒေါ်ရီရီ
## B.A,B.Ed (အခြေခံပညာ ၃၊ ကျောင်းကျန်းမာရေးတာဝန်ခံ-ငြိမ်း)
### အသက် (၇၆)နှစ်

ပခုက္ကူမြို့နေ (ဦးထွန်းရွှေ-ဒေါ်မြသန်း)တို့၏ စတုတ္ထသမီး၊ (ဦးအေးကို-ဒေါ်မြင့်မြင့်ခင်)၊ (ဦးမြင့်သိန်း-ဒေါ်နီနီ)၊ အရှင်ဇဝန(ပခုက္ကူ)တို့၏ ညီမ၊ (ဦးလှဆွေ)-ဒေါ်သီသီ၊ ဦးခင်မောင်ထူး-ဒေါ်သင်းသင်းတို့၏အစ်မ၊ ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ ဦးကြွယ်ဟိုးလမ်း၊ အိမ်အမှတ် (၁၄-A)နေ ဦးအောင်မြင့်၏ ချစ်လှစွာသောဇနီး၊ ဒေါက်တာ မျိုးမင်းအောင်-ဒေါ်မေခ၊ ဦးမျိုးဝင်းအောင်-ဒေါ်သစ်သစ်ထွဋ်၊ ဦးမျိုးထွန်းအောင်-ဒေါ်နွယ်နီဝင်းတို့၏မိခင်ကြီး၊ မြေး ခြောက်ယောက်တို့၏ ဘွားဘွားကြီး ဒေါ်ရီရီသည် ၂-၁၁-၂၀၂၃ရက် ည ၁၁နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၄-၁၁-၂၀၂၃ရက် (စနေနေ့) ညနေ ၃နာရီတွင် ထိန်ပင်သုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အကြောင်းကြားအပ်ပါသည်။ နေအိမ်မှကားများ မွန်းလွဲ ၁:၃၀နာရီတွင် ထွက်ခွာပါမည်။

ကွယ်လွန်သူအားရည်စူး၍ ၈-၁၁-၂၀၂၃ရက် (ဗုဒ္ဓဟူးနေ့) နံနက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် 59W/32892, Luojia-110 ယာဉ်လက်ဝယ်ရှိသူ ဒေါ်မြင့်မြင့်စန်း ၁၄/ဇလန(နိုင်) ၀၈၄၈၃၅ က(ကမ-၃)ပျောက်ဆုံး၍မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှရက် ၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ခရိုင်ရုံး(ဟင်္သာတ)

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်(၈)၊ မြေကွက်အမှတ်(၈၇)၊ မြေရိယာ(၀ဒသမ၁၄၉)ဧက ဒေါ်ဆွေသဇင်အမည်ပါရှိသည့် ပါမစ်မြေကွက်နှင့်ပတ်သက်၍ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ဥပဒေနှင့်အညီ တရားဝင်အလုံးစုံစီမံခန့်ခွဲပိုင်ခွင့်ရှိပြီး လက်ရှိပိုင်ဆိုင်လွှဲပြောင်း ရောင်းချခွင့်ရှိသူ (၁)ဦးခင်မောင်အေး ၁၂/သဃက(နိုင်)၀၅၅၇၉၇၊ (၂)ဒေါ်ထွေးထွေးသန်း ၁၁/ကဖန(နိုင်)၀၃၆၄၉၈တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေများဖြစ်ကြသော (၁)ဦးမျိုးထွဋ်လှိုင် ၁၄/ပသန(နိုင်) ၁၃၇၂၂၄၊ (၂)ဒေါ်စိမ်းဝါဝါစိမ်း ၇/ပခန (နိုင်) ၀၀၃၅၁၁တို့က အပြီးအပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသပေးချေခဲ့ပြီးဖြစ်ပါသည်။ အဆိုပါ ပါမစ်မြေနှင့်စပ်လျဉ်း၍ ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ပိုင်ဆိုင်ကြောင်း တရားဝင်အထောက်အထားမူရင်းစာရွက်စာတမ်းများယူဆောင် ၍ ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံလာရောက်၍ ဖြစ်စေ၊ ဆက်သွယ်၍ဖြစ်စေ ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ပြည့်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ- ဦးအောင်ဆန်းဦး(LL.B)
တရားလွှတ်တော်ရှေ့နေ(စဉ်-၁၇၇၅၁)
အမှတ်(၃၃/၄၉)၊ ပထမထပ်၊ အခန်း(၃၂)၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံ တားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၄၄၃၂၃၃၁၆၇

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ဖြူးမြို့နယ်၊ ဇေယျာဝတီမြို့၊ မြို့မ(၃)ရပ်ကွက်၊ တံတားဦးရပ်နေ ဦးရမ်စဂျန်နှင့် ဒေါ်ဆန်သီဒေဝီတို့၏ အငယ်ဆုံးသားဖြစ်သူ မောင်အဂျိသ်ကူးမား ၇/ဖမန(နိုင်)၂၄၁၇၄၅သည် မိဘဆိုဆုံးမမှုအား နာခံမှုမရှိဘဲ မိမိ၏သဘောဆန္ဒအလျောက် နေအိမ်မှ ဆင်းသွားသဖြင့် ယနေ့မှစ၍ မောင်အဂျိသ်ကူးမားအား သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်း၊ ၎င်းနှင့်ပတ်သက်သည့်ကိစ္စအဝဝအား တာဝန်ယူ ဖြေရှင်းပေးမည်မဟုတ်ကြောင်း ၎င်းနှင့်အများသိစေရန် ကြေညာအပ်ပါသည်။

ဦးရမ်စဂျန်
၇/ဖမန(နိုင်)၀၉၂၂၆၂
ဒေါ်ဆန်သီဒေဝီ
၇/ဖမန(နိုင်)၀၉၂၇၄၂

## ဦးပိုင်စိုးရကျော် (၁၂/တမန(နိုင်)၀၉၅၅၆၁)နှင့်အများသိစေရန်ကြေညာခြင်း

ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ဒေါ်ဝင်းမင်းအေး (၁၂/လမန(နိုင်) ၁၄၆၂၀၁)၏လွှဲအပ်ညွှန်ကြားချက်အရ ဦးပိုင်စိုးရကျော်နှင့် အများသိစေရန်ကြော်ငြာအပ်ပါသည်။

ကျွန်ုပ်မိတ်ဆွေနှင့် ဦးပိုင်စိုးရကျော်တို့သည် ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်၊ (၃၅)ရပ်ကွက်၊ တေဇလမ်း၊ မြေကွက်အမှတ်( ၄၀၁/က )တွင် PAE စနစ်ဖြင့် အဆောက်အဦးဆောက်လုပ်ရန် မြေရှင်နှင့်ကန်ထရိုက်တာတို့ လုပ်ငန်းအပ်နှံခြင်းနှစ်ဦးသဘောတူကတိစာချုပ် ချုပ်ဆိုခဲ့သော်လည်း ဦးပိုင်စိုးရကျော်အနေဖြင့် ပြီးစီးအောင်ဆောင်ရွက်ခဲ့ခြင်းမရှိခဲ့ပါ။ ကျွန်ုပ်တို့မိတ်ဆွေမှ ဆက်သွယ်အကြောင်းကြားကာ စောင့်ဆိုင်းခဲ့ပါသော်လည်း အဆက်အသွယ်ပြုလုပ်ခြင်း၊ အဆောက်အဦးအား ဆက်လက်ဆောက်လုပ်ပေးခြင်း တစ်စုံတစ်ရာမရှိခဲ့ပါ။ ထို့ကြောင့် အထက်ပါအဆောက်အဦးဆောက်လုပ်ခြင်းကိစ္စနှင့် ဦးပိုင်စိုးရကျော်မှာလုံးဝသက်ဆိုင်ခြင်းမရှိတော့ပါကြောင်းနှင့် ဦးပိုင်စိုးရကျော်မှ တစ်စုံတစ်ရာဝင်ရောက်စွက်ဖက်လာပါက ကျွန်ုပ်မိတ်ဆွေနစ်နာမှုများအတွက် တရားစွဲဆိုဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးထိန်လင်းသန်း
( LL.B, D.B.L, D.I.L, D.M.L )
တရားလွှတ်တော်ရှေ့နေ (စဉ်-၈၈၈၂)

ဒေါ်ပြည့်ပြည့်ဖြိုး
( LL.B, D.B.L, D.I.P.L )
တရားလွှတ်တော်ရှေ့နေ (စဉ်-၁၄၂၀၄)

ဖုန်း - ၀၉၅၅၀၄၂၆၅ ၊ ၀၉၄၅၀၀၁၇၁၃၆ ၊ ၀၉၄၂၈၀၂၀၃၆၉

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် (၉) ရပ်

၁။ နိုင်ငံရေး

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီ စနစ်နိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝ လုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ စီးပွားရေး

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီ ဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လူမှုရေး

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှု အထောက်အကူပြု ပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံး အကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသောလူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

❖ ကုန်ထုတ်လုပ်မှုနှင့် ပတ်သက်၍ သမဝါယမစနစ်ဖြင့်သွားသည့် ကုန်ထုတ်လုပ်မှုကို သွားနိုင်ရန်လို…

❖ မိမိတို့နိုင်ငံတွင် ယခင်က သမဝါယမစနစ်ကို ကျင့်သုံးခဲ့ပြီး အချို့ဖွံ့ဖြိုးပြီး နိုင်ငံများတွင်လည်း သမဝါယမစနစ်ကိုကျင့်သုံးလျက်ရှိ…

❖ သမဝါယမစနစ်ကို ကျင့်သုံးခြင်းဖြင့် လုပ်ငန်းများဆောင်ရွက်မှုကို ပိုမိုတိုးတက်စေမည်ဖြစ်ပြီး စုပေါင်းသမဝါယမစနစ်ကို ကျင့်သုံး၍ ဆောင်ရွက်ကြရန်လို…

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၃ ခုနှစ်၊ မတ်လ ၇ ရက်နေ့တွင် ပြုလုပ်သော ရှမ်းပြည်နယ်အတွင်းရှိ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး (MSME) လုပ်ငန်းရှင်များအား တွေ့ဆုံဆွေးနွေးမှုမှ ကောက်နုတ်ချက်)

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကို သတ်ဖြတ်၊ လုယက်ခြင်းကို CRPH ၊ NUG ၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လုသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH ၊ NUG ၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

## မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်နယ်မြေနှင့် အရှေ့မြောက်တိုင်းစစ်ဌာနချုပ်နယ်မြေအတွင်း နိုင်ငံတော်လုံခြုံရေးနှင့် ကာကွယ်ရေးတာဝန်များကို စွမ်းစွမ်းတမံထမ်းဆောင်လျက်ရှိသော လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် ပြည်သူလူထုက ဒံပေါက်ဘူးများပေးပို့လှူဒါန်း

နေပြည်တော် နိုဝင်ဘာ ၃

မြောက်ပိုင်းတိုင်း စစ်ဌာနချုပ်နယ်မြေနှင့် အရှေ့မြောက်တိုင်းစစ်ဌာနချုပ်နယ်မြေအတွင်း နိုင်ငံတော်လုံခြုံရေးနှင့် ကာကွယ်ရေးတာဝန်များကို စွမ်းစွမ်းတမံထမ်းဆောင်လျက်ရှိသော လုံခြုံရေး တပ်ဖွဲ့ဝင်များအတွက် စေတနာရှင် အလှူရှင်များက အလှူငွေများ ပေးအပ်လှူဒါန်းလျက်ရှိသည့်အပြင် ဒံပေါက်ဘူးများကိုလည်း ပေးပို့လှူဒါန်းလျက်ရှိသည်။ (ယာဘုံ)

ယနေ့တွင်လည်း စေတနာရှင်

စာမျက်နှာ ၁၁ ကော်လံ ၁ ❍



## ရခိုင်ယူနိုက်တက်ကို အနိုင်ယူပြီး လက်ရှိချန်ပီယံ ရှမ်းယူနိုက်တက် ဆက်လက်ဦးဆောင်

ရန်ကုန် နိုဝင်ဘာ ၃

၂၀၂၃ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ် (၁၉) စတုတ္ထနေ့ကို နိုဝင်ဘာ ၃ ရက်က သုဝဏ္ဏကွင်း၌ ဆက်လက်ကျင်းပရာ လက်ရှိချန်ပီယံ ရှမ်းယူနိုက်တက်အသင်းက ရခိုင်ယူနိုက်တက်အသင်းကို နှစ်ဂိုး - တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။

လက်ရှိချန်ပီယံ ရှမ်းယူနိုက်တက်အသင်းသည် နိုင်ပွဲထပ်မံရယူကာ ရမှတ် ၅၀ ဖြင့် ဇယားထိပ်ဆုံးတွင် ဆက်လက်ဦးဆောင်လျက်ရှိသည်။ ရှမ်းယူနိုက်တက်အသင်းသည် ယခုပွဲအနိုင်ရခဲ့သဖြင့် ရှုံးပွဲမရှိစံချိန်မှာ ၅၂ ပွဲအထိရှိလာပြီး ယခုရာသီတွင်လည်း ရှုံးပွဲမရှိစံချိန် ထပ်မံရရှိရန် အခြေအနေကောင်းလျက်ရှိသည်။

နှစ်သင်းစလုံး အမာခံကစားသမားအများစုဖြင့် ပွဲထွက်ခဲ့ပြီး ရှမ်းယူနိုက်တက် အသင်းတွင် နိုင်ငံခြားသား ကစားသမားအဖြစ် မိုတိုဟီရိုတစ်ဦးတည်းသာ

စာမျက်နှာ ၈ ကော်လံ ၅ ❑



ရှမ်းယူနိုက်တက်အသင်းနှင့် ရခိုင်ယူနိုက်တက်အသင်း ယှဉ်ပြိုင်စဉ်။

## ၂၀၂၃ ခုနှစ် ပြည်နယ်နှင့်တိုင်းဒေသကြီး တိုက်ကွမ်ဒိုပြိုင်ပွဲ ကျင်းပမည်

နေပြည်တော် နိုဝင်ဘာ ၃

အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံ တိုက်ကွမ်ဒို အဖွဲ့ချုပ်တို့ ပူးပေါင်းကျင်းပသည့် "၂၀၂၃ ခုနှစ် ပြည်နယ်နှင့် တိုင်းဒေသကြီး တိုက်ကွမ်ဒိုပြိုင်ပွဲ"ကို နိုဝင်ဘာ ၇ ရက်မှ ၁၁ ရက်အထိ နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိ အားကစားရုံ (A)၌ ကျင်းပပြုလုပ်သွားမည်ဖြစ်ပြီး ပြိုင်ပွဲဝင်အမျိုးသား အသင်း ၁၅ သင်း၊ အမျိုးသမီးအသင်း ၁၅ သင်း ဝင်ရောက်ယှဉ်ပြိုင်သွားကြမည်ဖြစ်၍ အားကစားကိုစိတ်ပါဝင်စားသည့် မိဘပြည်သူများအနေဖြင့် မည်သူမဆို (အခမဲ့) လာရောက်ကြည့်ရှု အားပေးနိုင်ကြောင်း သိရသည်။

သတင်းစဉ်

### ယနေ့ သတင်းအညွှန်း

KIA အဖွဲ့အနေဖြင့် ကချင်ပြည်နယ်အတွင်းရှိ စစ်ရေးနှင့်မသက်ဆိုင်သော ရထားလမ်း၊ ကားလမ်းများနှင့် တံတားများအား မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခြင်း၊ နယ်မြေလုံခြုံရေးစခန်းငယ်များအား အလစ်အငိုက်ဝင်ရောက်တိုက်ခိုက်ခြင်းများ ဆောင်ရွက်လာသဖြင့် တပ်မတော်မှ လိုအပ်သည့်တုံ့ပြန်မှုများ ဆောင်ရွက်

ပြည်တွင်းသတင်း စာ ၃